မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၅၉)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၂၁ ရက်၊ စနေနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဘီးလင်းမြစ်ကြောင်းအား စနစ်တကျထိန်းသိမ်းရန် မြစ်ကြောင်းတိုင်းတာခြင်းကို ဆောင်ရွက်မည်

နေပြည်တော်　ဇွန်　၂၀

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ် (၇) ခုဖြင့် ကျင်းပသည်။

မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း အစီအစဉ်တွင် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး၏ **"ခိုင်းနွားဈေးနှုန်းဆမြင့်တက်လာ၍ တောင်သူများအခက်အခဲရှိနေသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့ကြိုတင်ဆောင်ရွက်နေသည်ကိုသိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဝန်ကြီးဌာနအနေဖြင့် ခိုင်းကျွဲ၊ ခိုင်းနွားများအား စစ်ဆေးချက်မပါဘဲ နယ်မြေဖြတ်ကျော်သွားလာသယ်ဆောင်မှုများကို ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ကျွဲ၊ နွား မွေးမြူသူပိုင်ရှင်များအား တိရစ္ဆာန်မှတ်ပုံတင်မှတ်တမ်း၊ တိရစ္ဆာန်မွေးမြူရေးခြံ မှတ်ပုံတင်မှတ်တမ်းများ မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး *စာမျက်နှာ ၇ ကော်လံ ၁* ■

အမျိုးသားလွှတ်တော်အစည်းအဝေး

မြန်မာအလုပ်သမားများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဆိုင်ရာမူဝါဒကို ချမှတ်ဖော်ဆောင်နေ

နေပြည်တော်　ဇွန်　၂၀

အလုပ်သမားစေလွှတ်သည့်နိုင်ငံနှင့် လက်ခံသည့်နိုင်ငံက အစိုးရ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများအကြား ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေရသည့်အခက်အခဲများကို ဖြေလျှော့နိုင်ရန်၊ ကောင်းမွန်လုံခြုံစိတ်ချရသည့် လုပ်ငန်းခွင်ဖြစ်စေရန်၊ ခွဲခြားဆက်ဆံမှုမရှိစေရန်နှင့်ခေါင်းပုံဖြတ်မခံရစေရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းညှိနှိုင်းဆွေးနွေးမှုများပြုလုပ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်းဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ မေးခွန်းနှင့်စပ်လျဉ်း၍ဖြေကြားရာ၌ ထည့်သွင်းရှင်းလင်းခဲ့သည်။

မေးခွန်းမှာ **"ASEAN နိုင်ငံများ၏ ရွှေ့ပြောင်းလုပ်သားများအတွက် မူဝါဒအရ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများကို သက်ဆိုင်ရာတိုင်းပြည်များမှ ဆောင်ရွက်ပေးရန် တိုက်တွန်းဆွေးနွေးမှုများ ရှိ /မရှိ"** မေးခွန်းဖြစ်ပြီး ဒုတိယဝန်ကြီးက *စာမျက်နှာ ၇ ကော်လံ ၁* ❀

ဖြေလျှော့ပေးနေသော်လည်း ခွင့်ပြုချက်မတောင်းခံသည့် အဆောက်အအုံအရေအတွက်များလာသည်ကို တားဆီးအရေးယူမည်

ရန်ကုန်　ဇွန်　၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် လူနေထူထပ်လာသည်နှင့်အမျှ နေထိုင်မှုအဆင်ပြေစေရေးအတွက် အဆောက်အအုံများဆောက်လုပ်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးနေသော်လည်း ခွင့်ပြုချက်မရှိသည့် အဆောက်အအုံတည်ဆောက်မှုများ ပိုမိုများပြားလာလျက်ရှိခြင်းကြောင့် တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူသွားမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနမှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခွင့်နှင့်ပတ်သက်ပြီး စာရွက်စာတမ်းအထောက်အထားလိုအပ်ချက်များ ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည့်အပြင် ဆောက်လုပ်ခွင့်နှင့်ပတ်သက်သည့် စည်းကမ်းချက်များ၊ တင်ပြရန် ကြာမြင့်ချိန်များကိုလည်း အလွယ်တကူလုပ်ကိုင်နိုင်စေရန် မူဝါဒများ ပြောင်းလဲချမှတ်ပေးလျက်ရှိကြောင်း *စာမျက်နှာ ၈ ကော်လံ ၅* ❊

သတင်း-သွန်းဝသန်
ဓာတ်ပုံ-မေဦးမိုး

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အဆောက်အအုံဟောင်းတစ်ခုအား ခွင့်ပြုချက်ဖြင့် ပြန်လည်ပြုပြင်နေသည့် လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ယနေ့ မာတိကာ

ကမ္ဘာ့တစ်ဝန်း စစ်ပြေးဒုက္ခသည် သန်း ၅၀ ကျော် ဒုတိယကမ္ဘာစစ်အပြီး အမြင့်ဆုံးသို့ရောက်ရှိ　စာမျက်နှာ » ၄

ကမ္ဘာ့ဖလားမှ စပိန်ထွက်ခဲ့ရမှု ဘောလုံးလောကစိုးမိုးမှု အဆုံးသတ်ဟုဆို　စာမျက်နှာ » ၅

ရန်ကုန်မြို့တွင်း ယာဉ်ထိန်းရဲအင်အား ၁၀၀ ထပ်မံဖြည့်ဆည်းပေးသွားမည်　စာမျက်နှာ » ၁၀

ဘယ်လ်ဂျီယံအခြေစိုက် ခရီးသွားမှတ်တမ်းရိုက်ကူးရေးအဖွဲ့ ပိုးကျားဆင်စခန်း၌ မှတ်တမ်းရိုက်ကူး　စာမျက်နှာ » ၁၂

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်သူဗဟိုပြု ပြည်သူ့ဆေးရုံ

ဆေးရုံဆေးခန်းများတွင် ပြည်သူတို့ဖြစ်စေချင်သော ဆန္ဒကို ပြောပါဆိုလျှင် အခြေခံအားဖြင့် အချက်သုံးချက်ကို စဉ်းစားမိပါသည်။ ယင်းတို့သည်ကား ကောင်းမွန်သောဝန်ဆောင်မှုဖြစ်ခြင်း၊ မိမိတို့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော စရိတ်စကဖြင့် ကုသမှုခံယူနိုင်ခြင်းနှင့် ကုသမှု ထိရောက်မှုရှိခြင်းတို့ဖြစ်ပါသည်။ ဤအချက်များနှင့် ပြည့်စုံသော ဆေးရုံဆေးခန်းများသည် ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်သည့် ပြည်သူဗဟိုပြုပြည်သူ့ဆေးရုံများပင်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် ဒီမိုကရေစီစနစ်ကို ဦးတည်ဆောင်ရွက်လျက်ရှိသည့်အလျောက် နေရာတိုင်းတွင် ပြည်သူ့ဆန္ဒအလေးထားပြီး ပြည်သူကို ဗဟိုပြုပြီး ဖော်ဆောင်လျက်ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ပြည်သူဗဟိုပြုဖော်ဆောင်လျက်ရှိပါ သည်။ ပြည်သူတို့၏ ယုံကြည်အားကိုးရသည့် ပြည်သူ့ဆေးရုံ ကောင်းများအဖြစ် ရပ်တည်လာနိုင်ရမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ဆေးရုံဆေးခန်းများ ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ ဖြည့်ဆည်းပေးနိုင်ရန် ကျန်းမာရေးအသုံးစရိတ်များ တိုးမြှင့်ချထားပေးလျက်ရှိပါသည်။

ဤသို့ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိရာတွင် သန့်ရှင်းကောင်းမွန်သော ဆေးရုံဆေးခန်းများအပြင် လိုအပ်သည့် ဆရာဝန်၊ သူနာပြုများ အလုံအလောက် ဖြည့်ဆည်းပေးရန်နှင့် ဆေး၊ ဆေးပစ္စည်းများပြည့်စုံစွာ ထားရှိပေးရန်တို့လည်း ပါဝင်ပါသည်။ ဆေးရုံ ဆေးခန်းများသည်လူတို့၏ စိတ်ညစ်ညူးဖွယ်ရာ နေရာများမဖြစ်စေဘဲ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဝန်ဆောင်မှုသည် အရေးကြီးဆုံးဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆေးရုံတွင် အဆောက်အအုံ လူနာဆောင်မလုံလောက်မှုများကို ရှိနေသည့် အဆောင်ဟောင်းအလွတ်များကို ပြုပြင်ခြင်း၊ ဆေးရုံဆောင်အတွင်း အမြင်တင့်တယ်အောင် ဆေးသုတ်ခြင်း၊ ဟောင်းနွမ်းခုတင်နှင့် လူနာသုံး Locker များ ဆေးသုတ်ခြင်း၊ လူနာဝတ်စုံ ယူနီဖောင်း၊ မွေ့ရာများဖြင့် ဖြည့်ဆည်းပေးခြင်း၊ ခေါင်းအုံးစွပ်၊ အိပ်ရာခင်းများလဲလှယ်ပေးခြင်း၊ သန့်ရှင်းသော ရေအိမ်များ လုံလောက်အောင် ထားရှိပေးခြင်းစသည်တို့အပြင် အခြားသင့်လျော်သော မိမိတို့၏ စိတ်ကူးအကြံဉာဏ်များဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နယ်ဝေးဒေသမှ ဆေးရုံလာတက်သော လူနာများ၏ လူနာစောင့်များအတွက် နေရာထိုင်ခင်း စီစဉ်ပေးခြင်း၊ မျှတသည့်ဈေးနှုန်းဖြင့် စားသောက်ဆိုင်ခန်းများ စီစဉ်ပေးခြင်းများကို ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လူနာနှင့်လူနာစောင့်များအား မိမိတို့၏ ဆွေမျိုးသားချင်းများကဲ့သို့ စဉ်းစားလိုက်ပါက လိုအပ်ချက်များကို ယခင်ကထက် ပိုမိုဖြည့်ဆည်းလာနိုင်မည်ဖြစ်ပါကြောင်း ဇွန် ၁၉ ရက်က ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေး၌ ပြောကြားခဲ့ပါသည်။

ဤကဲ့သို့ ဝန်ဆောင်မှုကောင်းများ ပြည့်ဝစွာ ဖြည့်ဆည်းပေးလာနိုင်သည်နှင့်အမျှ ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ရရှိကာ ပြည်သူဗဟိုပြုပြည်သူ့ဆေးရုံများအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ခရီးသွားလုပ်ငန်း ကြိုတင်ခန့်မှန်းခြင်းနှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှု၊ ဩစတြေးလျနိုင်ငံ အခြေစိုက် Institute of International Development (IID)၏ ပံ့ပိုးကူညီမှုဖြင့် ခရီးသွားလုပ်ငန်း ကြိုတင်ခန့်မှန်းခြင်းနှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိဟိုတယ်ဇုန်ရှိ စံချိန်ဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ခရီးစဉ်ဒေသအလိုက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်နေကြသော အရာထမ်းများအနေဖြင့် ဂရုပြုကြိုးစားသင်ယူ လေ့လာသွားကြရန်နှင့် သင်တန်းမှ လေ့လာတွေ့ရှိချက်များကို မိမိ ဝန်ထမ်းများနှင့် ပုဂ္ဂလိကနယ်ပယ်အတွင်းမှ လုပ်ဖော်ကိုင်ဖက်များအား ပြန်လည်မျှဝေကြရန် ပြောကြားသည်။

ထို့နောက် Institute of International Development (IID) မှ ဌာနေကိုယ်စားလှယ်နှင့် Heritage and Development Consultant, Mr. Micheal Haynes က သင်တန်းဖွင့်လှစ်ပို့ချပေးရခြင်း ရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသများတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်နေကြသော အရာထမ်း ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းပြင်ပရောက် အမျိုးသမီးငယ်များအား စက်ချုပ်ပညာသင်ကြားပေး

သံဖြူဇရပ် ဇွန် ၂၀

ကျောင်းနေအရွယ် အမျိုးသမီးငယ်များသည် အခြေအနေအကြောင်း အမျိုးမျိုးကြောင့် အခြေခံပညာဆက်လက်သင်ကြားနိုင်ခြင်း မရှိသည့်အခါ ၎င်းတို့၏ လူမှုဘဝမြှင့်တင်ပေးနိုင်ရေးနှင့် အလုပ်အကိုင်၊အခွင့်အလမ်းများ ပေါ်ထွက်လာစေရေးအတွက်ရည်ရွယ်၍ မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အိမ်တွင်းမှုအသက်မွေးလုပ်ငန်းပညာ သင်ကျောင်းမှ တာဝန်ရှိသူများ၏ စီစဉ်မှုဖြင့် သံဖြူဇရပ်မြို့တွင် အမျိုးသမီးစက်ချုပ်ပညာ အခြေခံနှင့်အဆင့်မြင့်သင်တန်းကို ဝေါလ်ဗီးရှင်း(မြန်မာ) လူမှုရေးအဖွဲ့နှင့် ပူးပေါင်း၍ မေ ၅ ရက်မှ ဇူလိုင် ၂၆ ရက်အထိ တတိယသုတ်အဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ မွန်ပြည်နယ် အိမ်တွင်းမှုအသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)မှ စက်ချုပ်သင်တန်း သရုပ်ပြဆရာမ ဒေါ်ဆွေဆွေမာက "ကျောင်းဆက်မနေနိုင်တဲ့ ကျေးလက်ဒေသက အမျိုးသမီးငယ်များရဲ့ လူမှုဘဝတိုးတက်မြင့်မားစေရေး၊ မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှရှာဖွေပေးနိုင်ပြီး ဆင်းရဲမှုလျှော့ချရေးအတွက် စက်ချုပ်ပညာအခြေခံနှင့် အဆင့်မြင့် သင်တန်းကို တစ်ကြိမ်လျှင် လူဦးရေ၂၀ လက်ခံပြီး သင်ကြားမှုကာလ နှစ်လကြာ ကျွမ်းကျင်စွာ တတ်မြောက်သည်အထိ သင်ကြားပေးခဲ့ပါတယ်၊ လက်တွေ့ဆောင်ရွက်ရာမှာ လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းများ၊ ကျေးရွာမှလာရောက်ရသည့်အတွက် နေ့စဉ်ခရီးစရိတ်များ ပံ့ပိုးကူညီပေးလို့ သင်တန်းသူတွေအတွက် အခက်အခဲမရှိ သင်ကြားနိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့ပြီး သင်တန်းသူ ကရင်တိုင်းရင်းသူ မညွန့်တင်နှင့် ပငကျေးရွာမှ မွန်တိုင်းရင်းသူ မဝေဝေလင်းတို့က "သမီးတို့ ခြောက်တန်းလောက်သာ ကျောင်းနေခဲ့ရပြီး မိဘတွေကလည်း စီးပွားရေးအဆင်မပြေပါဘူး၊ မိသားစုအတွက် ဝင်ငွေရအောင် အလုပ်လုပ်ချင်ပါတယ်၊ စက်ချုပ်ပညာသင်ဖို့ကလည်း ပြင်ပမှသင်တန်းကြေး ငွေကျပ်နှစ်သိန်းလောက် ပေးရတော့ သမီးတို့ မသင်နိုင်ပါဘူး"ဟု ပြောကြားခဲ့သည်။

အဆိုပါ ဖွင့်လှစ်သည့် စက်ချုပ်ပညာသင်တန်းသည် ယခုနှစ်အတွင်း တတိယအသုတ် ဖွင့်လှစ်ခြင်းဖြစ်ပြီး အမျိုးသမီးစက်ချုပ်သင်တန်းကို လေးကြိမ်နှင့် ကျေးလက်ဒေသမှ အမျိုးသားလူငယ်များအတွက်လည်း အခြားသော အသက်မွေးမှုပညာရပ်များကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဝင်း(သံဖြူဇရပ်)

စိတ်ခွန်အားဖြည့် သုတစာစုများ

စာရေးဆရာမ အေးဖြူရေးသားသော "**စိတ်ခွန်အားဖြည့် သုတစာစုများ**" စာအုပ်တွင် ဆောင်းပါးများကို စုစည်းထုတ်ဝေထားရာ "**မိသားစုမှသည် လုပ်ငန်းခွင်ဆီ...**"ဆိုသည့် သဘောပါအောင် မိသားစုဆိုင်ရာနှင့် ကလေးငယ်များ ပညာရေးနှင့် ပတ်သက်သည့် စာစုများကို လူငယ်များ အလုပ်ခွင်ဝင်ကြသောအခါ ကြုံတွေ့ရမည့် သတိထားစရာများအဖြစ် ဖော်ပြထားသောကြောင့် ဖတ်ရှုသင့်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။



ဖြန့်ချိရေး - ချမ်းသာစာပေ
တန်ဖိုး - ငွေကျပ် ၂၀၀၀

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
တင်ဒါအမှတ် ၁/၂၀၁၄

၁။ ရခိုင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံအထူးအဖွဲ့(၈)၊ စစ်တွေမြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် လမ်း-တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၆-၂၀၁၄ ရက်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃-၇-၂၀၁၄ ရက်၊ နံနက် ၁၀:၀၀ နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃-၇-၂၀၁၄ ရက်၊ မွန်းလွဲ ၂ နာရီ
၄။ **တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စစ်တွေမြို့။

၅။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အအုံအထူးအဖွဲ့(၈)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဒု-အင်ဂျင်နီယာမှူးကြီးရုံးတွင် ရုံးအချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၃-၂၃၀၅၆

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

CLAIMS DAY NOTICE
M.V ASIAN LEADER VOY:NO(48)

Consignees of cargo carried by M.V ASIAN LEADER VOY:NO.(48) are here by notified that the vessel will arrive on about 23-6-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

CLAIMS DAY NOTICE
M.V CITY OF MUMBAI VOY:NO(8)

Consignees of cargo carried by M.V CITY OF MUMBAI VOY:NO.(8) are here by notified that the vessel will arrive on about 23-6-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးများ နိုင်ငံတော်၏ကဏ္ဍစုံ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများနှင့် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောရေးရာနှင့် ကျန်းမာရေးဆိုင်ရာများ ဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အားကစားခန်းမ၌ ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ သစ်တောသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မော်ကွန်းထိန်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံပွဲတွင် ဆွေးနွေးမှာကြားစဉ်။

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်တို့သည် ယနေ့ နံနက် ၉ နာရီတွင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် အားကစားခန်းမ၌ ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်၊ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောတက္ကသိုလ်သုံးခုနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သစ်တောသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မော်ကွန်းထိန်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ နိုင်ငံတော်၏ ကဏ္ဍစုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍဆိုင်ရာများကို ဆွေးနွေးမှာကြားကြသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တက္ကသိုလ်နယ်မြေ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆရာဝန်ခန့်ထားရန် လိုအပ်ချက်၊ တက္ကသိုလ်နယ်မြေအတွင်း အသုံးအဆောင်များ၊ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ လွယ်လင့်တကူဝယ်ယူရရှိရေးအတွက် မီနီမတ်ကက်တစ်ခု ဖွင့်လှစ်ရန်လိုအပ်ချက်၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ လေ့ကျင့်သင်ကြားရေးအတွက် အထောက်အကူပြုဝိုင်ဖိုင်(အင်တာနက်) စနစ်လိုအပ်ချက်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်း ရှင်းလင်းပြောကြားသည်။ တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရေဆင်းတက္ကသိုလ်တိုက်နယ်ဆေးရုံကို စစ်ဆေးကြည့်ရှုပြီး ဆရာဝန်များ၊ သူနာပြုဆရာများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တက္ကသိုလ်နယ်မြေ၏ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီအား ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီအမည်သို့ ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၂၁/၂၀၁၄)
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်)
မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီအား
ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီအမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၈)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**သည် ယင်းပါတီ၏ အမည်ကို **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီစိစစ်ပြီး ပါတီ၏ အမည်ကိုပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**အား ၂၀-၆-၂၀၁၄ ရက်နေ့မှစ၍ **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၂၀/၂၀၁၄)
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်)
တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၆)ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၁)နှင့် ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၄၈/၂၀၁၂) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

မကွေးတိုင်းဒေသကြီးလွှတ်တော်

(၁)	ကြည်း ၂၈၅၃၂ ဗိုလ်မှူး မိုးကျော်ထွန်း	(အစား)	ကြည်း ၂၉၉၈၉ ဗိုလ်ကြီး တင်ဌေး

ရခိုင်ပြည်နယ်လွှတ်တော်

(၂)	ကြည်း ၃၃၁၃၄ ဗိုလ်မှူး ညဏ်လင်းမောင်	(အစား)	ကြည်း ၁၆၅၁၇ ဗိုလ်ချုပ် မောင်မောင်အုန်း
(၃)	ကြည်း ၃၄၃၄၅ ဗိုလ်မှူး ကျော်မျိုးထွန်း	(အစား)	ကြည်း ၄၈၃၅၂ ဗိုလ်ကြီးကျော်သူ

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

(၄)	ကြည်း ၃၅၇၄၄ ဗိုလ်မှူး အာကာကျော်ဆွေ	(အစား)	ကြည်း ၃၅၁၃၂ ဗိုလ်ကြီး ခင်မောင်ဝင်း
(၅)	ကြည်း ၃၆၂၀၄ ဗိုလ်မှူး ထွန်းလင်းတာ	(အစား)	ကြည်း ၂၉၄၀၃ ဗိုလ်ကြီး အောင်မြတ်ဝင်း
(၆)	ကြည်း ၂၈၄၇၀ ဗိုလ်ကြီးသက်နိုင်ဦး	(အစား)	ကြည်း ၃၂၄၆၉ ဗိုလ်ကြီးသန်းမြင့်

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၀

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဥပဒေပြုကောင်စီဥက္ကဋ္ဌ ISA BIN IBRAHIM ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ဇွန် ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် 6th AIPA Caucus အစည်းအဝေးသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော် အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ရီခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော ပြည်ထောင်စုလွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းဦးလည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်း

ပျဉ်းမနား ဇွန် ၂၀

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ခုတင် ၂၀၀ ဆေးရုံ၌ ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီက ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲကို နေပြည်တော်ကောင်စီနယ်မြေအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး ဦးဆောင်၍ လှူဒါန်းကြသည်။

သွေးလှူဒါန်းပွဲတွင်နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့မှ သွေးလှူဒါန်းသူ ၃၂ ဦးနှင့် ပြည်သူများက သွေးလှူဒါန်းခဲ့ကြသည်။ သွေးလှူရှင်များကို နေပြည်တော်ကောင်စီအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက နွားနို့၊ ကြက်ဥ၊ ကွေကာအုပ်၊ ခေါက်ဆွဲခြောက်၊ ငှက်ပျောသီးများ လှူဒါန်းပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်လှလှကြည်၊ ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်၊ ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်အဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီလုပ်ငန်းအဖွဲ့များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂၀

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၏ အပတ်စဉ်ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ ၂၀၁၄ ခုနှစ် အမျိုးသားပညာရည်မြှင့်မားရေးအတွက် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေး(အဆင့်မြင့်ပညာကဏ္ဍ)နှီးနှောဖလှယ်ပွဲကျင်းပရေး အစီအစဉ်များနှင့် ဆွေးနွေးညှိနှိုင်းမည့်စာတမ်းများအပေါ် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားပညာရေးဥပဒေပေါ်ထွန်းလာပြီးနောက် ဆက်လက်ရေးဆွဲရမည့် အဆင့်မြင့်ပညာရေးဥပဒေနှင့် ပုဂ္ဂလိကတက္ကသိုလ်ဥပဒေတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ကမ္ဘာတစ်ဝန်း စစ်ပြေးဒုက္ခသည် သန်း ၅၀ ကျော် ဒုတိယကမ္ဘာစစ်အပြီး အမြင့်ဆုံးသို့ရောက်ရှိ

ကုလသမဂ္ဂ ဇွန် ၂၀

စစ်ပွဲများကြောင့် နေအိမ်စွန့်ခွာထွက်ပြေးကြရသူများ အရေအတွက်သည် ကမ္ဘာတစ်ဝန်း ၂၀၁၃ ခုနှစ်က သန်း ၅၀ ကျော်ရှိခဲ့ကြောင်း၊ ယင်းမှာ ဒုတိယကမ္ဘာစစ်အပြီး အများဆုံးစစ်ပြေးဒုက္ခသည်ဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)က ပြောသည်။

စုစုပေါင်း ကမ္ဘာတစ်ဝန်း နေအိမ်စွန့်ခွာထွက်ပြေးကြရသော ဒုက္ခသည်ပေါင်း ၅၁ ဒသမ ၂ သန်းရှိရာ ၂၀၁၃ ခုနှစ် မတိုင်မီကထက် ခြောက်သန်းကျော် မြင့်တက်လာကြောင်း UNHCR မှ ထုတ်ပြန်သော အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြသည်။

“ဒီလိုစစ်ပြေးဒုက္ခသည်တွေ တိုးတက်လာတာကတော့ အကူအညီပေးရေးအဖွဲ့အစည်းတွေမှာ တကယ့်စိန်ခေါ်မှု တစ်ရပ်ပါပဲ” ဟု UNHCR အကြီးအကဲ အန်တိုနီယိုဂူတာရက်က ဘီဘီစီသို့ ပြောသည်။

ဆီးရီးယား၊ ဗဟိုအာဖရိကနှင့် တောင်ဆူဒန်ပဋိပက္ခများကြောင့် စစ်ပြေးဒုက္ခသည်အရေအတွက်သည် သိသိသာသာ တိုးလာကြောင်းဖြင့်လည်း ၎င်းက ပြောသည်။

“ပဋိပက္ခတွေက တိုးတိုးလာတယ်။ နဂိုရှိတဲ့ ပဋိပက္ခတွေကလည်း လျော့သွားတာမတွေ့ရဘူး”ဟု ၎င်းက ပြောသည်။ လွန်ခဲ့သည့် နှစ်များအတွင်း ဒုက္ခသည် ၆ ဒသမ ၃ သန်းခန့် တိုးလာသည်မှာ စိုးရိမ်စရာဖြစ်လာသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

အီရတ်သို့ စစ်ဘက်အကြံပေးတပ်ဖွဲ့ဝင် ၃၀၀ အမေရိကန်စေလွှတ်

ဝါရှင်တန် ဇွန် ၂၀

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အစ္စလာမ္မစ်ဦးဆောင်သော အကြမ်းဖက်သမားများအား တိုက်ခိုက်ရာတွင် ကူညီရန် အီရတ်သို့ စစ်ဘက်အကြံပေး ၃၀၀ စေလွှတ်မည်ဟု ဆိုသည်။

အမေရိကန်က အီရတ်တွင် စစ်ရေးပြင်ဆင်မှုအတွက် ကူညီပေးရန် ပြင်ဆင်ထားကြောင်း၊ သို့ရာတွင် အမေရိကန် တပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်နိုင်ငံ၌ တိုက်ခိုက်ရေးတွင် ပါဝင်မည်မဟုတ်ကြောင်း သမ္မတအိုဘားမားက ပြောသည်။

ယင်းမှာစစ်ရေးကို ရွေးချယ်လိုက်ခြင်းမဟုတ်ကြောင်း၊ ရှီးယိုက် ဦးဆောင်သော အီရတ်အစိုးရကို လိုအပ်သလို ကူညီပေးရန်သာဖြစ်ကြောင်း ၎င်းက အခိုင်အမာပြောသည်။

သို့ရာတွင် အီရတ်အစိုးရက ဆွန်နီစစ်သွေးကြွများအား လေကြောင်းမှ တိုက်ခိုက်ရာတွင် အမေရိကန်ကို အကူအညီတောင်းခံထားသည်။

အမေရိကန် အထူးတပ်ဖွဲ့နှင့် စစ်ဘက်အကြံပေးများသည် ဘဂ္ဂဒက်ရှိ အီရတ်စစ်ဌာနချုပ်နှင့် မြောက်ပိုင်းဒေသစစ်ဌာနချုပ်များသို့ သွားရောက်ကာ စစ်ဘက်အကြံပေးလုပ်ငန်းများ ဆောင်ရွက်မည်ဟုဆိုသည်။ **(ဘီဘီစီ)**

ယူကရိန်းတပ်ဖွဲ့ဝင်များနှင့် ခွဲထွက်ရေးသမားများ တိုက်ပွဲပြင်းထန်စွာဖြစ်ပွား၍ ဆုံးရှုံးမှုများပြား

ကိယက်ဗ် ဇွန် ၂၀

ယူကရိန်းတပ်ဖွဲ့ဝင်များနှင့် ရုရှားကို လိုလားသော ခွဲထွက်ရေးသမားများသည် ကြာသပတေးနေ့က ယူကရိန်းအရှေ့ပိုင်း၌ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားခဲ့ရာ ခွဲထွက်ရေးသမားများ ထိခိုက်ဆုံးရှုံးမှုများပြားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယူကရိန်းသမ္မတ ပိုရိုချန်ကိုက နှစ်လကျော်ကြာ ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများကို အဆုံးသတ်ရန် စီစဉ်ထားသည်ဟု ဆိုသော်လည်း အစိုးရတပ်များက လက်နက်ကြီးများ အသုံးပြုတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

သမ္မတပိုရိုချန်ကို၏ ငြိမ်းချမ်းရေးအစီအစဉ်အရ ခွဲထွက်ရေးသမားများက လက်နက်ချရန် ငြင်းဆိုနေသည့်အတွက် ယင်းကဲ့သို့ တိုက်ပွဲဖြစ်ပွားရခြင်းဖြစ်ကြောင်း အစိုးရတပ်များက ပြောကြားသည်။

အဆိုပါ တိုက်ပွဲတွင် အစိုးရဘက်မှရော ခွဲထွက်ရေးသမားများကပါ တင့်ကားကဲ့သို့ လက်နက်ကြီးများ အသုံးပြုတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ ယင်းတိုက်ပွဲတွင် ခွဲထွက်ရေးသမား ၄၀၀၀ ပါဝင်ခဲ့သည်ဟု ဆိုသည်။ ယူကရိန်းအမြောက်တပ်မှ တင့်ကား ၂၀ နှင့် အခြားလက်နက်ကြီးယန္တရားတပ်များဖြင့် ခရာနီလီမန်မြို့အရှေ့ဘက်ခုနစ်မိုင်အကွာ ရမ်ပီးလ်ရွာတွင် ဖြစ်ပွားခဲ့သည်။ ယင်းတိုက်ပွဲတွင် ခွဲထွက်ရေးသမားများဘက်မှ လက်နက်များ အပါအဝင်အကြီးအကျယ်ဆုံးရှုံးခဲ့ရကြောင်း ခွဲထွက်ရေးထိပ်တန်းတပ်မှူး အီဂေါစထီကော့ဗ်က ပြောသည်။

(ရိုက်တာ)

ထောင်ပေါင်းများစွာသော ပါကစ္စတန်ပြည်သူများ အစိုးရတပ်များ၏ စစ်ဆင်ရေးကြောင့် နေအိမ်စွန့်ခွာထွက်ပြေး

အစ္စလမ္မာဘတ် ဇွန် ၂၀

ထောင်ပေါင်းများစွာသော ပါကစ္စတန်ပြည်သူများသည် နိုင်ငံ၏ အနောက်မြောက်ပိုင်း လူမျိုးစုဒေသများ၌ စစ်တပ်က စစ်ဆင်ရေးပြုလုပ်ခဲ့သည့်အတွက် နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

မြောက်ဝါဇီရစ္စတန် မီယာအလီမြို့မှ ပြည်သူ ၃၀၀၀ ခန့်သည် နံနက်ပိုင်းကတည်းက ဘန်နူဒေသသို့ ထွက်ပြေးတိမ်းရှောင်လာကြောင်း ဒေသတာဝန်ရှိသူ အာရှာခမ်း၏ ပြောကြားချက်ကို အေအက်ဖ်ပီက ကိုးကား ဖော်ပြသည်။

စစ်ဆင်ရေး စတင်ကတည်းက မြောက်ဝါဇီရစ္စတန်မှ ထွက်ပြေးလာသူ ၉၂၀၀၀ ရှိပြီဖြစ်ကြောင်း၊ လူပေါင်း ၁၃၀၀၀၀ကျော် ထွက်ပြေးရမည့် အနေအထားရှိကြောင်း ခမ်းက ပြောသည်။

ပါကစ္စတန်တပ်မတော်က ဇွန် ၁၅ ရက်မှစတင်ကာ အာဖဂန်နယ်စပ်အနီး မြောက်ဝါဇီရစ္စတန်၌ တာလီဘန်လိုလားသော စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်လျက်ရှိသည်။

ယင်းစစ်ဆင်ရေးတွင် လေတပ်၊ အမြောက်တပ်နှင့် ကြည်းတပ်တို့ ပါဝင်တိုက်ခိုက်နေခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

မွတ်စလင်ညီနောင်များ အဖွဲ့ဝင် ၁၄ ဦး အီဂျစ်တရားရုံးက သေဒဏ်ချမှတ်

ကိုင်ရို ဇွန် ၂၀

အီဂျစ်တရားရုံးက မွတ်စလင်ညီနောင်များအဖွဲ့ ခေါင်းဆောင်တစ်ဦးနှင့် ၎င်း၏အဖွဲ့ဝင် ၁၃ ဦးတို့ကို ဂီဇာဗလီအပြင်ဘက် အကြမ်းဖက်မှုများဖြင့် သေဒဏ်စီရင်လိုက်ကြောင်း နိုင်ငံပိုင်သတင်းဝက်ဘ်ဆိုက် အာရမ်က ဖော်ပြသည်။

၎င်းတို့အား ခုနစ်နာရီကြာ ကြားနာစစ်ဆေးခဲ့ပြီး သေဒဏ်စီရင်လိုက်သည်ဟုဆိုသည်။ သို့သော်လည်း အယူခံဝင်ခွင့်ရှိပြီး ဩဂုတ်လ အစောပိုင်းတွင် အယူခံဝင်နိုင်သည်ဟု ဆိုသည်။

အဆိုပါ သေဒဏ်ချမှတ်ခံရသူများတွင် မွတ်စလင်ညီနောင်များအဖွဲ့ခေါင်းဆောင် မိုဟာမက်ဆာဒီ၊ ထိပ်တန်းအဖွဲ့ဝင် မိုဟာမက်အယ်လ်ဘယ်တာဂျီ၊ ရှေ့နေဟောင်း အက်ဆမ်အယ်လ်အာရမ်တို့ပါဝင်သည်။

သမ္မတဟောင်း မော်စီကို ဖြုတ်ချပြီးကတည်းက အီဂျစ်နိုင်ငံ၌ မငြိမ်သက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။ မော်စီကို ထောင်ဖောက်မှု၊ ဆန္ဒပြသူများအား သတ်ဖြတ်ရန် အမိန့်ပေးမှု၊ သူလျှိုလုပ်မှုနှင့် တရားရေးအဖွဲ့အား စော်ကားမှုတို့ဖြင့် တရားစွဲဆိုထားသည်။ **(ပရက်စ်တီဗွီ)**

ဘူလ်ဂေးရီးယားဆိပ်ကမ်းမြို့ ရေလွှမ်းမိုးမှု ၁၀ ဦးထက်မနည်းသေဆုံး

ဆိုဖီယာ ဇွန် ၂၀

ဘူလ်ဂေးရီးယားနိုင်ငံအရှေ့ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ဗာနာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေများ ၃ ဒသမ ၂ ပေ အထိ တလိမ့်လိမ့်တက်လာခဲ့ရာ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး များစွာသောလူများ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု အရာရှိများက ပြောကြားသည်။

ယခုရက်ပိုင်းအတွင်း ဘူလ်ဂေးရီးယားဒေသအနှံ့အပြား၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးသီးများ ကျခဲ့ကြောင်း၊ ရာသီဥတုအခြေအနေဆိုးရွားမှုသည် ဆက်လက်ဖြစ်ပွားနေမည်ဖြစ်ကြောင်း မိုးလေဝသခန့်မှန်းသူများက ပြောသည်။ ဗာနာနှင့် ဘာဂတ်စ်ဒေသများတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်းရွာသွန်းခဲ့သော မိုးရေချိန်ပမာဏသည် မိုးရေချိန်အများဆုံးလ၏ ပမာဏနှင့် အတူတူပင်ဖြစ်သည်ဟု ဆိုသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် ဘူလ်ဂေးရီးယားအလယ်ပိုင်း ကီလီဖာရီဗိုမြို့၌ ရေဘေးဒုက္ခသည် ၁၁ ဦးကို ၎င်းတို့၏ နေအိမ်ခေါင်မိုးများပေါ်မှ ကယ်ဆယ်ခဲ့ကြောင်း ရဲအရာရှိက ဆိုသည်။

မကြာသေးမီက မှတ်တမ်းများအရ အနီးအနားဆိုက်ဘေးရီးယားနှင့်ဘော့စနီးယားတွင်လည်း ရေလွှမ်းမှုကို အဆိုးရွားဆုံးခံစားခဲ့ရသည်။ **(ဘီဘီစီ)**

နိုင်ငံတကာအားကစားသတင်း

အင်္ဂလန်ရဲ့ မျှော်လင့်ချက်ကို အဆုံးသတ်ခဲ့တဲ့ ဆွာရက်ဇ်

ကမ္ဘာ့ဖလားမှာ အောင်ပွဲရမယ်လို့ပြောနေတဲ့ အင်္ဂလန်အသင်းကို ဆွာရက်ဇ်နဲ့ ဥရုဂွေးအသင်း က အနိုင်ယူလိုက်တာကြောင့် အင်္ဂလန်ရဲ့ မျှော်လင့်ချက်တွေ အဆုံးသတ်ခဲ့ရပါပြီ။

ဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာတဲ့ ဆွာရက်ဇ်ရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ အင်္ဂလန်ကို ဥရုဂွေးက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တာ ဖြစ်ပါတယ်။ အသက် ၂၇ နှစ် အရွယ်ရှိတဲ့ တိုက်စစ်မှူး ဆွာရက်ဇ်ဟာ ဒီပွဲမှာ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကိုလည်း ရခဲ့ပါ တယ်။ ဒီပွဲဟာ မိသားစုပွဲပါပဲလို့ တိုက်စစ်မှူး ဆွာရက်ဇ်က ဆိုပါတယ်။ ကစားဖော်တွေ၊ နည်းပြတွေနဲ့ ပြန်လည်ဆုံတွေ့တဲ့ပွဲဖြစ်လို့ သူ့အတွက်ကတော့ မိသားစုပွဲပါပဲလို့ သူကဆိုပါတယ်။ “ဒီနေ့ အောင်မြင်မှုကို ကျွန်တော် အလွန်ခံစားရတယ်။ လာမယ့်ပွဲတွေမှာလည်း အောင်မြင်မယ်လို့ ကျွန်တော်ထင် တယ်”ဟု ဆွာရက်ဇ်က ဆိုပါတယ်။

“ဆွာရက်ဇ်ဟာ တကယ့်အံ့ဖွယ် ကစားသမားတစ်ဦးပါ။ သူ့ကို ကျွန်တော်ယုံကြည်တယ်” လို့လည်း ဥရုဂွေးနည်းပြ အော်စကာတာဘာရက်ဇ်က ပြောပါတယ်။ “ကျွန်တော့် ကစားသမားတွေ ဒီကနေ့ပွဲမှာ စုစည်းမှု ကောင်းကောင်းနဲ့ ကစားနိုင်ခဲ့တာတွေ့ရပါတယ်”လို့လည်း သူက ဆိုပါတယ်။

ဂိုးသွင်းယူပေး

ဒီပွဲမှာတော့ အင်္ဂလန်ရှုံးနိမ့်သွားပေမယ့် တိုက်စစ်မှူး ရွန်းနေကတော့ ကမ္ဘာ့ဖလားမှာ ပထမဆုံး ဂိုးသွင်းယူပေးခဲ့တယ်လို့ ဆိုပါတယ်။ သူ့ရဲ့ ဂိုးပေါင်း ၄၀ မြောက် အင်္ဂလန်အသင်းအတွက် ဂိုးဖြစ်တယ်လို့ ဆိုပါတယ်။

ဥရုဂွေးနဲ့ အင်္ဂလန်အသင်းတို့ဟာ အုပ်စု(D)အဖွင့်မှာ နှစ်သင်းစလုံး ရှုံးပွဲကြုံခဲ့ရတာ ဖြစ်ပါတယ်။ အင်္ဂလန်က အီတလီကိုရှုံးပြီး ဥရုဂွေးကတော့ ကော်စတာရီကာအသင်းကို ရှုံးခဲ့တာ ဖြစ်ပါတယ်။ အင်္ဂလန်အသင်းက နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စုမှာပဲ လမ်းဆုံးသွားပြီဖြစ်ပါတယ်။ သို့ပေမယ့် ဥရုဂွေးကတော့ မျှော်လင့်ချက်ရှိနေဆဲဖြစ်ပါတယ်။

အာကာကျော်

အင်္ဂလန်နည်းပြ နုတ်ထွက်မည်မဟုတ်ဟုဆို

အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဆင်က ၎င်း၏အသင်း ကမ္ဘာ့ဖလားမှ ထွက်ခဲ့ရသော်လည်း ၎င်းအနေဖြင့် နည်းပြအဖြစ်မှ နုတ်ထွက်မည်မဟုတ်ကြောင်း အခိုင်အမာပြောဆိုလိုက်သည်။ တိုက်စစ်မှူး ဆွာရက်ဇ်၏ သွင်းဂိုး နှစ်ဂိုးကြောင့် အင်္ဂလန်နှစ်ပွဲဆက်တိုက် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။

“ကျွန်တော်နုတ်ထွက်ဖို့ ရည်ရွယ်ချက်မရှိပါဘူး။ ကျွန်တော်တို့ ဆက်လက်ကြိုးစားသွားမှာပါ။ ဒီကစားသမားတွေနဲ့ အလုပ်လုပ်ရတာပျော်ပါတယ်” ဟု အသက် ၆၆ နှစ်ရှိ နည်းပြရွိုင်းဟော့ဆင်က ပြောသည်။ ရွိုင်းဟော့ဆင်ကို ယူရို ၂၀၁၂ မတိုင်မီ ကာပယ်လို နုတ်ထွက်သွားပြီးနောက် အက်ဖ်အေကနည်းပြအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် ပိုလန်နှင့် ယူကရိန်း၌ ကျင်းပခဲ့သော ယူရို ၂၀၁၂ တွင် ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့သည်။ ကွာတားတွင် အီတလီကို ပယ်နယ်တီဖြင့်ရှုံးပြီး ထွက်ခဲ့ရခြင်းဖြစ်သည်။

ကိုလံဘီယာ နောက်တစ်ဆင့် တက်ပြီ

ကိုလံဘီယာအသင်းသည် ကမ္ဘာ့ဖလားတွင် အုပ်စု(c)မှ အိုင်ဗရီကို့စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး နောက်ဆုံး ၁၆ သင်းပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ရိုဒရီဂွက်ဇ်က ပွဲချိန် ၆၄ မိနစ်တွင် ကိုလံဘီယာအသင်းအတွက် ခေါင်းတိုက်ဂိုးသွင်းခဲ့သည်။ ကွန်တာရိုကလည်း ကိုလံဘီယာအတွက် တစ်ဂိုး သွင်းယူပေးခဲ့သည်။ သို့သော်လည်း ဂါဗင်ညိုက ကိုလံဘီယာ နောက်တန်းကစားသမားသုံးဦးကို လိမ်ခေါက်ပြီး အိုင်ဗရီကို့စ်အတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ယင်းအနိုင်ပွဲကြောင့် ကိုလံဘီယာအသင်းသည် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဒရော့ဘာတို့၏ အိုင်ဗရီကို့စ်အသင်းသည် ချေပဂိုး သွင်းနိုင်ရေး အကြိတ်အနယ်ကြိုးစားသော်လည်း ကိုလံဘီယာကစားသမားများက ဘောလုံးပိုင်ဆိုင်မှု ကောင်းကောင်းဖြင့် ထိန်းချုပ်ကစားခဲ့သည့်အတွက် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

ကိုလံဘီယာအသင်းသည် တိုက်စစ်အားကောင်းသည့်အသင်းဖြစ်ခြင်းကြောင့် အိုင်ဗရီကို့စ် နောက်တန်းကစားသမားများ ထိန်းချုပ်ရန် အခက်တွေ့ခဲ့ရသည်။ အိုင်ဗရီကို့စ်အသင်းမှ ဝီလ်ဖရက်ဘိုနီသည် အကောင်းဆုံးအခွင့်အရေးရသော်လည်း ဂိုးရအောင် မဖန်တီးနိုင်ခဲ့၍ ချေပဂိုးနှင့် လွဲချော်ခဲ့ရသည်။ တိုက်စစ်မှူး ဒရော့ဘာ လူစားဝင်ကစားသော်လည်း အိုင်ဗရီကို့စ်အသင်း၏ခြေစွမ်းမှာ တက်လာခြင်း မရှိခဲ့ပေ။ အိုင်ဗရီကို့စ်အသင်းအနေဖြင့် ပထမပိုင်းဂိုးမပေးရရေး ပိတ်ဆို့ကစားခဲ့သော်လည်း ဒုတိယပိုင်းတွင် ကိုလံဘီယာက ဦးဆောင်ဂိုးနှစ်ဂိုး သွင်းယူလိုက်ပြီးနောက် နောက်မှပြန်လည်ချေပရန် အခက်အခဲဖြစ်စေခဲ့သည်။

ကောင်းမြတ်သူ - စုစည်းသည်

အာရှသားဂျပန်တို့ တစ်ယောက်အသာရသော်လည်း ကံအကြောင်းမလှခဲ့

သီဟ

အုပ်စု(ဂ) ဂျပန်နှင့်ဂရိ အသင်းတို့ ဇွန်၂၀ နံနက်ပိုင်းက Arena das Dunas ကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ခြေရည်ညီနှစ်သင်း ယှဉ်ပြိုင်ကစားခဲ့ရာ ဘောလုံးပိုင်ဆိုင်မှုတွင် ဂျပန်အသင်း ပိုင်ဆိုင်မှုများသော်လည်း ဂရိအသင်းက တန်ပြန်ခြိမ်းခြောက်မှုတွေ ပြုလုပ်နိုင်ခဲ့သည်။ ပွဲစပြီး ၁၂မိနစ်တွင် ဂျပန်မှ ဟာစီဘီ အဝါထိပြီး ဂရိမှ ကတ်ဆိုရာနစ် **(အောက်ပုံ)** ၂၇၊ ၃၈ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် အထုတ်ခံလိုက်ရသည်။ တစ်ယောက်အသာဖြင့် ဂျပန်အသင်း အားသာချက်ရှိသော်လည်း ဂိုးမသွင်း နိုင်ပေ။ ဂရိမှ ၅၅မိနစ်တွင် ဆာမာရက်စ် တစ်ဝါနှင့် ၈၉မိနစ်တွင် တိုရိုစီဒစ် တို့ ထပ်မံအဝါများ အပြခံလိုက်ရပြီး နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ကြဘဲ သရေ တစ်မှတ်စီဖြင့်သာ ကျေနပ်လိုက်ရသည်။ နှစ်သင်းစလုံးတစ်မှတ်စီရသဖြင့် မျှော်လင့်ချက်ရှိသေးကာ နောက်ဆုံးပွဲစဉ်အဖြစ် ဂျပန်အသင်းသည် ဇွန်၂၅ နံနက် ၂း၃၀တွင် ကိုလံဘီယာနှင့် ကစားရမည်ဖြစ်ပြီး ဂရိအသင်းမှာလည်း ဇွန်၂၅ နံနက် ၂း၃၀တွင် အိုင်ဗရီကို့စ်နှင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဇွန်၂၁၊၂၂ တွင် ကစားမည့် တခြားပွဲစဉ်များအဖြစ် အုပ်စု(စ)မှ ဇွန်၂၁ ညဝ၁း၃၀တွင် အာဂျင်တီးနားနှင့် အီရန်တို့ဖြစ်ပြီး ဇွန်၂၂ နံနက်၄း၃၀မှာ နိုင်ဂျီးရီးယားနှင့် ဘော့စနီးယားတို့ကစားကြမည်ဖြစ်သည်။ ဇွန်၂၂ နံနက်၁း၃၀ နာရီတွင် အုပ်စု(ဆ)မှ ဂျာမနီနှင့် ဂါနာတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ကမ္ဘာ့ဖလား အုပ်စုပွဲစဉ် ရပ်တည်မှုများ

အုပ်စု (က)

စဉ် အသင်း	ပွဲ	ရမှတ်
၁။ ဘရာဇီး	၂	၄
၂။ မက္ကဆီကို	၂	၄
၃။ ခရိုအေးရှား	၂	၃
၄။ ကင်မရွန်း	၂	၀

အုပ်စု (ဂ)

စဉ် အသင်း	ပွဲ	ရမှတ်
၁။ ကိုလံဘီယာ	၂	၆
၂။ အိုင်ဗရီကို့စ်	၂	၃
၃။ ဂျပန်	၂	၁
၄။ ဂရိ	၂	၁

အုပ်စု (ခ)

စဉ် အသင်း	ပွဲ	ရမှတ်
၁။ နယ်သာလန်	၂	၆
၂။ ချီလီ	၂	၆
၃။ ဩစတြေးလျ	၂	၀
၄။ စပိန်	၂	၀

အုပ်စု (ဃ)

စဉ် အသင်း	ပွဲ	ရမှတ်
၁။ ကော်စတာရီက	၁	၃
၂။ အီတလီ	၁	၃
၃။ ဥရုဂွေး	၂	၃
၄။ အင်္ဂလန်	၂	၀

ကမ္ဘာ့ဖလားမှ စပိန်ထွက်ခဲ့ရမှု ဘောလုံးလောက စိုးမိုးမှုအဆုံးသတ်ဟုဆို

လက်ရှိချန်ပီယံ စပိန်အသင်း ကမ္ဘာ့ဖလားမှ ထွက်ခဲ့ရခြင်းသည် ဘောလုံးလောကမှာ စပိန်စိုးမိုးမှု အဆုံးသတ်သွားပြီဖြစ်ကြောင်း စပိန်ကွင်းလယ်ကစားသမား ဇာဗီအလွန်ဆိုက ပြောကြားလိုက်သည်။

ယူရို ၂၀၁၂ ချန်ပီယံ စပိန်အသင်းသည် နယ်သာလန်ကို ငါးဂိုး-တစ်ဂိုးဖြင့်ရှုံးပြီး ချီလီအသင်းကိုလည်း နှစ်ဂိုးပြတ်ဆက်ရှုံးခဲ့သဖြင့် ကမ္ဘာ့ဖလားအုပ်စုမှ ထွက်ခဲ့ရသည်။

“ပျော်ရွှင်ခြင်းနဲ့ အောင်မြင်ခြင်းဆိုတာတွေက အတွေ့အကြုံများလှပါပြီဆိုတဲ့ ကျွန်တော်တို့ကို ကျော်ဖြတ်သွားပါပြီ”ဟု အသက် ၃၂ နှစ်အရွယ် ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား အလွန်ဆိုက ပြောသည်။ စပိန်နည်းပြက ၎င်းတို့အသင်း ယခုကဲ့သို့ ထွက်ခဲ့ရခြင်းအတွက် သံသယဖြစ်မိကြောင်း ပြောကြားခဲ့သည်။

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကလောမြို့လေး လှစေချင်သည်

ကလောချစ်သူ

ရှမ်းပြည်နယ် တောင်ပိုင်းက ကလောမြို့လေးဟာ အလွန်အေးချမ်းပြီး သာယာလှပတဲ့ မြို့လေးတစ်မြို့ပါ။ အဲ့ဒီမြို့လေးကို ကိုလိုနီခေတ်ကာလက အင်္ဂလိပ်တွေတည်ထောင်ခဲ့ကြတာပါ။ မြို့အကွက်ချထားပုံ၊ မြို့တွင်းလမ်းတွေကို တောင်ကုန်းလေးတွေပေါ်မှာ ကွေ့ဝိုက်ပြီး လှလှပပ ဖောက်လုပ်ထားပုံတွေ၊ အနောက်တိုင်းပုံစံနေအိမ်လေးတွေ တည်ဆောက်ထားပုံက မြို့တည်ဆောက်ထားမှုမှာအတုယူစရာပါ။

မြို့ရေပေးမယ့် ရေအေးကန်က ရေကိုပင် သောက်သုံးရန်သင့်မသင့် အင်္ဂလန်ထိကိုတောင်ပို့ပြီး ဓာတ်ခွဲစစ်ဆေးခဲ့သေးတယ်လို့ သိခဲ့ရပါတယ်။ ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက်အရ သောက်သုံးရန်သင့်တဲ့အပြင် ကျန်းမာရေးကိုအထောက်အကူပြုတဲ့သဘာဝဓာတ်သတ္တုတွေကြွယ်ဝနေတယ်လို့ သိရပြန်ပါတယ်။ ကလောမြို့စတည်ထောင်ခဲ့စဉ်က ငွေကြေးဘယ်လောက်ကုန်ကျခဲ့တယ်၊ ဘယ်ကရန်ပုံငွေအသုံးစရိတ်တွေနဲ့ ကျခံသုံးစွဲခဲ့တယ်ဆိုတာတွေကိုတော့ လက်လှမ်းမမီလို့ မသိရှိခဲ့ရပါ။ မြို့စတည်ထောင်ခဲ့သူတွေရဲ့ အစွမ်းအစကတော့ အံ့မခန်းလောက်ပါပဲ၊ ထိုစဉ်က ဖောက်ခဲ့တဲ့ မြို့တွင်းလမ်းတွေ၊ တည်ဆောက်ခဲ့တဲ့ အဆောက်အအုံတွေ၊ မြို့ရေပေးစနစ်တွေဟာလည်း အဲ့ဒီခေတ်ကတည်းက တည်ရှိနေတဲ့အတိုင်း ယခုထက်တိုင် အသုံးပြုနေရဆဲပါပဲ။

ကလောမြို့တည်နေပုံ အလှအပတွေနဲ့အေးမြတဲ့ ရာသီဥတုတွေကြောင့် ပြည်တွင်းက ဧည့်သည်တွေ အပန်းဖြေလာရောက်လေ့ရှိကြသလို ကိုလိုနီခေတ်ကျန် အဆောက်အအုံဟောင်းတွေနဲ့ ကလောမြို့လေးရဲ့ အလှအပကို ဥရောပက ဆွစ်ဇာလန်နိုင်ငံရဲ့ အလှအပနဲ့တူတယ်လို့ဆိုပြီး ပြည်ပကဧည့်သည်တွေလည်း စိတ်ဝင်တစားလာလည်နေကြပါတယ်။ အဲ့ဒီမြို့လေး အစဉ်သန့်ရှင်းသာယာလှပနေပြီး သမိုင်းခေတ်ကျန်အဆောက်အအုံဟောင်းတွေကိုလည်း ဆက်လက်ထိန်းသိမ်းထားနိုင်မယ်ဆိုရင်တော့ ပြည်တွင်း ပြည်ပ ဧည့်သည်တွေ အခုထက်ပိုပြီးလာလည်ကြမှာမို့ မြို့နေလူထုတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးပွားလာပြီးအဆင်ပြေလာကြမှာပါ။ ဒီလို. . ဒီလို. . အတိတ်ကအခြေခံကောင်းတွေရှိနေပေမယ့်လည်း လက်ရှိအချိန်မှာတော့ . . . .

ကလောမြို့ရဲ့ စည်ပင်ဖွံ့ဖြိုးမှုအတွက် လုပ်ဖို့လိုအပ်တာတွေရှိပါတယ်။ မြို့အဝင် လမ်းမကြီးက ယခင်တစ်လမ်းသွားကနေ နှစ်လမ်းသွားဖြစ်တာကလွဲလို့ ပြောင်းလဲသွားတာမျိုးမတွေ့ရသလို မြို့နေပြည်သူတွေမှာလည်း သာမန်လူတွေ များပါတယ်။ မြို့သန့်ရှင်းသာယာလှပမှုလည်း မြို့တွင်းလမ်းကြီးလမ်းငယ် အသွယ်သွယ်တို့မှာ ယခင်လမ်းဟောင်းများအတိုင်းပါပဲ။ မြို့လယ်လမ်းမှအပ ကျန်လမ်းတွေမှာ လမ်းဘေးပလက်ဖောင်းကမရှိ၊ လမ်းဘေးရေမြောင်းဆိုတာကလည်း နတ္ထိ၊ ချုံနွယ်ပိတ်ပေါင်းများဖြင့်သာ တန်ဆာဆင်ထားပါတယ်။

လမ်းမကောင်းပေမယ့် သန့်ရှင်းသပ်ရပ်မှုလေးရှိပါက အရုပ်ဆိုးအံ့မထင်။ လက်ရှိလမ်းများပေါ်မှာ မိုးရွာလျှင် ရွှံ့ညွန်များနှင့်၊ မိုးမရွာက ဖုန်အလိမ်းလိမ်းနှင့်သာ ပြည့်နှက်နေပြီး သစ်ရွက်ခြောက် အမှိုက်များက လမ်းနှင့် အပြည့်၊ မြို့လယ်ပန်းခြံဆိုတာကလည်း မလှမပ၊ လူသူမရှိ ကျိုးနှင့်ဖုတ်ဖုတ်၊ ကိုင်းမြက်များနှင့်သာ ဖြစ်နေပါတော့တယ်။

စည်ပင်အခွန်ငွေတွေတိုးရဖို့ ထိရောက်ကောင်းမွန်တဲ့ အခွန်စနစ်တွေရှိဖို့ လိုအပ်သလို အသုံးစရိတ်ငွေတွေ သုံးစွဲတဲ့နေရာမှာလည်း ပွင့်လင်းမြင်သာမှုရှိအောင် လုပ်ကြရမှာပါ။ အဲ့ဒီလို ပွင့်လင်းမြင်သာမှုရှိလာအောင် လုပ်ကြရမယ့်အပြင် မြို့ရွာများဖွံ့ဖြိုးမှုအတွက် အကောင်အထည်ဖော်မှုအပိုင်းမှာလည်း အရင်ကနဲ့မတူအောင် သန့်ရှင်းသာယာလှပပြီး အပြောင်းကြီးပြောင်းလဲသွားအောင် အရင်ဦးဆုံး လုပ်ပြဖို့တော့လိုပါတယ်။

ဘာကြောင့် ဒီလိုဖြစ်နေရတာလဲလို့ ကလောမြို့ခံတစ်ယောက်ကို မေးမြန်းကြည့်မိပါတယ်။ ကလောမြို့ဟာ စီးပွားရေးကို အခြေပြုတဲ့ မြို့မဟုတ်၊ အစိုးရရုံးစိုက်ရာမြို့လေး တစ်မြို့ဖြစ်ပြီး အပန်းဖြေတောင်ပေါ်စခန်းမြို့လေး တစ်မြို့ဖြစ်တာကြောင့် ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများနဲ့ သေးငယ်လှတဲ့ စီးပွားရေးလုပ်ငန်းငယ်များသာရှိပြီး စည်ပင်ဌာနအနေနဲ့မြို့က ကောက်ခံလို့ရရှိတဲ့အခွန်နဲ့ ရပ်တည်နိုင်ဖို့ဆိုတာက လွန်စွာခက်ခဲပါကြောင်း၊ မြို့ရေပေးရေးစနစ်ကိုလည်း အင်္ဂလိပ်ခေတ်က တည်ဆောက်ခဲ့တဲ့စနစ်ဟောင်းကိုသာ အဓိက အားထားနေရဆဲ ဖြစ်ကြောင်း၊ အသစ်တည်ဆောက်နိုင်ဖို့ထက် လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်ကာလက ရေပေးရေးစနစ်အဟောင်းကို အကြီးစားပြုပြင်နိုင်ခြင်းမရှိဘဲ ပြုပြင်ဖာထေးပြီး သုံးစွဲနေရတာမို့ နွေရာသီရောက်တိုင်း မြို့လူထုတွေ ရေအခက်အခဲနဲ့ ကြုံတွေ့နေရကြောင်း၊ ဌာနမှာလည်း မြို့ရေပေးရေးစနစ်က ကောက်လို့ရတဲ့အခွန်ငွေနဲ့ ပြုပြင်ထိန်းသိမ်းစရိတ်ပင် မလုံလောက်တာကြောင့် နှစ်စဉ် အရှုံးပေါ်နေကြောင်း၊ အလားတူပင် ကျန်တဲ့သန့်ရှင်းရေး(အမှိုက်)အခွန်၊ လမ်းမီးခွန် စတဲ့စတဲ့. . ကောက်လို့ရတဲ့ အခွန်နဲ့လုပ်နေရတဲ့ လုပ်ငန်းပမာဏနဲ့ သုံးစွဲနေရတဲ့ အသုံးစရိတ်တွေကလည်း မလုံလောက်လို့ ပုံမှန်ဆောင်ရွက်နေရတဲ့ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများမှာပင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ မြို့က ကောက်ခံလို့ရတဲ့ အခွန်ငွေအပြင် ပြည်ထောင်စုအစိုးရနဲ့ ဒေသအစိုးရအကြား အခွန်မျှဝေခံစားမှု(Tax sharing) အရ ကလောမြို့နယ်က ကောက်လို့ရတဲ့ ဝင်ငွေခွန်ရဲ့ ငါးရာခိုင်နှုန်းကို ပြည်တွင်းအခွန်များဦးစီးဌာနက စည်ပင်ဌာနကို နှစ်စဉ်လွှဲပြောင်းပေးနေပေမယ့်လည်း ပုဂ္ဂလိက စီးပွားဖွံ့ဖြိုးမှုက သိပ်မရှိတော့ လုံလောက်အောင် မရဖြစ်နေကြောင်း သိရပါတယ်၊ အခွန်ငွေတွေတိုးရဖို့ စည်ပင်အခွန်နှုန်းတွေ တိုးကောက်မယ်ဆို ပြန်တော့လည်း နယ်မြေလူထုမှာလည်း လက်လုပ်လက်စားကခပ်များများဆိုတော့ အဆင်ကမပြေ။

ဒီတော့. . . ကလောမြို့လေးအတွက် လိုအပ်မယ့်အသုံးစရိတ်ငွေတွေ ဘယ်က ရနိုင်မလဲ၊ ပြည်ထောင်စုအစိုးရ ဒါမှမဟုတ် ပြည်နယ်အစိုးရတွေက နှစ်စဉ်ထောက်ပံ့ပေးနေရတော့မှာလား၊ နိုင်ငံတွင်းဒေသတွင်းမှာရှိတဲ့ သယံဇာတတွေထုတ်ယူပြီး ရတဲ့ငွေတွေနဲ့ ဒါမှမဟုတ် နိုင်ငံတကာအဖွဲ့အစည်းတွေဆီကပဲ ချေးငွေတွေ လှည့်ပတ်ချေးငှားပြီး ထောက်ပံ့ပေးနေရမှာလား၊ ဒါကလဲ ရေရှည်ကာလမှာ သိပ်တော့အဆင်ပြေအံ့မထင်၊ ဒါဖြင့်. . ဖွံ့ဖြိုးပြီး အခြားတိုင်းပြည်တွေမှာ သူတို့မြို့ရွာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တဲ့ အသုံးစရိတ်တွေ ဘယ်လိုများ ရှာနေကြပါသလဲ၊ အရိုးဆုံးနဲ့ အရှင်းဆုံးတွေ့နေရတာကတော့ ပြည်သူလူထုဆီက ကောက်လို့ရတဲ့ အခွန်ငွေနဲ့ပဲ အသုံးစရိတ်တွေ ရှာနေကြရတာပါ။ ဒါပေမယ့် သူတို့ဆီမှာ အခွန်ကောက်ခံတဲ့ပိုင်းမှာ ရသင့်ရထိုက်အခွန်ငွေတွေကို အပြည့်အဝကောက်ခံရရှိစေဖို့ ထိရောက်ကောင်းမွန်တဲ့ အခွန်စီမံခန့်ခွဲမှုစနစ်များရှိကြသလို အသုံးစရိတ်များသုံးစွဲတဲ့နေရာမှာလည်း ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူလူထုအကျိုးအတွက် ထိထိရောက်ရောက် သုံးစွဲနိုင်ကြတာမို့ အခွန်ကောက်ရတာ သိပ်ခက်ပုံတော့မရပါဘူး။

ဒီတော့ ကလောမြို့လေးမှာ စည်ပင်အခွန်ငွေတွေ တိုးရဖို့ ထိရောက်ကောင်းမွန်တဲ့ အခွန်စနစ်တွေရှိဖို့ လိုအပ်သလို အသုံးစရိတ်ငွေတွေ သုံးစွဲတဲ့ နေရာမှာလည်း ပွင့်လင်းမြင်သာမှုရှိအောင် လုပ်ကြရမှာပါ။ အဲ့ဒီလို ပွင့်လင်းမြင်သာမှုရှိလာအောင်လုပ်ကြရမယ့်အပြင် မြို့ရွာများ ဖွံ့ဖြိုးမှုအတွက် အကောင်အထည်ဖော်မှုအပိုင်းမှာလည်း အရင်ကနဲ့မတူအောင် သန့်ရှင်းသာယာလှပပြီး အပြောင်းကြီးပြောင်းလဲသွားအောင် အရင်ဦးဆုံး လုပ်ပြဖို့တော့လိုပါတယ်။ ဒါမှ မြို့နေလူထုတွေက တို့မြို့ကလေး အရင်ကနဲ့လုံးဝမတူတော့ဘူး၊ ပြောင်းလဲနေပြီ၊ တို့မြို့က ကောက်လို့ရတဲ့အခွန်တွေ တို့မြို့အတွက် ဘယ်လိုသုံးနေကြတယ်ဆိုတာကိုလည်း ရှင်းရှင်းလင်းလင်း သိကြရပြီ၊ တို့မြို့ရွာ ဖွံ့ဖြိုးသာယာလှပဖို့ တို့တွေမှာလည်း တာဝန်ရှိတယ်ဆိုတာ တဖြည်းဖြည်းနဲ့ သဘောပေါက်နားလည်လာကြမှာပါ။ အဲ့ဒီအခါ အခွန်ကောက်တဲ့အပိုင်းမှာလည်း လွယ်ကူလာပါလိမ့်မယ်။

ထိရောက်ကောင်းမွန်တဲ့ အခွန်စနစ်ရှိဖို့ဆိုတာကတော့. . **လက်ရှိကောက်ခံနေတဲ့ စည်ပင်အခွန်နှုန်းတွေ သင့်တင့်မျှတမှုရှိဖို့လိုအပ်ပါတယ်။** အခွန်နှုန်းတွေ သင့်တင့်မျှတစေဖို့နဲ့ လိုအပ်မယ့်အသုံးစရိတ်ငွေတွေ ကာမိစေအောင် အခွန်နှုန်းတွေ နှစ်စဉ်ပြန်လည်ဆန်းစစ်ပြီး ပြင်ဆင်သတ်မှတ်ပေးနေရပါမယ်။ ပြန်လည်ဆန်းစစ် ပြင်ဆင်သတ်မှတ်ပေးရာမှာလည်း မြို့လူထုကိုယ်စားလှယ်တွေနဲ့ အကျေအလည် ညှိနှိုင်းသတ်မှတ်ပေးရမည့်အပြင် မြို့ရွာလူထုကို ဗဟိုပြုသတ်မှတ်စေသင့်ပါတယ်။ ဒ့ါအပြင် ရေရှည်ကာလများမှာ လွယ်လွယ်နဲ့ အခွန်ငွေတွေတိုးတက်ရစေဖို့ ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ မြို့ပြစည်ပင်အခွန်စနစ်များကိုလေ့လာပြီး ဒေသအလိုက် ကိုက်ညီမယ့်နည်းလမ်းသစ်တွေ ရှာကြံကြရပါမယ်။ ဖွံ့ဖြိုးရေးရန်ပုံငွေတွေ တိုးရလာစေဖို့ နောက်ထပ် နည်းလမ်းတစ်ခုကတော့ ပြည်ထောင်စုအစိုးရရန်ပုံငွေက ဒေသအစိုးရများကို နှစ်စဉ်ပုံမှန်ထောက်ပံ့ပေးနေတဲ့ လက်ရှိစနစ်အစား ပြည်ထောင်စုအစိုးရက နှစ်စဉ်ကောက်လို့ရတဲ့ အခွန်ငွေတွေကို ပိုမိုကျယ်ပြန့်တဲ့အခွန်မျှဝေခံစားမှု((Tax sharing) စနစ်တစ်ခု ပြဌာန်းကျင့်သုံးသွားသင့်ပါတယ်။ဒါမှသာ ပြည်ထောင်စုအစိုးရရဲ့ အခွန်ကောက်ခံတဲ့လုပ်ငန်းတွေမှာ ဒေသအစိုးရများရဲ့ ပံ့ပိုးကူညီမှုတွေ ပိုမိုရရှိလာပြီး အခွန်ငွေများ ပိုမိုတိုးတက်ကောက်ခံရလာနိုင်သလို ဒေသအစိုးရများကိုလည်း ယခုထက်ပိုပြီးထောက်ပံ့ပေးနိုင်ကြပါလိမ့်မယ်။ ဒါတွေကို လက်တွေ့ကျင့်သုံးနိုင်ဖို့ကတော့ သက်ဆိုင်တဲ့ တည်ဆဲဥပဒေများကို ပြင်ဆင်ပြဌာန်းရမယ့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပါ ပြင်ဆင်သင့်က ပြန်လည်ပြင်ဆင်ပြဌာန်းရပါမယ်။ ဥပမာအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံတို့မှာထိမှရတဲ့ အခွန်ငွေများကို ဒေသအစိုးရများကသာ ကောက်ခံလေ့ရှိကြပါတယ်။

အချုပ်အားဖြင့်ဆိုရပါက နိုင်ငံတစ်ဝန်းလုံးရှိမြို့ရွာများ အမြန်ဆုံးခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အသုံးစရိတ်ငွေများသုံးစွဲရာမှာပွင့်လင်းမြင်သာမှုရှိဖို့နဲ့ ပြည်သူလူထုကိုဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ထိရောက် ကောင်းမွန်တဲ့အခွန်စနစ်များဖြင့် လုပ်ဆောင်နိုင်မှုပေါ်တွင်သာ အဓိကတည်မှီနေကြောင်းတွေ့နေရပါတယ်။ ဒီလိုသာ လက်တွေ့ကျကျ လုပ်ဆောင်နိုင်ခဲ့ရင်ဖြင့် အေးမြတဲ့ ရာသီဥတု၊ မြေပြန့်ဒေသနဲ့အနီးဆုံးတည်ရှိနေပြီး အတိတ်က အခြေခံကောင်းတွေနဲ့ ဥရောပက ဆွစ်ဇာလန်နိုင်ငံလို့တောင် တင်စားပြောဆိုကြတဲ့ ချစ်စရာ ကလောမြို့လေးမှာလည်း အခုထက်ပိုလို့ သာယာလှပလာပြီး အမြန်ဆုံးဖွံ့ဖြိုးလာတော့မည်မှာ ဧကန်မုချမလွဲဖြစ်ပါကြောင်း။ ။

ဒလမြို့မှ အခြေခံပညာကျောင်း နှစ်ကျောင်း အဆင့်တိုးမြှင့်

ရန်ကုန် ဇွန် ၂၀

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ရှိ အခြေခံပညာကျောင်းနှစ်ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ပညာသင်နှစ်တွင် ဒလမြို့နယ်မှ အဆင့်တိုးမြှင့်ရရှိခဲ့သောကျောင်းနှစ်ကျောင်းမှာ ခနောင်ကျေးရွာရှိ အလကကျောင်းကို အထကခွဲအဖြစ်သို့လည်းကောင်း၊ သမတကမ်းခြေရပ်ကွက်ရှိ အမှတ် (၅) အခြေခံပညာ အလယ်တန်းကျောင်းကို အမှတ်(၃)အခြေခံပညာ အထက်တန်းအဆင့်သို့လည်းကောင်း ဇွန် ၂ ရက်က ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ခင်ဇော်(မင်္ဂလာ)

မန္တလေးတိုင်းဒေသကြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးနှင့် လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

မန္တလေး ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၁၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ၁၄ ပါး၊ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးနှင့် လူပုဂ္ဂိုလ်လေးဦးတို့အား ထပ်ဆင့် ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဇွန်လ ၁၂ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (စတုဘုမ္မိက) စတုဘုမ္မိက မဂ္ဂင်ရိပ်သာ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိဇယ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သုဓမ္မာ) မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိစိတ္တာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဓမ္မစကြာဝတ်အသင်းများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးနှင့် လူပုဂ္ဂိုလ်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပင့်သံဃာတော် ဆရာတော်ကြီးငါးပါး၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၄ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တပ်နယ်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြရာ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၀၉၈၀၄၉၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

စဉ့်ကူးမြို့တွင် မြို့နယ်အဆင့် အရန်သားဖွားသင်တန်းဆင်း ဆေးသေတ္တာ KIT ပုံးများ ပေးအပ်

စဉ့်ကူး ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော မြို့နယ်အဆင့် အရန်သားဖွားသင်တန်း(၁/၂၀၁၄) ဆင်းပွဲကို ဇွန် ၁၇ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းမေသိန်းရီနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသူများ တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်းနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းတို့က သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့က သင်တန်းကာလတွင် ထူးချွန်သင်တန်းသူများကို ဆုများပေးအပ်ခြင်းနှင့် အရန်သားဖွားသင်တန်းသူများအား ဆေးသေတ္တာ KIT ပုံးများ တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၃၃)

လွှတ်တော်ရေးရာကဏ္ဍ

■ ပြည်သူ့လွှတ်တော်မှ

ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဘဏ်ချေးငွေစနစ်ဖြင့် ဒေသနွားမနှင့် ကျွဲမများ မွေးမြူနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊ မျိုးကောင်းမျိုးသန့် ခိုင်းကျွဲ၊ ခိုင်းနွားမျိုးများ ပြန့်ပွားရေးအတွက် မေထုန်မဲ့ သားစပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးရည်ခဲချောင်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ မျိုးနွားသိုးများ ဖြန့်ဖြူးပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်စသည့် အစိုးရအဖွဲ့များကလည်း တရားမဝင်နွားမှောင်ခိုဖမ်းဆီးမှုများကို အရှိန်အဟုန်ဖြင့် ဖမ်းဆီးအရေးယူခြင်း၊ နယ်ကျော်နွားသယ်ဆောင်မှုများကို စနစ်တကျစိစစ်ခွင့်ပြုဆောင်ရွက်လျက်ရှိပါကြောင်း။

လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းကျွဲ၊ ခိုင်းနွားများ လျော့နည်းလျက်ရှိခြင်း၊ လယ်ယာလုပ်သားရှားပါးလျက်ရှိခြင်းကြောင့် စက်မှုဝန်ကြီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လယ်ယာလုပ်ငန်းတွင် စက်ကိရိယာ အသုံးပြု၍ ထွန်ယက်ခြင်း၊ မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို သက်သာသည့်နှုန်းများဖြင့် ဝန်ဆောင်မှုပေးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများကိုလည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါကြောင်း။

၂၀၁၄ ခုနှစ် ဧပြီလကုန်ထိ တောင်သူလယ်သမားများ လက်ဝယ်၌ ထွန်စက်ကြီး ၁၂၀၇၀ စီး၊ လက်တွန်းထွန်စက် ၂၅၈၉၃၀ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၆၆၃ စီးထိ တိုးတက်သုံးစွဲလာနိုင်ပြီဖြစ်ပါကြောင်းနှင့် သမဝါယမဝန်ကြီးဌာနအနေဖြင့်လည်း လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးတို့အတွက် အသေးစားအရင်းအနှီး ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဝန်ကြီးက ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **"ဘဏ်ချေးငွေများထုတ်ယူရာ၌ အမှန်တကယ်လယ်လုပ်သူ တောင်သူများမဟုတ်ဘဲ လယ်မလုပ်သူ၊ လယ်မရှိသူများအမည်ဖြင့် ငွေထုတ်ယူထားသူများအား မည်ကဲ့သို့ အရေးယူပေးမည်ကိုသိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ်ချေးငွေထုတ်ချေးရာတွင် ချေးငွေမူစနစ်အရ မြို့နယ်ဘဏ်ခွဲသို့ ငွေချေးသူကိုယ်တိုင်လာရောက်ချေးယူရမည်၊ ပေးဆပ်ရမည်ဟု သတ်မှတ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ချေးငွေချေးယူရန်တင်ပြထားသော တောင်သူလယ်သမားများအနေဖြင့် ငွေချေးရန်ဘဏ်ရုံးသို့ခေါ်ယူသည့်နေ့တွင် ကိုယ်တိုင်ကိုယ်ကျ လက်မှတ်ရေးထိုးပြီး ၁၀ ဦး အစုအဖွဲ့လိုက် ချေးငွေစာချုပ်တွင် တစ်ဦးချင်းကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ယူရခြင်းဖြစ်ပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ငွေချေးစည်းကမ်းသတ်မှတ်ချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိပြီးသူ သို့မဟုတ် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ကြောင်း သက်ဆိုင်ရာဌာန၏ထောက်ခံချက်၊ ချေးငွေစိစစ်ရေးအဖွဲ့၏လယ်မြေပိုင်ဆိုင်ကြောင်းနှင့် အမှန်တကယ်စိုက်ပျိုးကြောင်း ထောက်ခံချက်များတင်ပြနိုင်သူကိုသာ ဘဏ်က ချေးငွေထုတ်ချေးခြင်းဖြစ်ပါကြောင်း၊ မိမိက ချေးငွေမယူဘဲ မိမိအမည်ဖြင့် တစ်စုံတစ်ဦးက ချေးငွေလိမ်လည်ထုတ်ယူပါက သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲသို့ တင်ပြတိုင်ကြားနိုင်ပါကြောင်း။

လယ်မလုပ်သူ၊ လယ်မရှိသူကို ငွေထုတ်ချေးခြင်း ခွင့်မပြုကြောင်းနှင့် စစ်ဆေးတွေ့ရှိပါက တာဝန်ရှိထောက်ခံသူ၊ ချေးငွေချေးသူကိုပါ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်၏ **"ဘီးလင်းမြစ်ကြောင်းအား စနစ်တကျထိန်းသိမ်းရန် မည်ကဲ့သို့စီမံထားသည်နှင့် ပြန်လည်တူးဖော်ရန် သက်ဆိုင်ရာမှ မည်သို့စီစဉ်ထားသည်ကို သိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ဘီးလင်းမြစ်သည် ကရင်ပြည်နယ် ဖာပွန်မြို့နယ်မှ စတင်မြစ်ဖျားခံစီးဆင်းပြီး ထိုမှတစ်ဆင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဘင်ဘန်းကျေးရွာမှဖြတ်သန်းစီးဆင်း၍ ဇုက္ကလိကျေးရွာအောက်တွင် မုတ္တမပင်လယ်ကွေ့သို့ စီးဆင်းဝင်သည့်မြစ်ဖြစ်ပါကြောင်း။

ငပုတော မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

ဘီးလင်းတံတားအထက်ပိုင်းတွင် မြစ်ကွေ့ကောက်မှုနည်းပါးသော်လည်း ဘီးလင်းတံတား အောက်ပိုင်းတွင် မြစ်ကွေ့ကောက်မှုများပြီး မြစ်ဖျားပိုင်းတွင် သစ်တူးဖော်မှုများ ဆောင်ရွက်မှုကြောင့် သဲနုန်းပို့ချမှုများကာ ဘီးလင်းမြစ်တိမ်ကောလာခြင်း၊ ရေဝေရေလဲဧရိယာအတွင်း သစ်တောများ ပြုန်းတီးလာ၍ မိုးရေကို ထိန်းသိမ်းနိုင်မှုအားနည်းခြင်းတို့ကြောင့် မြစ်ကြောင်းကို အဓိကထား လုပ်ကိုင်စားသောက်နေကြရသူများသည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များတွင် များစွာပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နေသဖြင့် ဘီးလင်းမြစ်ကြောင်းအား စနစ်တကျထိန်းသိမ်းရန် ဘီးလင်းမြစ်ကြောင်း တိုင်းတာခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နတ်ကြီးကျေးရွာမှ ဒုံဝန်းကျင် ကျေးရွာအထိနှင့် ဒုံဝန်းမှ ဇုက္ကလိကျေးရွာအောက်အထိ သောင်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မေလက ရဲစခန်းပဲရိုးရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် မရမ်းကုန်းရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်း၊ သိမ်ငူရေနုတ်မြောင်းတူးဖော်ခြင်းနှင့် မုသင်-လိပ်ခုံးဖြတ်ရိုးရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဘီးလင်းမြစ်ရေ ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်အတွင်း စီးဝင်သည့် ဆက်စပ်ချောင်းများရေအလျင်အမြန်ထုတ်နိုင်ရန် ရေနုတ်မြောင်း တူးဖော်ပေးနိုင်ရေးအတွက် တိုင်းတာတွက်ချက်ခဲ့ပြီး မခွေးရေကျော် ရေနုတ်မြောင်း တူးဖော်ခြင်း၊ ကဖိုင်းကြီး ရေနုတ်မြောင်းတူးဖော်ခြင်း၊ မုသင်ရေနုတ်မြောင်းတူးဖော်ခြင်း၊ ခနံးမ-အုတ်ဖို ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် တောင်ကလေး ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံထားပါကြောင်း၊ ရရှိထားသည့်ရန်ပုံငွေအရ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်းများ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်သာ ပါဝင်သဖြင့် ဘီးလင်းမြစ်ကြောင်း ထိန်းသိမ်းရေး လုပ်ငန်းများအား ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ တင်သွင်းသည့် **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းတို့က ပြင်ဆင်ချက် အဆိုတင်သွင်းဆွေးနွေးကြရာ လွှတ်တော်မှသဘောတူသဖြင့် ယင်းဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် မွန်းတည့် ၁၂ နာရီတွင် အစည်းအဝေးကို ရပ်နားလိုက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❁ အမျိုးသားလွှတ်တော်မှ

အာဆီယံကြေညာစာတမ်းတွင် ပါရှိသည့် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများနှင့်သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စေရန် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဆိုင်ရာမူဝါဒကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

ပြည်ပရောက် မြန်မာအလုပ်သမားများနှင့်ပတ်သက်၍ ပိုမိုထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၊ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊ အကျိုးခံစားခွင့်ရရှိရေးလုပ်ငန်းကော်မတီ၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်း၍ ပြည်ပနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးနေပါကြောင်း၊ ကော်မတီသည် ပြည်ပသို့တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများ လွယ်ကူချောမွေ့ပြီး ကုန်ကျစရိတ်သက်သာသည့် နည်းလမ်းများကို အကောင်အထည်ဖော်ခြင်း၊ ပြည်ပတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ၊ အခွင့်အရေးများရရှိစေရန် ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် ပြည်ပတွင်ရောက်ရှိအလုပ်လုပ်ကိုင်နေကြပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာလိုသည့်အလုပ်သမားများကို ပံ့ပိုးကူညီပေးနေပါကြောင်း။

မြန်မာနိုင်ငံက အလုပ်သမားအများစု သွားရောက်အလုပ်လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်ထားပြီး ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်များကို သက်ဆိုင်ရာနိုင်ငံ၏ အလုပ်သမားဥပဒေအတိုင်း အပြည့်အဝရရှိနိုင်ရန် ဆောင်ရွက်ပေးနေပါကြောင်း၊ အလုပ်သမားသံအရာရှိမရှိသည့်ပြည်ပနိုင်ငံများတွင် မြန်မာနိုင်ငံအလုပ်သမားများ၏ကိစ္စများကို မြန်မာသံရုံးများမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံရှိဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနေပါကြောင်း ဖြင့် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့ပြင် ပြည်ပသို့ တရားဝင်အလုပ်သမား စေလွှတ်နိုင်ရန် ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီပေါင်း ၂၀၂ ခုကို လိုင်စင်ထုတ်ပေးထားပါကြောင်း၊ ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့တွင် အေဂျင်စီအဖွဲ့ချုပ်၏ ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ထားရှိပြီး အလုပ်သမားရေးရာကိစ္စများကို အလုပ်သမား သံအရာရှိများနှင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်ပရောက် မြန်မာအလုပ်သမားများ၏ အခွင့်အရေးများ ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း၊ ပြည်တွင်းပြည်ပ မြန်မာအလုပ်သမားများကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် Complaint Mechanism Centre များကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ၂၄ နာရီ ဖွင့်လှစ်ဆောင်ရွက်ပေးနေပါကြောင်း၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများကို အထောက်အထားများ ထုတ်ပေးခဲ့ပါကြောင်း၊ အလားတူ မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန်နှင့် အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်များရရှိစေရန် ဆောင်ရွက်နေပါကြောင်း။

ဒုတိယဝန်ကြီး ဦးအောင်ထူး ဖြေကြားစဉ်။ (သတင်းစဉ်)

ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်သည့် ကိစ္စရပ်များကို တစ်လတစ်ကြိမ် ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်နေပါကြောင်း၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများအတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံများအနေဖြင့် ဆောင်ရွက်ပေးရန်များနှင့်ပတ်သက်၍ ဆွေးနွေးတိုက်တွန်းမှုများ ရှိပါကြောင်းနှင့်သက်ဆိုင်ရာနိုင်ငံများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးထွန်းမြင့်၏ **"မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ် ကျောင်းသားကျောင်းသူများ သင်္ဘောတက်ရောက်နိုင်ရေးအတွက် Electrical Workshop Skill Training သင်တန်း အမြန်ဆုံး ဖွင့်လှစ်ရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ် အထူးပြုဘာသာရပ်ဖြင့် အောင်မြင်ပြီးသူများ တက်ရောက်ရန် လိုအပ်သည့် Electrical Workshop Skill Training သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ် စုစုပေါင်းကျပ်သန်း ၅၈၀ ရရှိနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းဖွင့်လှစ်ရန်လိုအပ်သော ကုန်ကျစရိတ်ရရှိမည်ဆိုပါက အဆိုပါသင်တန်းအား သင်တန်းကြေးအနည်းဆုံးဖြစ်စေရန် စီစဉ်ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

သင်တန်းဖွင့်လှစ်ရန် လိုအပ်သောကုန်ကျစရိတ်များ မရရှိသေးသည့် ကာလအတွင်း ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်အထူးပြုဘာသာရပ်ဖြင့် အောင်မြင်ပြီးသူများကို အလုပ်ခန့်ထားမည့် သင်္ဘောကုမ္ပဏီများအား ပြည်ပရှိ Electrical Workshop Skill Training သင်တန်းကျောင်းများတွင် သင်ကြားပေးနိုင်ရေးအတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လိုအပ်သော အချက်အလက်များ တင်ပြသွားနိုင်ရေးနှင့် အသိအမှတ်ပြုလက်မှတ်ရရှိရေး ဆောင်ရွက်သွားရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"ဖော့စဖိတ်ဓာတ်မြေသြဇာနှင့် ပိုတက်ဆီယမ်ဓာတ်မြေသြဇာ ထုတ်လုပ်ပေးနိုင်ခြင်း ရှိ/ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် သဘာဝဓာတ်ငွေ့ကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ နိုက်ထရိုဂျင် ၄၆ ရာခိုင်နှုန်းပါဝင်သော ယူရီးယားဓာတ်မြေသြဇာများကို ထုတ်လုပ်သည့် ဓာတ်မြေသြဇာစက်ရုံငါးရုံ ရှိပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် သဘာဝဓာတ်ငွေ့ကို အခြေခံသည့် နိုက်ထရိုဂျင် ၄၆ ရာခိုင်နှုန်းပါဝင်သော ယူရီးယား ဓာတ်မြေသြဇာများကို ထုတ်လုပ်ပါကြောင်း၊ ဖော့စဖိတ်ဓာတ်မြေသြဇာနှင့် ပိုတက်ဆီယမ်ဓာတ်မြေသြဇာထုတ်လုပ်မှုနည်းစဉ်များမရှိခြင်း၊ နိုက်ထရိုဂျင်မှ လွဲ၍ ကျန်အဓိကကုန်ကြမ်းပစ္စည်းများဖြစ်သည့် Phosphorus နှင့် Potash တို့ကို နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရမည်ဖြစ်ခြင်း၊ သီးခြားစက်ရုံများအဖြစ် တည်ဆောက်ရန်လိုအပ်ခြင်းတို့ကြောင့် လောလောဆယ်တွင် NPK ကွန်ပေါင်းဓာတ်မြေသြဇာ၊ ဖော့စဖိတ် ဓာတ်မြေသြဇာနှင့် ပိုတက်ဆီယမ်ဓာတ်မြေသြဇာတို့ကို စီမံထုတ်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ယူရီးယားဓာတ်မြေသြဇာ၊ ဖော့စဖိတ် ဓာတ်မြေသြဇာ၊ ပိုတက်ဆီယမ် ဓာတ်မြေသြဇာနှင့် NPK ကွန်ပေါင်းဓာတ်မြေသြဇာ စုစုပေါင်း တန်ချိန် ၁ ဒသမ ၁ သန်းခန့် တင်သွင်းရောင်းချ အသုံးပြုခဲ့ပါကြောင်း ဖြေကြားသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၇) ရက် မြောက်နေ့ကို ဇွန် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

✳ ကျောဖုံးမှ

တက်လှမ်းလာသည်။ နေပြည်တော်အသင်းကလည်း သုံးပွဲဆက်ရှုံးထား၍ အိမ်ကွင်း၌ အားထည့်ကစားမှာ သေချာသည်။ လူစုံပါဝင်လာမည့် ကမ္ဘောဇအသင်းမှာ နိုင်ပွဲဆက်နေ၍ နေပြည်တော်အသင်းထက် စိတ်ဓာတ်ပိုင်း၌ အသာရနိုင်ပေသည်။ အကြိတ်အနယ်ရှိမည့်ပွဲဖြစ်သည်။

မနောမြေ-ရန်ကုန်

လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ၂၁ မှတ်၊ မနောမြေအသင်းက အမှတ် ၂၀ ရရှိကာအမှတ်ကွာဟမှုမရှိ၍ ပြိုင်ဆိုင်မှုပြင်းထန်နိုင်ပေသည်။ လေးနှစ်ဆက် ချန်ပီယံအိပ်မက်အတွက် ရန်ကုန်အသင်းအမှားမခံတော့ဘဲ ယခုပွဲစဉ်တွင် အမှတ်ဆုံးရှုံး၍မရတော့ပေ။ မနောမြေအသင်းမှာလည်း နိုင်ပွဲဆက်နေပြီး နိုင်ငံခြားသားသုံးဦးကို ထိန်းနိုင်မှ ရန်ကုန်အခြေအနေကောင်းနိုင်လိမ့်မည်။

ဧရာဝတီ-မကွေး

အမှတ်ပေးဇယား ဒုတိယနေရာတွင် ရောက်နေသည့် မကွေးအသင်း လူမစုံသည့်ကြားမှ ကစားနေရ၍ ယခုပွဲတွင်လည်း ရှုန်းကန်ရနိုင်သည်။ ဧရာဝတီအသင်းမှာလည်း ပုံစံကောင်းရနေ၍ ပထမအကျော့ကကဲ့သို့ အပြန်အလှန်ရှိနိုင်ပေသည်။

ပြည်တွင်းသတင်း

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်မြှင့်တင်မှုနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၀

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဝန်ထမ်းများနားလည်သိရှိပြီး အပြည့်အဝလိုက်ပါဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှုနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုကို စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင် (FESR) ၏ ဦးစားပေး နယ်ပယ်(၁၀)ရပ်အပေါ် အခြေခံ၍ ဆောင်ရွက်ခဲ့ကြောင်း၊ အုပ်ချုပ်ရေး ယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် စပ်လျဉ်းပြီး ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်အောင် ပွင့်လင်းမြင်သာမှု (Transparency)၊ တာဝန်ယူမှု တာဝန်ခံမှု(Accountability) ရှိအောင် ဆောင်ရွက်ရန်၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး(GDP) တွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုအချိုးအစားများသဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြောင်း။

အလုပ်ရုံဆွေးနွေးပွဲ၏ ပထမနေ့တွင် ဦးစီးဌာန/အဖွဲ့များ၏ တာဝန်ဝတ္တရားများ၊ ရာထူးအဆင့်နှင့် လျော်ညီစွာ တာဝန်ယူတတ်မှုရှိစေရေး၊ တာဝန်ခံတတ်မှု (Accountability) ဖြစ်ရေးတို့ကိုလည်းကောင်း၊ ဒုတိယနေ့တွင် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Comprehensive Development Plan) နှင့်အညီ သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်မည့်လအလိုက် ဆောင်ရွက်မည့် Implementation Plan များ၊ ဆက်လက်အကောင်အထည်ဖော်မည့် အစီအမံများ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် သဘာဝသယံဇာတပစ္စည်း အရင်းအမြစ် ခွဲဝေစီမံခြင်းနှင့် စီမံ/ကွပ်ကဲမှု လုပ်ငန်းစဉ်များကို ICT နှင့် e-Government တို့ ဖွံ့ဖြိုးတိုးတက်ရေး၊ ထိရောက်စွာအသုံးပြုနိုင်ရေးတို့အတွက် ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း၊ တတိယနေ့တွင် အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်စေရန် ဝန်ထမ်းများ၏ စိတ်ဓာတ်စည်းကမ်းနှင့် စွမ်းဆောင်ရည်ပြည့်ဝအောင် (Capacity Building) တည်ဆောက်ခြင်း၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းအောင် ဆောင်ရွက်မှု၊ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (Decentralization) ကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း အောက်ခြေအဆင့်ဆင့်သို့ လုပ်ကိုင်ခွင့်ခွဲဝေမှုများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအကြား လုပ်ငန်းများခွဲဝေပိုင်းခြားဆောင်ရွက်နိုင်စေရန်ကို လည်းကောင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

> **ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်အောင် ပွင့်လင်းမြင်သာမှု (Transparency)၊ တာဝန်ယူမှု တာဝန်ခံမှု(Accountability) ရှိအောင် ဆောင်ရွက်ရန်၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)တွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုအချိုးအစားများသဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ခဲ့**

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်နှင့် ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းတို့က အမှာစကား ပြောကြားခဲ့ကြသည်။

ဆွေးနွေးပွဲကို ဇွန် ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင် အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်

မော်လမြိုင် ဇွန် ၂၀

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများအဖြစ် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ လူမှုရေးလိုအပ်ချက်ရှိသော ကျောင်းသား ကျောင်းသူများကို စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စန်းစန်း၊ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ပညာရေးမှူးနှင့် မော်လမြိုင်မြို့နယ်အတွင်းရှိ ဇေယျာသီရိ၊ သာယာအေး၊ ရွှေမြိုင်သီရိ၊ လှိုင်ရပ်ကွက်၊ ကျိုက်ဖနဲ၊ အောက်ကျင်း၊ မန္တလေး၊ ဖက်တန်း၊ ရွှေတောင်၊ စစ်ကဲကုန်းရပ်ကွက်များမှ လူမှုရေးလိုအပ်ချက်ရှိသော ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကက အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးမျိုးတင်အောင်က စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သော မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အား ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ ဆက်လက်၍ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ဝဲပုံ)**

အဆိုပါအဖွဲ့သည် မော်လမြိုင်မြို့ မုပွန်ရပ်ကွက် ကျိုက်ခါတ်သုတ်ဓမ္မာရုံတွင် လူမှုရေးလိုအပ်ချက်ရှိသော ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ မရမ်းကုန်း၊ ပန်းဘဲတန်း၊ ဘိုကုန်း၊ မောင်ငံ၊ ကွင်းရပ်၊ မုပွန်၊ သီရိမြိုင်၊ သီရိမင်္ဂလာ၊ ဈေးကြို၊ မြေနီကုန်း၊ မြိုင်သာယာ၊ ဇေယျာမြိုင်၊ ကျောက်တန်း၊ ငန်းတေး၊ ခြောက်မိုင်၊ စမ်းကြီး၊ ငွေကုန်း၊ နောင်ခရီရပ်ကွက်၊ ရွှေနတ်တောင်တို့မှ လူမှုရေးလိုအပ်ချက်ရှိသည့် ကျောင်းသား ကျောင်းသူများကို စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် စုစုပေါင်း ထောက်ပံ့ပေးခဲ့သော ကျောင်းသား ကျောင်းသူဦးရေမှာ ၆၆၀ ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

❋ ရှေ့ဖုံးမှ

အင်ဂျင်နီယာ (အဆောက်အအုံ) ဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

"ဆောက်လုပ်ရေးလုပ်ငန်းတွေကို အဆင်ပြေဆုံးဖြစ်အောင် ဆောင်ရွက်ပေးပေမယ့် ခွင့်ပြုချက်မဲ့ တည်ဆောက်မှုတွေ ပိုမိုများပြားလာတာကို လေ့လာတွေ့ရှိရပါတယ်။ ဆင်ခြေဖုံးမြို့နယ်တွေမှာ အများဆုံးဖြစ်ပေါ်လျက်ရှိပါတယ်။ ပိုင်ဆိုင်မှုအဆောက်အအုံ အရည်အသွေးအားနည်းမှုတွေဖြစ်မှ စည်ပင်က သိရတာမျိုးလည်း ရှိပါတယ်။ တည်ဆဲဥပဒေတွေနဲ့ စိစစ်အရေးယူသွားဖို့ ပြင်ဆင်နေပါတယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူက ပြောကြားသည်။

လက်ရှိဆောက်လုပ်ရန် ခွင့်ပြုထားသည့် အဆောက်အအုံများ၏ ရာခိုင်နှုန်းထက်ဝက်နီးပါးကို ပြင်ပ၍ ခွင့်ပြုချက် တောင်းခံခြင်းမရှိဘဲ ဆောက်လုပ်လျက်ရှိနေကြောင်း သက်ဆိုင်ရာမှ ခန့်မှန်းထားသည်။

"ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်အတွင်းမှာ အထပ်မြင့်အဆောက်အအုံ ခြောက်ရာကျော်နဲ့ လုံးချင်းအဆောက်အအုံနှစ်ထောင်ကျော်ကို တည်ဆောက်ဖို့ ခွင့်ပြုပေးခဲ့ပါတယ်။ ယခုနှစ်မှာလည်း သတ်မှတ်စည်းကမ်းနဲ့ကိုက်ညီတဲ့ တင်ပြလာချက်တွေအပေါ်မှာ စိစစ်ပြီး ခွင့်ပြုနေတာဖြစ်ပါတယ်။ အခုလို တရားမဝင်ဆောက်နေတာကို တွေ့ရှိရင် သက်ဆိုင်ရာကန်ထရိုက်၊ မြေပိုင်ရှင်၊ အင်ဂျင်နီယာအားလုံးကို အရေးယူသွားမှာဖြစ်ပြီး တည်ဆောက်ခါစ အဆောက်အအုံတွေကို ပြန်လည်ဖြိုခိုင်းမယ်"ဟု တာဝန်ရှိသူက ပြောကြားသည်။

"ခွင့်ပြုလား၊ မပြုလားတော့ မသိပါဘူး။ ရပ်ကွက်ထဲမှာ သုံးထပ်၊ လေးထပ်၊ ငါးထပ်အဆောက်အအုံတွေတည်ဆောက်တာ အချိန်ခဏလေးပဲကြာတယ်။ အစိမ်းရောင်ခွင့်ပြုမိန့်ဆိုင်းဘုတ်ကိုတော့ တပ်ထားပေမယ့် အချို့က တရားမဝင်အတုတွေလို့ ပြောကြတာကိုသိရတယ်။ အမြန်ဆောက်သွားကြတော့ အပြင်ပန်းကကြည့်ရင် တိုက်ကအသစ်ဆိုပေမယ့် အတွင်းပိုင်းမှာ ကြံ့ခိုင်မှုမရှိတာကို တွေ့ရတယ်။ နောက်ပိုင်းကျတော့ ဝယ်သူတွေက စုံစမ်းကြည့်လိုက်တော့ ခွင့်ပြုချက်မရှိတာတွေ သိလာပြီး ပြဿနာတက်ကြတယ်"ဟု စံပြဈေးအနီးရှိ ရပ်ကွက်တစ်ခုမှ ပြည်သူတစ်ဦးက ပြောကြားသည်။

(မြန်မာ့အလင်း)

လူငယ်များဘဝတစ်ဆစ်ချိုးပြောင်းလဲသွားနိုင်သည့် ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းပြပွဲ

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၀

ပညာရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသည်။ လူတစ်ဦးချင်းအတွက်လည်း အဓိကကျသည့် အချက်တစ်ချက်ဖြစ်သည်။ ယနေ့ခေတ်လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ကျွမ်းကျင်စွာ လေ့လာသင်ယူတတ်မြောက်ထားမှသာ အလုပ်အကိုင်ရှာဖွေရာတွင် လွယ်ကူမည်ဖြစ်သည်။ ယင်းအချက်ကို အထောက်အကူပြုစေမည့် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ပြပွဲ ၂၀၁၃ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန် ၂၀ ရက် နံနက်က စတင်ဖွင့်လှစ်ခဲ့သည်။

"ပညာရေးဆိုင်ရာ အသိပညာတွေကို လူငယ်တွေအပါအဝင် အများပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်ထိထိရောက်ရောက် သိရှိစေရန်နဲ့ပညာရေးကဏ္ဍ ပိုမိုမြင့်မားလာစေဖို့အတွက် အထောက်အကူဖြစ်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာတွေ သိရှိနိုင်ရေးနဲ့ ထူးချွန်တဲ့ဝန်ထမ်းတွေ လိုအပ်နေတဲ့ကုမ္ပဏီတွေအတွက် ရည်ရွယ် ပြီး အခုလိုကျင်းပရခြင်းဖြစ်ပါတယ်" ဟု ပြပွဲကို တာဝန်ယူကျင်းပသည့် Dagon Exhibitions Limitedမှ ဒါရိုက်တာဦးအောင်အောင်က ပြောသည်။ အဆိုပါ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်၊ Tone Pls Sdn မှ တာဝန်ရှိသူများ အပါအဝင် အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယခုကျင်းပခြင်းသည် ဒုတိယအကြိမ် ပညာရေးနှင့် အလုပ်အကိုင်ရှာဖွေရေးအခွင့်အလမ်းပြပွဲဖြစ်ပြီး ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာပြခန်းပေါင်း ၁၀၀ ရှိကာ ကုမ္ပဏီပေါင်း ၇၀က စုစည်းပါဝင်ခင်းကျင်းပြသခြင်းဖြစ်သည်။ ပြပွဲအတွင်း လူငယ်များအတွက် ပြည်တွင်း ပြည်ပတက္ကသိုလ်နှင့် ကောလိပ်များတွင် ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးအခွင့်အလမ်းများ၊ အရည်အချင်းပြည့်ဝသူများအတွက် အလုပ်အကိုင်များ လျှောက်ထားနိုင်သည့် အခွင့်အရေးများကို စိတ်ဝင်စားစွာ ပြသထားသည်။ **(ယာပုံ)**

ထို့အပြင် မလေးရှားတွင် သွားရောက် အလုပ်လုပ်နေသူများအတွက် ဗီဇာပြဿပါက တယ်လီဖုန်းဆင်းကတ်များကို Tone Pls Sdn မှ အခမဲ့ပေးမည့် အစီအစဉ်များလည်း ပါဝင်လျက်ရှိရာ မလေးရှားတွင် တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူများအတွက် အဆင်ပြေစေရန်စီစဉ်ပံ့ပိုးပေးထားခြင်းဖြစ်သည်။

တစ်ဖန်စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာပညာရပ်များ၊ အိုင်တီပညာရပ်များကို လေ့လာသင်ကြားလိုသူများအတွက်လည်း အခွင့်အလမ်းများမည်သို့ရှိသည်၊ နိုင်ငံခြားဘာသာနှင့် နိုင်ငံခြားတက္ကသိုလ်များတွင် တက်ရောက်နိုင်ရေးဝင်ခွင့်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာပညာရပ်များ၊ အင်ဂျင်နီယာနှင့် ဆေးပညာရပ်ဆိုင်ရာပညာရပ်များအတွက် လေ့လာသင်ကြားရန်မည်သို့ ဆောင်ရွက်ရမည်ကို ယခုပြပွဲတွင် စုံလင်စွာ သိရှိနိုင်မည်ဖြစ်သည်။

ဆက်လက်ပြီး အရည်အချင်းရှိသူများ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခုကို တတ်ကျွမ်းထားသည့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ပြလျှောက်ထားနိုင်ရေး ကူညီပေးသည့် ပြခန်းများလည်းရှိနေရာ အထူးသဖြင့် လူငယ်များအတွက် ဘဝတက်လမ်းပြောင်းလဲသွားစေနိုင်သည့် ပြပွဲတစ်ရပ်ပင်ဖြစ်သည်။

ပြည်တွင်းသတင်း

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ လျင်မြန်စွာဆောင်ရွက်ရန်အရေးပါ

နေပြည်တော် ဇွန် ၂၀

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲ မှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာ၌ ပေါင်းစပ်ညှိနှိုင်းမှု အားနည်းခြင်းနှင့် တာဝန်သိသိ တာဝန်ယူလုပ်ကိုင်တတ်မှု အားနည်း ခြင်းတို့ကို Mind set နှင့် လုပ်နည်းလုပ်ဟန် ပြုပြင်ပြောင်းလဲစေရန်ဦးတည်လျက် ဝန်ကြီးဌာနတွင်း တာဝန်သိမှုတာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ဇွန် ၁၉ ရက်မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ၏အကြံပေး ဒေါက်တာဇော်ဦးက နိုင်ငံတော်မှ ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ Quick win နှင့် Tangible result ရရှိရန်အရေးကြီးကြောင်း၊ ပြည်သူများလက်ဆုပ်လက်ကိုင်ပြနိုင်သော အသုံးပြုနိုင်သည့် ရလဒ်များ အမြန်ဆုံးရရှိရန် လိုအပ်ကြောင်း၊ ယင်းသို့နိုင်ငံတော်အစိုးရက ပြည်သူများအတွက် လက်ငင်းအကျိုးခံစားရရှိစေမည့်ရလဒ်များ ရရှိစေရန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အဓိကထားအာရုံစိုက်လုပ်ဆောင်နေချိန်တွင် ဝန်ကြီးဌာနများအားလုံးမှ poll of Government approach ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတွင်းမှာရှိသော အင်အားစုများ၊ အရင်းအမြစ်များ၊ Swept analysis များ၊ အားသာအားနည်းချက်များကို လေ့လာသုံးသပ်ကာ အကောင်းဆုံးရလဒ်ရရှိရေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများသည်လည်း ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ လျင်မြန်စွာ ဆောင်ရွက်သွားနိုင်ရန် အရေးပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်နေသည့်ဌာနတစ်ခုဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များဆောင်ရွက်နေရာ၌ အရေးပါသောဌာန တစ်ရပ်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ပေးမှုများသည် အထူးတန်ဖိုးရှိကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ရှေ့ဆက်ချမှတ်သွားမည့် မဟာဗျူဟာနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်နိုင်ရန်အတွက်လည်းကောင်း၊ Good Governance အဖြစ်ပြုပြင် ဆောင်ရွက်သွားရာ၌ နိုင်ငံခြားရေး ဝန်ထမ်းများမှ သိရှိနိုင်ရန်အတွက်လည်းကောင်း၊ "ပြည်သူ့အုပ်ချုပ်ရေးစနစ်ပြုပြင် ပြောင်းလဲရေး နိုင်ငံတကာအတွေ့အကြုံများနှင့် မဟာဗျူဟာစဉ်းစားချက်များ" ခေါင်းစဉ်ပါ စာတမ်းကို ဟောပြောရှင်းလင်း ဆွေးနွေးခဲ့သည်။

ယင်းသို့ ရှင်းလင်းဆွေးနွေးရာ၌ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဒိုင်းမွန်းပုံနှင့်ပတ်သက်၍ ဝန်ထမ်းစနစ်၊ စီးပွားရေးစနစ်၊ တရားဝင်နိုင်ငံရေး အဆောက်အအုံများနှင့်စည်းမျဉ်းများနှင့်အခြေခံလူမှုနိုင်ငံရေးအစုအဖွဲ့များ အကြား အပြန်အလှန်သက်ရောက်မှုများနှင့်ပတ်သက်၍ လည်းကောင်း၊ လက်ရှိအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု နည်းလမ်းသစ်များနှင့် လစာစနစ် ပြုပြင်ရေး၊ အစိုးရဌာနဖွဲ့စည်းမှုပြင်ဆင်ခြင်း၊ စွမ်းဆောင်ရည်အကဲဖြတ် စနစ်၊ စီမံခန့်ခွဲမှုစနစ်များနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဧရိယာများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေး မူဘောင်များနှင့် မဟာဗျူဟာနှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေးစနစ်ဆိုင်ရာ မဟာဗျူဟာချမှတ်ခြင်း၊ ရလဒ်ဖော်ဆောင် အကောင်အထည်ဖော်ခြင်း၊ ပြည်သူလူထုအား ဆွေးနွေးအသိပေးခြင်းဆိုင်ရာများ၊ သိသာထင်ရှားသော ရလဒ်ဦးစားပေး လုပ်ငန်းများအဖြစ် သတ်မှတ်လုပ်ဆောင်လျက်ရှိသော လျှပ်စစ်မီး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်နှင့် သောက်သုံးရေကဏ္ဍများတွင် သိသာထင်ရှားသောရလဒ်များရရှိရေးဆိုင်ရာ မဟာဗျူဟာ၊ နည်းပညာနှင့် စွမ်းဆောင်ရည်၊ စောင့်ကြည့်လေ့လာမှုတို့နှင့်ပတ်သက်၍ လည်းကောင်းဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးချွန်စွာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအားဆုချီးမြှင့်

ပျဉ်းမနား ဇွန် ၂၀

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးနှင့် အောင်မြင်ကြသော ကျောင်းသားကျောင်းသူများအားပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကိုနေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရာဇဌာနီလမ်းနှင့် ပန်းခင်းလမ်း ထောင့်ရှိ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ယနေ့ နံနက် ၈ နာရီကကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းက ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပျဉ်းမနားမြို့နယ်မှ ကျောင်းသား ကျောင်းသူ ဦးရေ ၃၀၁၀ ဝင်ရောက်ဖြေဆိုခဲ့ရာ ၈၃၀ အောင်မြင်ခဲ့သဖြင့် အောင်ချက် ရာခိုင်နှုန်း၂၇ ဒသမ ၅၇ရာခိုင်နှုန်းရရှိခဲ့ကြောင်း။ ဂုဏ်ထူးရရှိမှုအနေဖြင့် ကြည့်လျှင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင်လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၀၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃၈ ဦးရရှိခဲ့ပြီး နိုင်ငံတော်မှ အားကိုးအားထားပြုရသော နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ဆက်လက်ကြိုးစားကြရန် ပြောကြားသည်။

ဆက်လက်၍ ဘာသာစုံဂုဏ်ထူးရှင် မဥ္ဇူဝေနောင်က "ယနေ့ခေတ် ပညာရေးကို အဓိကဦးစားပေးပြီးဆောင်ရွက်နေတဲ့ ပညာခေတ်အချိန်အခါဖြစ်ပါတယ်။ ကျွန်မတို့လို ကျောင်းသားကျောင်းသူများဟာ "ယနေ့လူငယ်နောင်ဝယ် လူကြီး"ဆိုတဲ့ စကားနဲ့အညီ အနာဂတ်တိုင်းပြည်တာဝန်ကို မလွှဲမသွေ ပခုံးပြောင်းထမ်းဆောင်ရမယ့်လူငယ်လူရွယ်များဟာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ ပညာရေး၊ အခြေခံကောင်းတွေရရှိနေဖို့ အရေးကြီးလှပါတယ်။ ကမ္ဘာ့အဝန်းတိုးတက်နေတဲ့ ခေတ်မီပညာရပ်များဟာ သင်ယူမကုန်နိုင်အောင် ရှိနေပါတယ်။ ခေတ်မီ ပညာသင်ကြားမှုစနစ်များကို နိုင်ငံတော်ကစေတနာ အပြည့်အဝနဲ့ဆောင်ရွက်ပေးခဲ့သည့်နည်းတူ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများက ကျောင်းပိတ်ရက်များမှာတောင် အနားမယူကြဘဲအချိန်ပိုတွေသင်ကြားပေးခဲ့သည့်အတွက် ယခုလို ထူးချွန်စွာအောင်မြင်ခဲ့ရပါတယ်"ဟုပြောကြားခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ နေပြည်တော် ကောင်စီဝင် ပျဉ်းမနားမြို့နယ် တာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ နေပြည်တော် ပညာရေးမှူး(ရုံး) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သိန်းနွဲ့၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြို့နိုင်တို့က ထူးချွန်ဆုရရှိသော ကျောင်းသားကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကြပြီး ဆုရရှိကျောင်းသား ကျောင်းသူ၊ မိဘများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်း-မျိုးဇေယျာ(ပျဉ်းမနား)
ဓာတ်ပုံ-သီရိခေတ်

၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲမန္တလေး၌ဖွင့်

မန္တလေး ဇွန် ၂၀

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေမှုကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက် ပြိုင်ပွဲတတိယပွဲစဉ်(မန္တလေး)၏ ဖွင့်ပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းက မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကလပ်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံ၌နေရာယူကြပြီး မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်၊ မြဝတီဘဏ်လီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ မြဝတီဘဏ်လီမိတက် ဒုတိယမန်နေဂျင်း ဒါရိုက်တာ ဦးယုလွင်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ ရွှေမန်းတောင် ဂေါက်ကလပ် ဒါရိုက်တာအဖွဲ့ဝင် ဦးတင်ကိုကိုတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈) ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ (၁၈)ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Han Golf Academy) က ၇၁ ချက်ဖြင့် ပထမ၊ နိုင်နိုင်လင်း (Srixon) နှင့် မင်းနိုင် (Srixon) တို့က ၇၂ ချက်စီဖြင့် ပူးတွဲ ဒုတိယလိုက်နေကြသည်။ အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် မောင်မောင်ဦး က ၆၈ ချက်ဖြင့် ပထမ၊ ကျော်သက်ဦးက ၇၁ ချက်ဖြင့် ဒုတိယ၊ ဇော်ဇော်ထွန်းက ၇၂ ချက်ဖြင့် တတိယလိုက်နေကြသည်။ **စိုးညွန့်**

ကျောက်ဖြူမှ

ထို့အပြင် အသစ်ထပ်မံဆောက်ရွက်မည့် ပင်မတံတားအပြင် လက်တက်တစ်ခုခွဲထွက်၍ ဆောင်ရွက်ထားရှိသေးကြောင်းသိရသည်။

ရထားလမ်း ခုံးကျော်တံတား အသစ်ဆောက်လုပ်မည့် ပုံစံအရ အရှည် ၁၅၅၇ ပေရှိမည်ဖြစ်ရာ ပင်မတံတားသည် လမ်းဆုံကိုကျော်၍ လမ်းသစ်ပေါ်၌ နေရာယူထားခြင်းဖြစ်ပြီး လမ်းဆုံကိုကျော်၍ ယာဉ်ကင်းလွတ်ခွင့်အမြင့် ၁၆ ပေဖြင့် စီမံဆောင်ရွက်ထားရှိမည်ဖြစ်သည်။

ပင်မတံတားအလယ်မှ ခွဲထွက်သော လက်တက်တံတားသည်လည်း ပင်မ တံတားခါးလယ်မှ ခွဲထွက်၍ ဂိတ် ၅၀ ကိုကျော်ကာ ဗဟိုလမ်းပေါ်တွင် နေရာယူရှိနေမည်ဖြစ်သည်။ အဆိုပါ လက်တက်တံတားသည် အရှည် ၅၉၈ ပေ ခြောက်လက်မရှိနေမည်ဖြစ်၍ ပင်မတံတားအား ယာဉ်သွားလမ်းနှစ်လမ်းအပါအဝင်တံတား အကျယ် ၃၄ ပေနှင့်လက်တက် တံတားသည် ယာဉ်သွားလမ်း တစ်လမ်းနှင့် တံတားအကျယ် ၂၂ ပေတို့ဖြင့် စီမံဆောက်လုပ်မည်ဖြစ်သည်။

မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာမှူး ဦးမျိုးဇော်ထူးက "အခုတံတားအသစ်ထပ်မံဆောက်လုပ်ရခြင်းကတော့ လက်ရှိခုံးကျော်တံတားက ယာဉ်တွေဖြတ်သန်းသွားလာဖို့အတွက် နှစ်လမ်းစာပဲရှိနေလို့ပါ။အမှန်က 4 Lane (လမ်းလေးလမ်း) ရှိသင့်ပါတယ်။ တံတားဟောင်းကကျဉ်းတယ်၊ အရှည် အားဖြင့်လည်းတိုနေပါတယ်၊ လမ်းဆုံကိုကပ်ဆောက်ထားတဲ့အတွက် ယာဉ်ကြောပိတ်ဆို့မှုရှိနေပါတယ်၊ တံတားကဆင်းလာတဲ့ ယာဉ်တွေနဲ့ လမ်းဆုံလမ်းခွမှာ တံတားချဉ်းကပ်လမ်းက ကပ်ဆင်ထားတဲ့အတွက် ယာဉ်ကြောပိုကျပ်စေပါတယ်။

"လောလောဆယ် တံတားလုပ်ငန်းအတွက်ကို ပြည်ထောင်စုဘတ်ဂျတ်ခွင့်ပြုငွေ ကျပ် သန်း ၅၀၀ ခွင့်ပြုထားပါတယ်။ တံတားအတွက် လုပ်ငန်းခွင်သုံးကားလမ်း ဂဝံကျောက်ခင်းခြင်းနှင့် ကြိုတင် အားဖြည့်ကွန်ဂရစ် ရက်မတွေကို ဌာနတံတားပေါင်အလုပ်ရုံ ဝန်ထမ်းများပါဝင်သောဌာနအစီအစဉ်နှင့်ဆောင်ရွက်သွားမှာပါ၊ Foundation၊ တိုင်၊ ကတ္တရာ၊ ကြမ်းခင်းခင်းခြင်းများကိုတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအစီအစဉ်အတွက် တင်ဒါခေါ်ယူရေးကို ဩဂုတ်လမှာခေါ်ယူသွားမယ်လို့ သိရပါတယ်" ဟု ရှင်းပြခဲ့သည်။

စိုးဝင်း(SP)

အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ စီမံကိန်းတွင် တစ်ခန်းလျှင် ၄၆၈ စတုရန်းပေစီရှိ ခြောက်ခန်းတွဲလေးထပ် (Steel Structure)Hall Type ၁၈ လုံး၊ ခြောက်ခန်းတွဲလေးထပ် (RCC Structure)Hall Type ခြောက်လုံး စုစုပေါင်းတိုက် ၂၄ လုံး စုစုပေါင်းအခန်း ၅၇၆ ခန်းအား တည်ဆောက်ပြီးစီးပြီဖြစ်ပါသည်။

၂။ အဆိုပါတိုက်ခန်းများကို အရစ်ကျငွေပေးချေစနစ်နှင့် ဘဏ်ချေးငွေဖြင့် ဝယ်ယူသည့်စနစ်များဖြင့် ဝယ်ယူနိုင်ပါသည်။ ရောင်းချမည့် ဈေးနှုန်းများကို အောက်ပါအတိုင်းသတ်မှတ်ထားပါသည်-

(က) ခြောက်ခန်းတွဲလေးထပ် (Steel Structure) တွင် မြေညီထပ် ငွေကျပ်သိန်း ၁၂၀၊ ပထမထပ် ငွေကျပ် ၁၁၅ သိန်း၊ ဒုတိယထပ် ငွေကျပ် ၁၁၃ သိန်း၊ တတိယထပ်ငွေကျပ် သိန်း ၁၁၀၊

(ခ) ခြောက်ခန်းတွဲလေးထပ် (RCC Structure)တွင် မြေညီထပ် ငွေကျပ် ၁၂၅ သိန်း၊ ပထမထပ်ငွေကျပ် ၁၂၂ သိန်း၊ ဒုတိယထပ် ငွေကျပ် ၁၁၉ သိန်း၊ တတိယထပ်ငွေကျပ် ၁၁၆ သိန်း၊

၃။ လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး အသက် ၂၅ နှစ်ထက် မငယ်သူဖြစ်ရမည်။ လစဉ်မိသားစုဝင်ငွေစုစုပေါင်း အနည်းဆုံးသုံးသိန်းကျပ်ရှိရမည်ဖြစ်ပြီး ခုနစ်သိန်းကျပ်ထက် မကျော်လွန်သောဝင်ငွေရှိမိသားစုဖြစ်ရမည်။ စည်းကမ်းချက်အသေးစိတ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများတွင် စုံစမ်းနိုင်ပါသည်။

၄။ လျှောက်ထားသူသည် ကြော်ငြာသင်ပုန်းတွင်ကပ်ထားသည့် ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ တိုက်ခန်းလျှောက်လွှာပုံစံကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၃၁-၇-၂၀၁၄ ရက်နေ့နောက်ဆုံးထား၍ စာတိုက်မှတစ်ဆင့် မှတ်ပုံတင်ပေးပို့လျှောက်ထားရမည်။

၅။ တိုက်ခန်းများနေရာချထားမှုကို မဲစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး မဲနှိုက်မည့် အစီအစဉ်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြင်းမူမြို့၌ မီးလောင်မှုဖြစ်ပွား နေအိမ်တစ်လုံးဆုံးရှုံး

မြင်းမူ ဇွန် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အမှတ်(၁) နယ်မြေ ကျန်စစ်သားရပ်ကွက်တွင် ဇွန် ၂၀ ရက် နံနက် ၀၀း၄၅ နာရီက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

စုပေါင်းငြှိမ်းသတ်

ဖြစ်စဉ်မှာ ဦးလှအောင်ပိုင်ဆိုင်သော အိမ်တွင် အိမ်ငှားနေထိုင်သူ မခိုင်မို့မို့(ခ)မခိုင် နေထိုင်သည့် မြေစိုက်၊ ထရံကပ်၊ ဝါးကပ်မိုးနှစ်ထပ်အိမ်မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ရပ်ကွက်နေပြည်သူများက မြို့နယ်မီးသတ် ယာဉ်သုံးစီးနှင့် ရပ်ကွက်မီးသတ်ယာဉ်တစ်စီးတို့ဖြင့် စုပေါင်းငြှိမ်းသတ်ခဲ့ရာ နံနက် ၁နာရီ ၅မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ စခန်းမှူးဒုရဲမှူး အုန်းလွင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝေမင်းထွန်းတို့က မီးအမြန်ဆုံးငြှိမ်းသတ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါမီးလောင်မှုတွင် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် မီးလောင်မှုနှင့်ပတ်သက်၍ မြင်းမူမြို့ရဲတပ်ဖွဲ့မှ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်စိုးဖေ**(iprd)

JICA အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်း၏ ဓာတ်ခွဲခန်းအဆောက်အအုံ တည်ဆောက်

နေပြည်တော် ဇွန် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ဇေယျာသီရိမြို့နယ် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်နယ်မြေအတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ စားသောက်ခန်းမများ၊ ကျွဲမွေးရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ၊ အိပ်ဆောင်များ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမဆောင်၌ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်က "စာသင်ခန်းမှ လယ်တောဆီသို့" ဆောင်ပုဒ်နှင့်အညီ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ သင်ကြားမှုစွမ်းရည် တိုးတက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ ဌာနကြီး ၁၃ ခုနှင့် အထောက်အကူပြုဌာနကြီး လေးခုဖြင့် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်၍ သင်ကြားပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ကျောင်းဆောင်နှင့် ကျောင်းသားရေးရာဌာနမှူး မော်ကွန်းထိန်းအဆင့်(၁) ဦးတင်ကိုကိုတို့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးရန်ပုံငွေ ကျပ်သိန်းတစ်ရာကို ပေးအပ်ရာ ပါမောက္ခချုပ်က လက်ခံသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက စိုက်ပျိုးရေးနည်းပညာများ ပို့ချဖြန့်ဖြူးပေးနိုင်ရန် အပတ်တကုတ် သင်ယူဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ယနေ့ခေတ်သည် ပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသောကာလဖြစ်သည့်အားလျော်စွာ Education Age နှင့် တင်စားရသည့် လူသားအရင်းအမြစ်နှင့် သုတေသနပညာရှင်များ၏ အခန်းကဏ္ဍကို အားပေးမြှင့်တင်ရန် ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်များကိုလည်းကောင်း၊ ဆရာ ဆရာမများ၏ သင်ကြားမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကွင်းဆင်းလာရောက်လေ့လာခြင်းဖြစ်ကြောင်း ပြောကြားပြီး တက္ကသိုလ်၏ လိုအပ်ချက်ကို တင်ပြပေးခဲ့သည့် ကျောင်းသူသုံးဦးအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပြီး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး စီမံကိန်း၏ ဓာတ်ခွဲခန်းအဆောက်အအုံ တည်ဆောက်နေသည့် လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေး၍ အင်ဂျင်နီယာများအား ဂုဏ်ပြုလက်ဆောင်နှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တွင်း ယာဉ်ထိန်းရဲအင်အား ၁၀၀ ထပ်မံဖြည့်ဆည်းပေးသွားမည်

ရန်ကုန် ဇွန် ၂၀

ရန်ကုန်မြို့တွင်း လိုအပ်လျက်ရှိသော ယာဉ်ထိန်းရဲအင်အားထပ်မံဖြည့်ဆည်းမှုအနေဖြင့် ယခုလာမည့် ဇူလိုင် ဒုတိယပတ်တွင် အမျိုးသားအမျိုးသမီးအင်အား ၁၀၀ ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)ရုံးမှ သိရသည်။

ရန်ကုန်မြို့တွင်း၌ ယခုလက်ရှိ မီးပွိုင့်စုစုပေါင်း ၁၇၁ ခုရှိပြီး အရေးကြီးသည့် အချို့မီးပွိုင့်များတွင် ယာဉ်ထိန်းရဲများ ထားရှိနိုင်သော်လည်း အချို့မီးပွိုင့်များတွင် ယာဉ်ထိန်းရဲအင်အားအခြေအနေအရ တာဝန်ချပေးထားနိုင်သေးခြင်း မရှိကြောင်း သိရသည်။ တိုးတက်များပြားလာသည့် မော်တော်ယာဉ် အခြေအနေနှင့် ရန်ကုန်မြို့၏ပြုပြင်ပြောင်းလဲမြန်ဆန်မှုအခြေအနေအရ ရန်ကုန်မြို့တွင် ပြည်သူ့ဝန်ဆောင်မှု ရဲတပ်ဖွဲ့တစ်ခုဖြစ်သည့် ယာဉ်ထိန်းရဲအင်အားမှာ အမှန်တကယ် လိုအပ်လျက်ရှိကြောင်း တွေ့မြင်နေရသည်။ "ကျွန်တော်တို့ ဒီရန်ကုန် မြို့တွင်းအနေနဲ့ အမှန်တကယ်ပဲ ယာဉ်ထိန်းရဲအင်အားဟာ အထူးလိုအပ်မှု ရှိနေပါတယ်။ ဒါကြောင့် အခုလာမယ့် ဇူလိုင်လ လယ်ထဲလောက်မှာ အမျိုးသား၊ အမျိုးသမီး ယာဉ်ထိန်းရဲအင်အား ၁၀၀ ထပ်တိုးပေးဖို့ရှိပါတယ်။ အဲဒီအင်အားနဲ့လည်း အခုယာဉ်ထိန်းရဲမရှိသေးတဲ့ မီးပွိုင့် ၄၀ ထဲက မဖြစ်မနေလိုအပ်နေတဲ့ မီးပွိုင့် အခု ၂၀ လောက်ကိုပဲ ထပ်မံဖြည့်ဆည်း တာဝန်ချထားပေးသွားမှာပါ။ ကျန်တဲ့ သိပ်အရေးမကြီးတဲ့ မီးပွိုင့်အခု ၂၀ ကိုတော့ ချထားပေးနိုင်ဦးမှာ မဟုတ်ပါဘူး။ အခုနောက်ပိုင်း မြန်မာနိုင်ငံယာဉ်ထိန်း ရဲတပ်ဖွဲ့အနေနဲ့ ပြည်သူဝန်ဆောင်မှုတစ်ရပ်ဖြစ်လို့ အတတ်နိုင်ဆုံး ဘက်ပေါင်းစုံက ဖြည့်ဆည်းပေးမှုတွေတော့ နိုင်ငံတော်က ဖြည့်ဆည်းလုပ်ဆောင်ပေးနေပါတယ်။ ဒါပေမယ့် နိုင်ငံတော်ရဲ့ မြန်ဆန်တဲ့ ပြုပြင်ပြောင်းလဲမှုကာလမှာ ကျွန်တော်တို့ ဌာနအနေနဲ့ အတတ်နိုင်ဆုံး လက်လှမ်းမီသမျှ အခုလို အင်အားဖြည့်ပေးတာတို့၊ လိုအပ်တဲ့ပစ္စည်းကိရိယာတို့ကို အနေးနဲ့အမြန် ဖြည့်ဆည်းဆောင်ရွက်မှုတွေ လုပ်ပေးနေပါတယ်"ဟု အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ ဒုတိယရဲမှူးကြီး လင်းထွဋ်က ပြောကြားသည်။

လာမည့် ဇူလိုင်လတွင် ထပ်မံဖြည့်ဆည်းပေးမည့် ယာဉ်ထိန်းရဲအင်အားမှာ အမျိုးသမီး အမျိုးသား ၁၀၀ ဖြစ်ပြီး အဆိုပါ အင်အား ၁၀၀ ကို လိုအပ်လျက်ရှိသော ရန်ကုန်မြို့တွင်းရှိ မီးပွိုင့် ၄၀ မှ အရေးတကြီး လိုအပ်သည့် မီးပွိုင့် ၂၀ တွင်သာ ထည့်သွင်း အင်အားဖြည့်ပေးသွားမည်ဖြစ်သည်။ ရန်ကုန်မြို့တွင်း လက်ရှိ ယာဉ်ထိန်းရဲအင်အား ၈၀၀ ကျော် ၉၀၀ နီးပါးက နေ့စဉ် ယာဉ်ထိန်းသိမ်းမှုလုပ်ငန်းတာဝန်များကို ပြည်သူ့ဝန်ဆောင်မှုတပ်ဖွဲ့အနေဖြင့် လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်အဖြစ်လုပ်ဆောင်ပေးနေသည့် ရန်ကုန်မြို့တွင်း မီးပွိုင့်တစ်ခုမှ ယာဉ်ထိန်းရဲများကို တွေ့ရစဉ်။

စာအုပ်နှင့် စာရေးကိရိယာများပေးအပ်

လယ်ဝေး ဇွန် ၂၀

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာအုပ်စု စက်ရုံကျေးရွာရှိ အမှတ် (၈၄) အခြေခံပညာမူလတန်းကျောင်းသို့ မာဃလုလင်ပရဟိတအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များမှ စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့်ဇနီး၊ ပန်းတင်အုတ်ခဲစက်ရုံမှူး ဦးအေးလွင်၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီများ တက်ရောက်ခဲ့ပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးမှတ်ကြီးနှင့် ဇနီးတို့က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထို့အတူ မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု လက်ပံတန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် မာဃလုလင်အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့်ဇနီးတို့ စုပေါင်း၍ ကျောင်းအုပ်ဆရာကြီးထံ ကျောင်းအတွက် အလှူငွေကျပ် ၂၃၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုကိုရှုပ

စဉ့်ကူးမြို့၌ လိုင်စင်မဲ့ဆိုင်ကယ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

စဉ့်ကူး မေ ၂၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတောင်ပိုင်းခရိုင် ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီဂီတိုးဦးဆောင်သော အဖွဲ့သည် ဇွန် ၁၆ ရက် နံနက် ၉ နာရီက စဉ့်ကူးမြို့နယ်ခန်းမ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ လိုင်စင်ပြုလုပ်ပေးခြင်းကို နေ့ချင်းပြီးဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ ဆိုင်ကယ်များလိုင်စင်များ နေ့ချင်းပြီး ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီတို့က လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လိုင်စင်မဲ့ဆိုင်ကယ်များကို ၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက်အထိ လိုင်စင်များ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းနှင့် တကောင်းမြို့နယ်ခွဲနှင့် သပိတ်ကျင်းမြို့နယ်များတွင်လည်း သွားရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၃၃)

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်ချုပ်ကျေးရွာ၊ မြို့ပတ်လမ်း၊ အမှတ် ၁/၁၄၃ နေသူ ၁၂/သလန(နိုင်)၀၀၇၂၄၇ ကိုင်ဆောင်သူ ဦးဝင်းဇော်ထွန်းက သန်လျင်မြို့နယ်၊ စာချုပ်စာတမ်းရုံး ၁၅-၁-၂၀၁၄ ရက်တွင် မှတ်ပုံတင်အမှတ် ၂၆ ဖြင့် ဦးမောင်ရှိန် ၁၂/လသယ(နိုင်)၀၀၄၆၈၉ အမှတ်(၁၀)၊ ခြောက်လွှာ၊ သာခုရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်အား ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် (၁၀)၊ သာခုရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ ခြောက်လွှာ နေသူ ၁၂/လမန(နိုင်)၁၃၀၉၆၆ ကိုင်ဆောင်သူ ဦးစိုးသီဟက ရန်ကုန်မြို့ စာချုပ်စာတမ်းရုံးတွင် ၁၁-၂-၂၀၁၄ရက်တွင် မှတ်ပုံတင်အမှတ်(၄၂၈၉)ဖြင့် ဦးမောင်ရှိန် ၁၂/လသယ(နိုင်)၀၀၄၆၈၉ အမှတ်၁၀၊ ခြောက်လွှာ၊ သာခုရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်အား ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကိုလည်းကောင်း အဆိုပါကိုယ်စားလှယ်လွှဲစာနှစ်စောင်မှာ မလိုအပ်တော့သဖြင့် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲခံရသူ ဦးမောင်ရှိန်ကလည်း ကျေနပ်လက်ခံကြောင်း ထပ်ဆင့်ကြေညာအပ်ပါသည်။

ဦးဝင်းဇော်ထွန်း၊ ဦးစိုးသီဟ
အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းသူများ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းမင်းဦး ၁၂/သဃက(နိုင်)၀၄၀၄၈၂၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၃၂၈၉၇

ဒေါ်ခင်နှင်းဝေနှင့်အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သင်းသင်းစိုး ၁၂/ဥကတ(နိုင်)၁၆၂၀၅၈ သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ လူနေရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၂၀၈/ခ၊ မြေဧရိယာ ပေ(၂၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်တစ်လုံးအား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်ခင်နှင်းဝေ ၁၂/အစန(နိုင်) ၀၀၄၇၆၈ ထံမှ ဝယ်ယူခဲ့သူ ဒေါ်အေးအေးဝင်းထံမှ ၂၀-၆-၂၀၁၂ရက်စွဲပါ စာချုပ်ဖြင့် လွှဲပြောင်းဝယ်ယူပြီး လက်ရောက်ရရှိခဲ့ပါသည်။

ဖော်ပြပါအမည်ပေါက်ပိုင်ရှင် ဒေါ်ခင်နှင်းဝေနှင့် ၎င်းထံမှဝယ်ယူခဲ့သူ ဒေါ်အေးအေးဝင်းတို့သည် အရောင်းအဝယ်စာချုပ်တွင် ဝယ်သူမှတောင်းဆိုသည့်ရက်တွင် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်၊ စာတမ်းချုပ်ဆိုပေးရန် ကတိဝန်ခံချက်ပါရှိပါသည်။ ဝယ်သူ ဒေါ်သင်းသင်းစိုးအနေဖြင့် ဖော်ပြပါရောင်းချခဲ့သူ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်နှင်းဝေအား စုံစမ်းရှာဖွေသော်လည်း ယနေ့တိုင်အဆက်အသွယ်မရရှိဘဲ ရှိနေပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ခင်နှင်းဝေနှင့် ဒေါ်အေးအေးဝင်းတို့သည် ယနေ့ကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဒေါ်သင်းသင်းစိုးထံသို့ဖြစ်စေ လာရောက်ဆက်သွယ်ပြီး ဖော်ပြပါပစ္စည်းအား ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးပါရန် တောင်းဆိုအပ်ပါသည်။

ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါကလည်း ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ထက်ထက်ပိုင် LL.B **ဒေါ်ခိုင်ငြိမ်းဆွေ LL.B** **ဒေါ်မေဝင်းမော် LL.B**
စဉ်-၉၇၄၆ **စဉ်-၃၁၄၇၅** **စဉ်-၃၃၂၃၂**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေများ**
အမှတ် ၅၀၊ အခန်းအေ-၅၊ (၃)ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၁၃၉၁၇၊ ၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၄၄၈၀၂၀၀၄၃

အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးခင်မောင်ဦး ၁၁/သတန(နိုင်)၀၀၅၆၂၆သည် ဒေါ်မိုမိုအောင် ၁၂/မရက(နိုင်)၀၃၀၃၂၁ အပေါ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ တရားမကြီးအမှုအမှတ် ၃၀၃/၂၀၁၃ ဖြင့် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှုနှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား ခွဲဝေပေးစေလိုမှုစွဲဆိုထားပါသဖြင့် လင်မယားနှစ်ဦးပိုင် လက်ထပ်ပွားပစ္စည်းများဖြစ်သည့် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများအား နောက်ဆက်တွဲပစ္စည်းစာရင်းအဖြစ် ထည့်သွင်းစွဲဆိုထားသဖြင့် ဝယ်ယူခြင်း တစ်နည်းနည်းဖြင့် လက်ခံခြင်းများမပြုလုပ်ပါရန် အများသိစေရန်ကြေညာအပ်ပါသည်။ ဝယ်ယူခြင်း၊ လက်ခံခြင်းများပြုလုပ်ပါက ဝယ်ယူသူ၊ လက်ခံသူများ၏ တာဝန်သာဖြစ်ပြီး ကျွန်တော်မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပစ္စည်းစာရင်း

(၁)တိုက်အမှတ်(၁၆)၊ ပန်းမယ်ဇလီလမ်း၊ ပြည်ထောင်စုအိမ်ရာဝင်း၊ ကြီးပွားရေး ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊(၂)အမှတ် ၆၅၃၊ အင်းဝလမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံမြို့နယ်၊ ရန်ကုန်မြို့ရှိ မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။ (၃) အမှတ် ၁၀၉၈၊ အောင်ဘောဂနှင့် အောင်သိဒ္ဓိလမ်းထောင့်၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့နယ်၊ ရန်ကုန်မြို့။ (၄) အမှတ် ၂၃၊ စည်သူလမ်း၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့။ (၅)Nissan ဘောက်ဆာဆီတင်ယာဉ်(၁ခ/၈၉၆၉)။ (၆)Nissan ဘောက်ဆာဆီတင်ယာဉ် (၄က/၂၄၈၉)၊ (၇)Truck ကား (၂ခ/၆၇၁၁)

ဦးခင်မောင်ဦး
၁၁/သတန(နိုင်)၀၀၅၆၂၆
အမှတ် က/၂၀၁၊ ရိုးကြီးချောင်းပတ်လမ်း၊
ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လယ်ယာစိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများ၊ မျိုးစေ့များနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေးကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၂၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်အား အိန္ဒိယနိုင်ငံ မွမ်ဘိုင်းအခြေစိုက် UPL Limited နှင့် ဆက်စပ်ကုမ္ပဏီတစ်ခုဖြစ်သည့် Tatva Global and Pacific Seed (Thia) Limited မှ ညွှန်ကြားရေးမှူး Mr.Pacholk Pongpanich နှင့်အဖွဲ့သည် ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားပတ်ဝန်းကျင်မူဝါဒ မဟာဗျူဟာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့် နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် UPL Limited အနေဖြင့် မြန်မာနိုင်ငံ၌ လယ်ယာစိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများ၊ မျိုးစေ့များနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေး ကိစ္စရပ်များကဲ့သို့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆက်စပ်သည့်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) များ လုပ်ငန်းခွင်လက်တွေ့ သင်တန်းဖွင့်

ပဲခူး ဇွန် ၂၀

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှလိုအပ်သည့် ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင် လက်တွေ့ လေ့လာရန်အတွက် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ဖွင့်လှစ်မည့် လုပ်ငန်းခွင်လက်တွေ့လေ့လာမှုသင်တန်းဖွင့်ပွဲကို ဇွန် ၁၉ ရက်က သင်တန်းဖွင့်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်မှ အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိက သင်တန်းလမ်းညွှန်မှာကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီးဥပဒေအရာရှိ၊ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိများ၊ ပဲခူးခရိုင်ဥပဒေအရာရှိ၊ ပဲခူးမြို့နယ်ဥပဒေအရာရှိနှင့် ဥပဒေအရာရှိအဆင့် -၄ (အစမ်းခန့်) ၁၃ဦး တက်ရောက်ကြကြောင်း သိရသည်။

သန့်စင်(ပဲခူး)

မလေးရှားရောက် မြန်မာအလုပ်သမားများ တရားဝင်ပါမစ်စတင်

ကွာလာလမ်ပူ ဇွန် ၂၀

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလက မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူရှိမြန်မာသံရုံးတွင် ဆောင်ရွက်ရန် လျာထားရာမှ အစီအစဉ်ပျက်ခဲ့သော မြန်မာနိုင်ငံသားများအတွက် ပါမစ်ပေးမည့်အစီအစဉ်ဟု ကြော်ငြာထားသော OSC အစီအစဉ် (သို့မဟုတ်) G to G (အစိုးရနှစ်ဖက်သဘောတူမှု) အစီအစဉ်သည် ဇွန် ၂၅ ရက်တွင် စတင်ပြန်လည် အကောင်အထည်ဖော်ဆောင်တော့မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံရှိ ဆောင်ရွက်ခွင့်ရ ကုမ္ပဏီမှ အသိပေးအကြောင်းကြားလာခဲ့ကြောင်းဖြင့် မလေးရှားရောက် မြန်မာများက ဇွန် ၁၈ ရက် ညပိုင်းက ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ယခင် OSC ဟု အမည်တပ်ထားသော စီမံချက်ကို ယခုလာမည့် ဇွန် ၂၅ ရက်တွင် မြန်မာနှင့် မလေးရှားနိုင်ငံနှစ်နိုင်ငံတို့မှ တရားဝင်ဆောင်ရွက်ခွင့်ရ အသစ်ထုတ်ပြန်ထားသော ကုမ္ပဏီများမှ စတင်ဆောင်ရွက်ခွင့်ရတော့မည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပုံအဆင့်ဆင့်၊ ဆောင်ရွက်ရမည့် တရားဝင်သတ်မှတ်နေရာများ၊ ကုမ္ပဏီအချက်အလက်များ၊ လိုအပ်သော စာရွက်စာတမ်းများ၊ တရားမဝင် မြန်မာနိုင်ငံသားများအတွက် လိုအပ်သောအချက်အလက်များ၊ ကုန်ကျစရိတ်များနှင့် လုပ်ငန်းစဉ်များအားလုံးကို သက်ဆိုင်ရာကထုတ်ပြန်ပြီးမှသာ တိကျစွာဆက်လက်အသိပေးသွားမည်ဖြစ်ကြောင်းဖြင့် မလေးရှားရောက် မြန်မာအလုပ်သမားများအား မလေးရှားရောက်မြန်မာများက လူမှုကွန်ရက်စာမျက်နှာများမှ အသိပေးထားကြောင်း သိရသည်။ ထို့ကြောင့် ယနေ့အမှန်တကယ်ပါမစ်လိုအပ်သော မြန်မာနိုင်ငံသားအားလုံးသည် မိမိတို့အလုပ်ရှင်များနှင့် တိုင်ပင်ကာ ပါမစ်လျှောက်ထားရန်ကြိုးစားအားထုတ်နိုင်ပြီဖြစ်ကြောင်း၊ အလုပ်ရှင်ထောက်ခံမှုမရှိသော ပါမစ်လျှောက်ထားလိုသူများအတွက်မူ မြန်မာနိုင်ငံဘက်မှ တရားဝင်ဆောင်ရွက်ခွင့်ရ ကုမ္ပဏီ၏အကူအညီဖြင့် ပါမစ်လျှောက်ထားရန် မလေးရှားအစိုးရက ခွင့်ပြုပါက တိကျစွာ အသိပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့မလေးရှားနိုင်ငံရောက် တရားမဝင်နေထိုင်နေရသော မြန်မာများအတွက် မည်သူမဆို မလေးရှားအစိုးရနှင့် မြန်မာအစိုးရနှစ်ဖက်အစီအစဉ်ဖြစ်သော ယခုအစီအစဉ်တွင် ပါဝင်လျှောက်ထားခွင့်ရှိပါကြောင်း၊ တရားဝင်သတင်းထုတ်ပြန်ခြင်းဖြစ်ပါကြောင်း၊ အသေးစိတ်အချက်အလက်များကို သတင်းထုတ်ပြန်ပြီးပါကလည်း ဆက်လက်အသိပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့လုပ်ငန်းရှင်များဘက်မှ မလေးရှားရောက် မြန်မာများအားမေးမြန်းလိုမှုများရှိပါက တရားဝင်ဆက်သွယ်မေးမြန်းရရှိနိုင်မည့် ဖုန်းနံပါတ်များကို ခွင့်ပြုချက်ရယူခြင်းဖြင့် အသိပေး ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ပါမစ်လျှောက်ထားမည့်သူများကလည်း စတင်ပြင်ဆင်နိုင်ကြပြီဖြစ်ကြောင်း၊ မိမိတို့အား တာဝန်ယူမည့်သူဌေးများနှင့် တရားဝင်ညှိနှိုင်းထားရန်လည်း အသိပေးလိုပါကြောင်းဖြင့် မလေးရှားရောက် မြန်မာအလုပ်သမားများအား မလေးရှားရောက်မြန်မာများက ဝမ်းမြောက်စရာသတင်းကောင်းကို အချင်းချင်း အသိပေးရန် နှိုးဆော်ထားကြောင်းဖြင့် စုံစမ်းသိရသည်။

စိုးဝင်း(SP)



ယခင် OSC တွင် ထုတ်ပေးသော အထောက်အထားပုံ

ရိုးရာခြယ်သ တိုင်းရင်းညီအစ်မ ဝတ်စားဆင်ယင်မှုပြပွဲကြီး ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

ဇူလိုင် ၃ ရက်သည် မြန်မာအမျိုးသမီးများနေ့ဖြစ်သည်။ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ပူးပေါင်းစီစဉ်မှုဖြင့် ယဉ်ကျေးစုံစွာ မျိုးမြန်မာရိုးရာခြယ်သ တိုင်းရင်းညီအစ်မ ဝတ်စားဆင်ယင်မှုပြပွဲကြီးကို စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ သိရသည်။

အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ပြုလုပ်မည်ဖြစ်ပြီး ယနေ့နာမည်ကြီး ရုပ်ရှင်၊ ဂီတ၊ မော်ဒယ်နှင့်အလှမယ်များအပြင် ဟာသသရုပ်ဆောင်များ ပါဝင်ကြမည်ဟု ဆိုသည်။

ပြပွဲကျင်းပရေးမှ တာဝန်ရှိသူတစ်ဦးက "အရင်နှစ်တွေနဲ့ မတူအောင် ထူးထူးခြားခြား စီစဉ်ထားပါတယ်။ ရိုးရာခြယ်သ တိုင်းရင်းညီအစ်မ ခေါင်းစဉ်နဲ့အညီ တိုင်းရင်းသားတွေအသုံးပြုနေတဲ့ ချည်ထည်တွေကို ယနေ့ခေတ်အမြင်နဲ့ ပေါင်းစပ်ပြီး ဒီဇိုင်းဆန်းဆန်းလေးတွေနဲ့ ပွဲကြည့်ပရိသတ်ကို ဆွဲဆောင်သွားမှာပါ"ဟု ဆိုခဲ့သည်။

မြန်မာတိုင်းရင်းသားများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည်တို့ အသုံးပြုနေကြသည့် ရိုးရာချည်ထည်များဖြင့် ဆန်းသစ်တီထွင် ချုပ်လုပ်ထားသော ဝတ်စုံများကို အမျိုးသမီးငယ်လေးများက သရုပ်ပြဝတ်စားပြသသွားမည်ဟု သိရသည်။

ပြပွဲအတွက် အစမ်းလေ့ကျင့်မှုများကို ဇွန် ၂၅ ရက်တွင်ပြုလုပ်သွားမည်ဖြစ်ပြီး ဇွန် ၂၇ ရက်တွင် ဝတ်စုံပြည့်ဖြင့် တင်ဆက်သွားမည်ဖြစ်၍ ဇွန် ၂၈၊ ၂၉ နှစ်ရက်တွင် အများပြည်သူများ ကြည့်ရှုနိုင်ရန် စီစဉ်ထားကြောင်း ပွဲစီစဉ်သူက ပြောပြသည်။

ကြိုတင်လက်မှတ်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၊ အမျိုးသားကဇာတ်ရုံတို့တွင် အဆင်ပြေစွာဝယ်ယူနိုင်ရန် စီစဉ်ထားပြီး ပြည်သူများသိရှိနိုင်ရန် ဗီနိုင်းကြော်ငြာဘုတ်ကြီးများကို ဟံသာဝတီအဝိုင်း၊ မဟာဗန္ဓုလပန်းခြံ၊ မြေနီကုန်း၊ ဦးထောင်ဘိုအဝိုင်းစသည်တို့တွင် ယခုလပထမအပတ်မှ စတင်စိုက်ထူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ သိရသည်။

ပြပွဲကြီး ပြသနိုင်ရေးအတွက် Diamond Sponsors များအဖြစ် Air KBZ. AYA Bank, Diam and INYA Palace Condominium တို့က ပူးပေါင်းတာဝန်ယူပေးခဲ့ကြပြီး ပွဲစီစဉ်သူအဖြစ် ဒေါ်မြတ်မြတ်ဦးနှင့် John (Star Event Production) တို့က ပါဝင်ကူညီပေးထားကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းများကြိုပို့ရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	မော်တော်ယာဉ်အမျိုးအစား	စီးရေ
(၁)	လူစီး 45 Sectors Aircon Express	၅ စီး
(၂)	လူစီးယာဉ်ငယ် Saloon	၅ စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ် (၁၂)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၄-၇-၂၀၁၄ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ ပေးသွင်းရန် ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၃၂၃နှင့် ၀၆၇-၄၀၇၃၂၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးသောင်းကြည်၏သမီး မထိပ်တင်မြတ် ၁၂/ကမရ(နိုင်)၀၁၃၇၂၄(ကထိက၊ မြန်မာစာဌာန၊ မန္တလေး)သည် မိဘ၏စကားကို နားမထောင်ဘဲ မိမိ၏သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် (လုံး၀) စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသောင်းကြည်
၁၂/သကတ(နိုင်)၁၁၅၃၂၃

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်အရှေ့တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/ဒီ)၊ မြေကွက်အမှတ် ၅ဒီ/၇ဘီ၊ ဧရိယာ ၀ဒသမ ၁၅၀၈ဧက၊ မြေအကျယ်ပေ(၉၀ ×၇၀)၊ မြေပိုင်မြေကွက်နှင့် ၄င်းမြေပေါ်ရှိ အမှတ် ၁၀(က)၊ ရှမ်းလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးသည် ကွယ်လွန်သူ ဒေါ်ခင်ခင်ထွေး ပိုင်ဆိုင်ပြီး ယခုအခါ ကျန်ရစ်သူ သမီးကြီးဒေါ်နုနုကြင်၊ သမီးလတ် ဒေါ်မာလာကြင်နှင့် သားငယ်ဦးကျော်ထွန်းဇင်(ခ)ဦးထွန်းဇင်တို့သုံးဦး၏အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။

ထို့ကြောင့် အထက်ပါအမွေပစ္စည်းအား သားသမီးသုံးဦး၏သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း စသည့်အခြားနည်းတစ်စုံတစ်ရာ လွှဲပြောင်းခြင်းမပြုပါရန် သမီးကြီး ဒေါ်နုနုကြင်၏ ညွှန်ကြားချက်ရရှိသော သမီးဖြစ်သူ အမှတ် ၁၅၀၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်စန္ဒီဝင်း၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်စန္ဒီဝင်း

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြအောင်(အောင်ကြီး)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၁၃)
အမှတ် ၁၆၃၊ လေးလွှာ၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ ယုဇနလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၁)၊ မြေကွက်အမှတ် ၇၂၆၊ အကျယ်အဝန်း(အလျားပေ ၄၀×အနံပေ ၆၀)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကွက်အပါအဝင်အကျိုးခံစားခွင့် အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသိန်းထက်အမည်ဖြင့်(ပါမစ်မြေ)အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိသူ ဦးဌေးဝင်း ၁၂/လမန(နိုင်)၀၉၇၄၀၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအုန်းတင် ၁၂/ပဘတ(နိုင်)၀၀၀၁၄၅ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်တို့နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဥမ္မာမြင့် LL.B အထက်တန်းရှေ့နေ
အောင်တံခွန်ဟိတ်ဏ်း အိမ်ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း
၁၀၃/ခ၊ စိန်ပန်းမြိုင်လမ်းမကြီး၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်
ဖုန်း-၀၉-၇၃၂၄၅၇၆၁၊ ၀၉-၄၂၀၁၃၁၆၅၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၀၆၄)၊ အကျယ်အဝန်း (အလျားပေ ၄၀×အနံပေ၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၁၀၆၄ ဟုခေါ်တွင်သည့်အိမ် အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးတင်မြင့် ၁၂/ဒလန(နိုင်)၀၁၆၀၂၅၊ TTE-၀၅၂၄၄၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုဂရန်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း L.L.B,D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ဝန်ထမ်းအလိုရှိသည်

ကွန်ပျူတာ စက်ပန်းထိုးရန်အတွက်
ကျွမ်းကျင်ဝန်ထမ်း (မ) ၂ဦး၊ အလုပ်သင် (မ) ၆ဦး
အခြေခံလစာကောင်းပေး၍ စရိတ်ငြိမ်း(နေရေးစားရေး)တာဝန်ယူသည်။
ဆက်သွယ်ရန်-ဖုန်း-၀၉-၄၃၀၆၆၃၉၃၊ ၀၉-၂၅၀၂၅၉၃၅၀
လိပ်စာ No.801, Tosta tower လေးထောင့်ကန်လမ်း၊ ရန်ကုန်မြို့

အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနောက် (၁) ရပ်ကွက်၊ ထူပါရုံ ၁၆လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် ၈၀၂၊ အလျားပေ ၂၀×အနံပေ ၆၀၊ စတုရန်း ပေ ၁၂၀၀၊ နှစ် ၆၀ မြေငှားဂရန်ဟုခေါ်တွင်သော မြေကွက်နှင့်ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဦးသန်းထွဋ်စိုး ၁၂/သကတ(နိုင်)၁၁၃၆၀၅ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မော်မော်ခင်(LL.B,D.I.L) (တရားလွှတ်တော်ရှေ့နေ
ဒေါ်ဖြူစင်သန့်(LL.B,D.B.L) (အထက်တန်းရှေ့နေ)
တိုက်အမှတ် ၂၁၂၊ အခန်းအမှတ် ၁၁၊ အရှေ့ရန်ကင်း၊ ငါးလုံးတန်း၊
(၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆၊ ၀၉-၄၂၁၀၉၁၀၃၀

ဖခင်အမည်မှန်

အလက(တွဲ)မရမ်းကွင်းကျေးရွာ၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲမှ မောင်အောင်ထက်ပိုင် အဌမတန်းအောင်နှင့် မစုစုမွန် ဆဋ္ဌမတန်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းမြင့်အစား ဦးမောင်ပု ၁၄/ငပတ(နိုင်)၀၁၇၃၀၇ဖြစ်ပါသည်။

ဦးမောင်ပု

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဘယ်လ်ဂျီယံအခြေစိုက် ခရီးသွားမှတ်တမ်းရိုက်ကူးရေးအဖွဲ့ ဖိုးကျားဆင်စခန်း၌ မှတ်တမ်းရိုက်ကူး

ရေတာရှည် ဇွန် ၂၀

သဘာဝရေခံမြေခံကောင်းမွန်၍ သာယာလှပသည့် မြန်မာနိုင်ငံသည် ပြည်ပခရီးသွားများအတွက် များစွာဆွဲဆောင်မှုရှိနေပြီး ခရီးသွားလုပ်ငန်းကိုမြှင့်တင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ GOLDEN TRIP TRAVEL AND TOURS CO.Ltd ၏ အစီအစဉ်ဖြင့် ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ECCHO LINE BVBA က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် PEKING EXPRESS ခရီးသွားမှတ်တမ်း ရိုက်ကူးရေးအဖွဲ့သည် ဇွန် ၁၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အတွင်းရှိ ဖိုးကျား (၁၀)မိုင်ဆင်စခန်းကို ရောက်ရှိလာကြောင်း သိရသည်။ အဖွဲ့ဝင် ၉၆ ဦး ပါဝင်သည့် အဖွဲ့မှ ၂၂ ဦးပါဝင်သည့် အဖွဲ့သည် မှတ်တမ်းရိုက်ကူးရေး ကင်မရာများ၊ စက်မှုပစ္စည်း ကိရိယာအစုံအလင်ဖြင့် ဆင်များ၏ နေထိုင်လှုပ်ရှားပုံများ၊ တောတွင်း သဘာဝအလှအပများ၊ လူမှုဘဝနေထိုင်မှုများကို ၎င်းတို့ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ကာ ရိုက်ကူးခဲ့သည်ကို တွေ့ရှိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ခရီးသွားမှတ်တမ်း ရိုက်ကူးရေးအဖွဲ့သည် ဇွန် ၉ ရက်မှ စတင်ကာ ဇွန်၂၁ ရက်အထိ မန္တလေး-ပုဂံ-မိတ္ထီလာ-ပန်းလုံရွာ-တောင်ကြီး-ညောင်ရွှေ-နန့်ပန်-ရမည်းသင်း-ဖိုးကျားဆင်စခန်း- ပဲခူး-ရန်ကုန်မြို့များ အပြင် အချို့သောဒေသများတွင် ဒေသခံနေအိမ်များ၌ ညအိပ်ရပ်နားကာ လူနေမှုဘဝများကို မှတ်တမ်းတင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

LIEBHERR SCANIA KONE

Career Opportunity: For Heavy Machine, Bus,Turck, Genset, Escalator and Elevator.

Liebherr အမှတ်တံဆိပ် Germanyနိုင်ငံထုတ် ယန္တရားကြီးများဖြစ်သည့် Excavtor, Dozer, Wheel loader, Batching Plant, Mobile Crane, Foundation Crane, Tower Crane, Crawler Crane များ၊ SCANIA အမှတ်တံဆိပ် Sweden နိုင်ငံထုတ် Bus, Truck and Genset များ၊ KONE အမှတ်တံဆိပ် Finland နိုင်ငံထုတ်Escalator and Elevator များရောင်းချသည့်ကုမ္ပဏီတွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များခန့်အပ်ရန်လိုအပ်နေပါသည်။

1 - Sales Manager (2 persons)
2 - Sales Consultant (8 Persons)
3 - Marketing Supervisor / Staff - (2 persons)
4 - Parts Manager - (2 persons)

အထက်ပါလစ်လပ်နေသော နေရာများအတွက်လျှောက်ထားလိုပါက အောက်ဖော်ပြပါ လိပ်စာများရုံးခန်းများ၊ E-mail Address များသို့ လည်းကောင်း ပေးပို့နိုင်ပါသည်။

အလုပ်လျှောက်ထားရန်လိပ်စာ -

KONE OFFICE
No 01-10 Union Business Center,Nat Maut Street, Bo Cho Qtr, Bahan Township, Yangon,Myanmar.

SCANIA & LIEBHERR OFFICE
No.42-47, Corner of Yangon-Pathein Road and YTU Street,Hlaing Tharyar Township, Yangon,Myanmar.
Phone Number : 09-493 42295, 09-730 65032
E-mail Address : hr@ois-liebherr.com, hr@ois-scania.com, hr@oama-kn.com

Closing Date : (15th July 2014)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၂၄၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၄၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၈၀၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၃၀၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၃-၉၇၀
ဥရောပ	တစ်ယူရို	၈၃၃၅-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၆၂
ထိုင်း	တစ်ဘတ်	၂၉.၈-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၃၁
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်တည်အသစ်)	တစ်အိတ်	၁၇၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၁၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၅၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၉၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၅၂၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၅၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၃၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၅၅၀
ရေတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၅၀၀-၂၆၅၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၉၀၀
သကြား	တစ်ပိဿာ	၉၂၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဂန့်ဂေါမြို့နယ်တွင် နမခစိုက်ကွင်းအမှတ်(၂)မှ စွန့်လွှတ်မြေဧက ၅၀ခန့်ကို မူလတောင်သူများထံ မြေနေရာချထားပေး

ဂန့်ဂေါ ဇွန် ၂၀

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် နမခစိုက်ကွင်းအမှတ်(၂)အတွင်းရှိ ပြန်လည်စွန့်လွှတ်သည့်မြေဧက ၅၀ ခန့်ကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ဂန့်ဂေါမြို့နယ်မြေစာရင်း လက်ထောက်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် မြေစာရင်းဝန်ထမ်းများ၊ သာလင်းကျေးရွာအုပ်ချုပ်ရေးမှူးတို့က တောင်ခရမ်းကျေးရွာမှတောင်သူ ၁၃ ဦး၊ သာလင်းကျေးရွာမှ တောင်သူတစ်ဦး၊ တော်ဝင်ကျေးရွာမှတောင်သူနှစ်ဦး၊ နှမ်းခါးကျေးရွာမှတောင်သူရှစ်ဦး၊ ရေရှင်ကျေးရွာမှတောင်သူရှစ်ဦး စုပေါင်းတောင်သူ ၃၂ ဦးတို့အတွက် ယာယီပုံစံ(၃) ပြန်လည်ပေးအပ်ရန်အတွက် တောင်သူများနှင့်အတူ မြေတိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မြေနေရာများ ပြန်လည်ချထားပေးခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

Myanmar Tourism Federation · World Skills Myanmar 2014

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသည့် စားသောက်ဆိုင်ဝန်ဆောင်ခြင်း၊ ကျွမ်းကျင်မှုနှင့် အစားအစာချက်ပြုတ်ခြင်း ကျွမ်းကျင်မှုပြိုင်ပွဲများအား (၁၀)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၄ အကြိုအဖြစ် ဇူလိုင် ၁၀၊ ၁၁ရက်များတွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲများတွင် ကျွမ်းကျင်ပညာရှင်စုစုပေါင်း ကိုးဦးနှင့် အသက်(၂၂)နှစ်အောက် ပြိုင်ပွဲဝင်သူကိုးဦးအား ပဏာမအကြိမ်ရွေးချယ်ကာ စခန်းသွင်းလေ့ကျင့်ပြီး ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့် အောင်မြင်သူများသည် အောက်တိုဘာလ ၁၉ရက်မှ ၂၉ရက်အထိ ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့တွင် ကျင်းပပြုလုပ်မည့် (၁၀)ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၄သို့ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံလုပ်သားများ စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ စရိတ်အကုန်အကျခံ စေလွှတ်သွားမည်ဖြစ်ပါသည်။

ဟိုတယ်နှင့်စားသောက်ဆိုင်ကြီးများတွင် စားသောက်ဆိုင်ဝန်ဆောင်မှု (Restaurant Service) နှင့် အချက်အပြုတ်ကျွမ်းကျင်သူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကျွမ်းကျင်ပညာရှင်များအတွက် အနည်းဆုံးလုပ်သက် (၁၀)နှစ်နှင့်အထက်ရှိပြီး သင်ကြားရေး အတွေ့အကြုံရှိသူ၊ ပြိုင်ပွဲဝင်မည့်သူအတွက် အသက်(၂၂)နှစ်အောက် လုပ်သက်အသင့်အတင့်(သို့) ဆိုင်ရာသင်တန်းဆင်းများ ဖြစ်ရပါမည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇွန် ၃၀ရက် နောက်ဆုံးလျှောက်ထားနိုင်ပြီး လျှောက်လွှာများအား အောက်ပါလိပ်စာများသို့ လာရောက်ပေးပို့လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများရယူရန်နှင့် လျှောက်လွှာတင်နိုင်သည့်နေရာများ

1. Myanmar Restaurant Association ၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ အမှတ်(၄၀-၄၂) ငါးလွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၉၂၂၀၀၊ ၀၉-၂၅၀၀၈၇၅၃၆၊ ၀၉-၅၀၀၀၁၆၄၊ ၀၉-၅၁၈၃၅၄၅
2. Monsoon Restaurant & Bar အမှတ် ၈၅-၈၇၊ သိမ်ဖြူလမ်း (အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၅၂၂၄၊ ၀၁-၃၇၈၄၂၁၊ ၀၉-၄၃၁၂၁၄၃၁
3. TRC Hotel & Vocational Training School
တိုက် ၂၀၉၊ အခန်း(၁၀၁) ပထမထပ်၊ ကမ္ဘာအေးဘုရားလမ်း(ကမ္ဘာအေးဘုရားမှတ်တိုင်ရှေ့) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၁၀၉၇၊ ၀၉-၇၃၀၅၄၆၈၅၊ ၀၉-၅၀၁၄၁၄၈

ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် တရားမဝင်ရွှေသတ္တုတူးဖော်မှု ဖမ်းဆီး

ဗန်းမော် ဇွန် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်သည် ရွှေထွက်ရာဒေသဖြစ်သည်နှင့်အညီ စီးပွားရေးကောင်းမွန်သောမြို့ ဖြစ်သည်။ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ရွှေခွန်ဆက်သရာဒေသဖြစ်ခဲ့သည်။ တစ်နိုင်တစ်ပိုင်တူးဖော်မှုများကို ရှေးအစဉ်အဆက်ကပင် လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ တရားဝင် တူးဖော်နေကြသော ကုမ္ပဏီများသည် ရွှေတူးဖော်ခြင်းကို လုပ်ကိုင်နေကြကြောင်း သိရသည်။

သို့သော် ရွှေတူးဖော်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများရှိလာရာ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ သဘာဝပတ်ဝန်းကျင် ပျက်စီးသဖြင့် ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်သတိပေးသည့်ကြားမှ လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆက်လက်တူးဖော်နေကြောင်း သတင်းများရရှိသည့်အတွက် တရားမဝင်ရွှေတူးဖော်မှုကို ရှာဖွေဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်။

ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း ဦးစီးခေါင်းဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင် စီမံကိန်းဦးစီးမှူး၊ ခရိုင် စိုက်ပျိုးရေး ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူး၊ ခရိုင်မြေစာရင်းဦးစီးမှူး၊ ဗန်းမောက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဒုအုပ်ချုပ်ရေးမှူး၊ သတ္တုတာဝန်ခံ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ ၅၀ ကျော်သည် ဇွန် ၁၇ ရက် နံနက် ၈ နာရီက ဗန်းမောက်မြို့မှ ထွက်ခဲ့ပြီး ပန်းတောရွာသို့သွားခဲ့ကြောင်း သိရသည်။ ပန်းတောရွာမှ ဟဲချိန်ရွာသို့ သွားရာလမ်းတစ်လျှောက်ရှိ တရားမဝင်ရွှေသတ္တုတူးဖော်နေမှုများကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသော ပစ္စည်းများမှာ ပန်းတောရွာအုပ်စု ပါသက်ကျေးရွာတွင် ဘက်ဟိုးတစ်စီးနှင့် လေးလုံးထိုးအင်ဂျင်စက်လေးလုံး၊ မံထုံကျေးရွာကလပ်ချောင်းအနီးတွင် ဘက်ဟိုးနှစ်စီး၊ ဟဲချိန်ရွာအဝင်တွင် ဘက်ဟိုးတစ်စီး၊ ဟဲချိန်ကျေးရွာ အနောက်ဘက်တောအနီးတွင် ဘက်ဟိုး နှစ်စီး၊ ဟဲချိန်ကျေးရွာအုပ်စု လယ်ဦးကျေးရွာအရှေ့ဘက်တောအနီးတွင် သုံးစီး၊ ဟဲချိန်ကျေးရွာအုပ်စု ထီးတော်ကိုင်ကျေးရွာတွင် လေးလုံးထိုး အင်ဂျင်သုံးလုံး၊ တစ်လုံးထိုးအင်ဂျင်ခြောက်လုံး စုစုပေါင်းကိုးလုံး၊ ဟဲချိန်ကျေးရွာအုပ်စု လယ်ဦးကျေးရွာအရှေ့ဘက်ပါသက်ချောင်းအနီးတွင် တစ်လုံးထိုးအင်ဂျင်စက်နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်

ဖမ်းဆီးရမိသော ပစ္စည်းများနှင့် ပတ်သက်၍ ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့မှူးထံ အရေးယူဆောင်ရွက်ရန် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဦးရဲ(ကသာ)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မူဆယ်တွင် တရားမဝင်တမလန်းသစ်များနှင့် ဆင်သားရေများ ဖမ်းမိ

မူဆယ် ဇွန် ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် တရားမဝင်သစ်များ မကြာခဏဖမ်းဆီးရမိလျက်ရှိရာ ဇွန် ၁၈ ရက် နံနက် ၁၁ နာရီခွဲက မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းမင်းဦး စီစဉ်ညွှန်ကြားမှုဖြင့် မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ်သစ်တောအရာရှိ ဦးဟန်မင်းနောင်နှင့် သစ်တောဌာနအဖွဲ့၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းအေး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးသန်းဆွေ၊ ရဲအုပ်သန်းဇော်ဝင်း၊ ရဲအုပ်သိန်းမြင့်ထွန်း၊ ရဲအုပ်စိုးမြင့်ထွန်း၊ ကောင်းမှုတံရပ်ကွက် အတွင်းရေးမှူး ဦးစိုင်းအောင်ညွန့်၊ ရာအိမ်မှူး ဦးစိုင်းအောင်တင်ဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကောင်းမှုတံရပ်ကွက် ခြံအမှတ် (၁၇၆)နေ ဦးစိုင်းဆိုင်မောင်း (၄၁နှစ်) နေအိမ်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ ခြံအတွင်း စုပုံထားသော တရားမဝင် တမလန်းသစ် ခုနစ်တန်ခန့် ရှာဖွေတွေ့ရှိခဲ့ရာ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရန်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ တရားမဝင်သစ်များနှင့် သစ်တောထွက်ပစ္စည်းများကိုလည်း မေ ၂၆ ရက်က မူဆယ်မြို့ စွမ်စော်ရပ်ကွပ် အမှတ် ၂၅၇ နေ ဒေါ်ခင်ကြူ (၅၉ နှစ်)၊ ဦးရန်ကျားနေအိမ်မှ တမတန်းသစ် ၃၄ ဒသမ၂၅ တန်၊ ဆင်သားရေ ၆၅ အိတ်၊ လိပ်ခွံခုနစ်အိတ်၊ ဇွန် ၅ ရက်က မူဆယ်မြို့ စွမ်စော်ရပ်ကွက် ပန်လုံ(၁)လမ်း ဦးချစ်ရွှေ (၃၆ နှစ်) ခြံဝင်းမှ တမလန်း ၈ တန်၊ ဇွန် ၆ ရက်က မူဆယ်မြို့ စွမ်စော်ရပ်ကွက် လမ်းသွယ် ၆ နေ ဒေါ်အေးခမ် (၄၆ နှစ်) နေအိမ်ခြံဝင်းအတွင်းမှ တမလန်း၊ ပိတောက်/သစ်မာကြီး ၃ ဒသမ ၅ တန်၊ ဇွန် ၇ ရက်က မူဆယ်မြို့လမ်းသွယ် ၆ နေ ဦးကျိန်ချင်းနိမ် (၂၃ နှစ်) နေအိမ်ခြံဝင်းမှ တမလန်းနှင့် ပိတောက် ၁၅ တန်တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် မူဆယ်ရဲစခန်းက တရားစွဲဆိုထားကြောင်း သိရသည်။

သိုလှောင်ထား

မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှ တရားမဝင်သစ်များ ဖမ်းဆီးရမှုမှာ တစ်လအတွင်း ၈၇ ဒသမ ၇၅ တန်၊ ဆင်သားရေ ၆၅ အိတ်နှင့် လိပ်ခွံ ခုနစ်အိတ်တို့ကို ဖမ်းဆီးနိုင်ခဲ့ပြီး မူဆယ်ခရိုင်အတွင်းသို့ တရားမဝင်လမ်းကြောင်းများမှ ရောက်ရှိသိုလှောင်ထားသော သစ်နှင့် သစ်တောထွက်ပစ္စည်းများကို တစ်ဖက်နိုင်ငံသို့ မရောက်ရှိရေး မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှ စီမံချက်ချကာ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

ကြော်ငြာ

THE WORLD'S NUMBER ONE LUXURY CAR BRAND HAS ARRIVED.

The arrival of BMW in Myanmar marks a significant change in the way you experience luxury. As the world's number one luxury car brand, our commitment to the highest standards mean you no longer have to compromise, starting with the BMW 528i. Its BMW TwinPower Turbo engine offers a peak torque of 350Nm while this vehicle's 245hp accelerates from 0 to 100 km/h in 6.2 seconds.

(3 years Warranty, inclusive 3 years Maintenance Service and 1 year Comprehensive Motor Insurance)

The wait is now over. Contact : 09 8633 209 or email : info@pac-bmw.com to experience Sheer Driving Pleasure.

PRESTIGE AUTOMOBILES.
MYANMAR'S EXCLUSIVE AUTHORISED BMW DEALER.

BMW EfficientDynamics
Less emissions. More driving pleasure.

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ ဗဟိုအမျိုးသမီးဆေးရုံကြီးအား ခုတင် ၅၀၀ ဆံ့အဖြစ် တိုးမြှင့် သန်လျင်မြို့ ခုတင် ၁၅၀ ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် တိုးမြှင့်ဖွင့်လှစ်

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဆပ်ကော်မတီ(Delivery Unit)သို့ ဆွေးနွေးအကြံပြုချက်များအား ဆောင်ရွက်ပြီးစီးမှုအခြေအနေတင်ပြခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးမြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဒေသခံပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့မြို့နယ်ရှိဆေးရုံများ အဆင့်မြှင့်တင်လိုခြင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၏ လိုအပ်ချက်များကို တင်ပြလျက်ရှိပါသည်။

၃။ ယင်းအခြေအနေတို့ကို တိုင်းဒေသကြီးများ၊ ပြည်နယ်အလိုက် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှစ်အလိုက်စီမံကိန်းများအရ ဦးစားပေးအစီအစဉ်အတိုင်း ဆေးရုံ၊ ဆေးခန်းများအား အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဆရာဝန်၊ သူနာပြု၊ သားဖွားနှင့်ကျန်းမာရေးဝန်ထမ်းများအား ခန့်ထားပေးခြင်း၊ ဆေးပစ္စည်းကိရိယာများကို ထောက်ပံ့ပေးခြင်းများအား ဆောင်ရွက်လျက်ရှိရာ (၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးမှုများကို ပြည်သူများအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်-

(က) မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ခုတင်(၃၀၀)ဆံ့ ဗဟိုအမျိုးသမီးဆေးရုံကြီးအား ခုတင်(၅၀၀)ဆံ့ဆေးရုံကြီးအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း၊

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ခုတင်(၁၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း၊

(ဂ) မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအား စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ဖွဲ့စည်းခွင့်ပြုခြင်း၊

(ဃ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခုတင်(၁၀၀)ဆံ့ စံကိုက်ဖွဲ့စည်းပုံသို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း၊

(င) ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံများအား ပြင်ဆင်ဖွဲ့စည်းခွင့်ပြုခြင်း-

(၁) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊
(၂) မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့ဆေးရုံ၊
(၃) ကချင်ပြည်နယ်၊ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံ၊
(၄) ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံ၊
(၅) ကချင်ပြည်နယ်၊ တနိုင်းမြို့ပြည်သူ့ဆေးရုံ၊
(၆) တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့ပြည်သူ့ဆေးရုံ၊
(၇) တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့ပြည်သူ့ဆေးရုံ၊
(၈) ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်ပြည်သူ့ဆေးရုံ၊
(၉) ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်ပြည်သူ့ဆေးရုံ၊
(၁၀) မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ပြည်သူ့ဆေးရုံ၊
(၁၁) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဇီးပင်ကြီး ပြည်သူ့ဆေးရုံ၊
(၁၂) ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ပြည်သူ့ဆေးရုံ၊
(၁၃) ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့ပြည်သူ့ဆေးရုံ၊
(၁၄) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်ပန်မြို့နယ် ပြည်သူ့ဆေးရုံ၊
(၁၅) ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းလားမြို့ပြည်သူ့ဆေးရုံ၊
(၁၆) ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်ပြည်သူ့ဆေးရုံ၊
(၁၇) ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ် ပြည်သူ့ဆေးရုံ၊
(၁၈) ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ပြည်သူ့ဆေးရုံ၊
(၁၉) ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့ပြည်သူ့ဆေးရုံ၊
(၂၀) ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံ။

(စ) (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ(၈)ရုံအား ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း-

(၁) ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့ပြည်သူ့ဆေးရုံ၊
(၂) မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့ပြည်သူ့ဆေးရုံ၊
(၃) မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်ပြည်သူ့ဆေးရုံ၊
(၄) ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့ပြည်သူ့ဆေးရုံ၊
(၅) ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်ပြည်သူ့ဆေးရုံ၊
(၆) ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့ပြည်သူ့ဆေးရုံ၊
(၇) ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံ၊
(၈) ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့ပြည်သူ့ဆေးရုံ။

(ဆ) မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ဖွဲ့စည်းခွင့်ပြုခြင်း၊

(ဇ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေ(လင်းသာ)တွင် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ(၁)ရုံ အသစ်ဖွင့်လှစ်ခြင်း၊

(ဈ) (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ(၂)ရုံအား (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း-

(၁) မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ စကုတိုက်နယ်ဆေးရုံ၊
(၂) ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူ တိုက်နယ်ဆေးရုံ။

(ည) (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၂)ရုံ၏ လက်ရှိဖွဲ့စည်းပုံအား စံကိုက်ဖွဲ့စည်းပုံသို့ ဖွဲ့စည်းခွင့်ပြုခြင်း-

(၁) မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့ တိုက်နယ်ဆေးရုံ၊
(၂) ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်တိုက်နယ်ဆေးရုံ။

(ဋ) (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၉)ရုံ အသစ်ဖွင့်လှစ်ခြင်း-

(၁) ကယားပြည်နယ်၊ ဒီမောဆိုးမြို့နယ်၊ လိုဘာခိုကျေးရွာ၊
(၂) ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ၊
(၃) စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ မကျီးဘုတ်ကျေးရွာ၊
(၄) မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ တရာနာကျေးရွာ၊
(၅) မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ကြို့ပင်ကျေးရွာ၊
(၆) မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ သဋ္ဌေးကုန်းကျေးရွာ၊
(၇) ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အင်းမကျေးရွာ၊
(၈) ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ကျိုက်လတ်ကျေးရွာ၊
(၉) ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ထီဆိပ်ဘုရားစုကျေးရွာ။

(ဌ) မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့၊ အမှတ်(၃)ရပ်ကွက်၊ အောင်ချမ်းသာရပ်၌ ဒေသန္တရကျန်းမာရေးဌာန (၁)ခု အသစ်ဖွင့်လှစ်ခြင်း၊

(ဍ) **ကျေးလက်ကျန်းမာရေးဌာန(၁၂)ခု အသစ်ဖွင့်လှစ်ခြင်း-**

(၁) ကချင်ပြည်နယ်၊ မန်စီမြို့နယ်၊ ဟန်ထက်ကျေးလက်ကျန်းမာရေးဌာန၊
(၂) ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဇဖိုင်-က ကျေးလက်ကျန်းမာရေးဌာန၊
(၃) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ မကျီးကုန်းကျေးလက်ကျန်းမာရေးဌာန၊
(၄) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ရေယိမ်းကျေးလက်ကျန်းမာရေးဌာန၊
(၅) ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ခင်တန်းကြီး ကျေးလက်ကျန်းမာရေးဌာန၊
(၆) ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ရေသျှံကြီး ကျေးလက်ကျန်းမာရေးဌာန၊
(၇) ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကျွဲသတ်ကျေးလက်ကျန်းမာရေးဌာန၊
(၈) ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ ပဲမခန်း ကျေးလက်ကျန်းမာရေးဌာန၊
(၉) ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ဝိုင်းကျေးလက်ကျန်းမာရေးဌာန၊
(၁၀) မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးလက်ကျန်းမာရေးဌာန၊
(၁၁) မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ဆူးဖြူကုန်း ကျေးလက်ကျန်းမာရေးဌာန၊
(၁၂) ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ပလောင်ကြီး ကျေးလက်ကျန်းမာရေးဌာန ။

(ဎ) **ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၃)ခုအသစ်ဖွင့်လှစ်ခြင်း-**

(၁) ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ကန်းဖန့် ကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၂) ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ လန်ယန် ကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၃) ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ထော့ဂေါကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၄) ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ လုတ်နော့ဂျန် ကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၅) ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ဖရဲကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၆) ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်း

စာမျက်နှာ ၁၆ သို့

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၆၀

ကွယ်လွန်သူ ဦးမောင်မောင်၏ မြန်မာ့စီးပွားရေးဘဏ်(၁)မန္တလေးမြို့၌ စုဆောင်းငွေများအပေါ်တွင် အမွေဆက်ခံခွင့်ရလိုကြောင်း လျှောက်ထားမှု။

ဒေါ်ခင်စောမူ

အမှတ် (၁)၊ ၁၄ လမ်း၊ လမ်း ၈၀ထောင့်၊

အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ **လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၁၄ လမ်း၊ လမ်း ၈၀ထောင့်၊ အမှတ် (၁)နေ ဒေါ်ခင်စောမူက ကွယ်လွန်သူ ဦးမောင်မောင်၏ဇနီးအရင်းဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးမောင်မောင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးမောင်မောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ခုနှစ် ဇူလိုင် ၇ရက်(၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ခင်စောမူ၏ လျှောက်ချက်ကိုနားကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇွန် ၁၁ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)

တွဲဖက်ခရိုင်တရားသူကြီး(၄)

မန္တလေးခရိုင်တရားရုံး

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၀ နှင့်ဆက်သွယ်သည့်

၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၇၂

ဒေါ်မြင့်ကြည်(၎င်း၏အထွေထွေ **နှင့်** ဒေါ်ခင်မြ

ကိုယ်စားလှယ်စာရသူ ဒေါ်စိုးပြည့်သန္တာတင်)

ဒီကရီအနိုင်ရသူ **တရားရှုံး**

ဒေါ်ခင်မြ ဦးပိုင်(၃၄)၊ အကွက် ၁၄၊ အောင်ပင်လယ်ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၀တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်မြင့်ကြည်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၁ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ထားထား

တွဲဖက်ခရိုင်တရားသူကြီး(၃)

မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၇

ဦးမျိုးအောင် **နှင့်** ဦးကျော်သိန်း

တရားလို **တရားပြိုင်**

ဦးကျော်သိန်း (အရီးတောင်းလက်ဖက်နှင့် အကြော်စုံလုပ်ငန်း) ၆၈လမ်း၊ ၂၇×၂၈ လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးအောင်က ခြံစည်းရိုးကာရံထားသည့် သွပ်ပြားများနှင့် အဆောက်အအုံအား ဖျက်သိမ်းဖယ်ရှားပြီး မြေအစိတ်အပိုင်းအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)

တွဲဖက်ခရိုင်တရားသူကြီး(၄)

မန္တလေးခရိုင်တရားရုံး

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

စာမျက်နှာ ၁၅ မှ

ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၇) ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ချီလာဝါဒီ ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၈) စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ ကုန်းစည်း ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၉) စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ မော်ကယ် ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၁၀) စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ နန်းသပ် ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၁၁) စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ ဟဲကင်း ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၁၂) စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ အောင်းပင်း ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၁၃) စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ တပုတော ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၁၄) စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ ကင်းပင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၁၅) စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ မြင်သာဦး ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၁၆) စစ်ကိုင်းတိုင်းဒေသကြီး၊ ကွန်းလှမြို့နယ်၊ လိပ်ဆင်းတောင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၁၇) စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ကျော်ရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၁၈) စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ပျဉ်တော ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၁၉) စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ တဇယ်ချောင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၂၀) မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အင်ကုန်း ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၂၁) မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆုံကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၂၂) မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ညောင်မှော်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၂၃) မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပျဉ်းချောင်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၂၄) မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ထန်းပင်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၂၅) မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ စံကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၂၆) မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ လယ်ဖြူ(၄) ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၂၇) မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ မိုးကြိုး ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၂၈) မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ နန်းတော်ကွန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၂၉) ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကပိုင်ချောင်း ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၃၀) ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကွန်းချောင်း ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၃၁) ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ဆင်ပိုက် ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၃၂) ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ချိန်ခါလီ ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၃၃) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ မန်ဆာလုံကျေးလက်ကျန်းမာရေးဌာနခွဲ။

၄။ ကယားပြည်နယ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၏ ကျန်းမာရေးဆိုင်ရာတင်ပြချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို အောက်ပါအတိုင်း ရှင်းလင်းအပ်ပါသည်-

- (က) ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ (၂၅)ခုတင်ဆံ့ဆေးရုံ အကြီးစားပြင်ဆင်ရန် လိုအပ်နေကြောင်း တင်ပြချက်နှင့် စပ်လျဉ်း၍ ဖားဆောင်းပြည်သူ့ဆေးရုံကြီးတွင် ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ(၂)လုံး၊ (၆)ခန်းတွဲ(၂)လုံး တည်ဆောက်ခြင်းအတွက် ရန်ပုံငွေကျပ်သန်း(၂၀၀)နှင့် ဓါတ်မှန်ဆောင်ဆောက်လုပ်ခြင်းအတွက် ရန်ပုံငွေကျပ်(၂၂)သန်းကို (၂၅-၄-၂၀၁၄) ရက်နေ့တွင် ခွဲဝေချထားပေးပြီးဖြစ်ပါသည်၊
- (ခ) ဘောလခဲမြို့နယ်၊ ရွာသစ်တိုက်နယ်ဆေးရုံတွင် ဆရာဝန်လိုအပ်နေခြင်းကိစ္စ တင်ပြချက်နှင့်စပ်လျဉ်း၍ လက်ထောက်ဆရာဝန်(၁)ဦးအား ရွာသစ်တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ကြီးဌာန၏ (၂၀-၃-၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၃မက (က)၂၀၁၄/၁-၈၄ ဖြင့် ခန့်အပ်ပြီးဖြစ်ပါသည်။

၅။ (၃-၂-၂၀၁၄)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် တင်ပြချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေအား အောက်ပါအတိုင်းရှင်းလင်းအပ်ပါသည်-

- (က) စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊မလဲသာ တိုက်နယ်ဆေးရုံတွင် ဓါတ်မှန်စက်(၁)လုံး ချထားပေးပါရန်နှင့် ယင်းမာပင်မြို့နယ်ဆေးရုံ၊ ကပိုင်တိုက်နယ်ဆေးရုံတို့တွင် လိုအပ်သောဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ပေးရန် တင်ပြချက်အပေါ် ကျန်းမာရေးဦးစီးဌာန၏ (၂၈-၂-၂၀၁၄)ရက်စွဲပါစာအမှတ်၊ ကုသ-၄/က-၈/၂၀၁၄(၀၇၂)ဖြင့် ထောက်ပံ့ပေးရန် ခွင့်ပြုထုတ်ပေးပြီးဖြစ်ပါသည်၊
- (ခ) ရေဦးမြို့၊ ခုတင်(၁၀၀)ဆံ့ မြို့နယ်ဆေးရုံအတွက် အမှိုက်မီးရှို့စက်(၁)လုံး ချထားပေးရန် တင်ပြချက်အပေါ် (၅-၃-၂၀၁၄) ရက်နေ့တွင် ရန်ပုံငွေကျပ်(၅. ၁)သန်းအား ခွဲဝေပေးပြီး ဖြစ်ပါသည်၊
- (ဂ) စစ်ကိုင်းမြို့၊ တလိုင်းကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက် ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ရန် တင်ပြချက်အပေါ် တလိုင်းကျေးလက်ကျန်းမာရေးဌာနခွဲသည် စစ်ကိုင်းမြို့နယ်ဆေးရုံနှင့်(၂၀)မိုင်၊ မင်းကွန်းတိုက်နယ်ဆေးရုံနှင့်(၉)မိုင်၊ ပဒူတိုက်နယ်ဆေးရုံနှင့် (၆)မိုင်ကွာဝေးပြီး လူဦးရေ(၁၂၀၀၀)ကျော်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် (၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ပေးရန် စီစဉ်လျက်ရှိပါသည်၊
- (ဃ) မြောင်မြို့နယ်၊ မကျီးဘုတ်ကျေးရွာကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့်သို့ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုကြောင်းကို (၁၂-၆-၂၀၁၄)ရက်နေ့မှစ၍ ခွင့်ပြုပြီးဖြစ်ပါသည်၊
- (င) တန့်ဆည်မြို့နယ်ဆေးရုံ၊ ဖောင်းပြင်မြို့နယ်ဆေးရုံ၊ ကွန်းလှမြို့နယ်ဆေးရုံများကို (၂၅) ခုတင်ဆံ့မှ (၅၀)ခုတင်ဆံ့အဖြစ် တိုးမြှင့်ရန် (၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံ အကြီးစားမွမ်းမံခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် (၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ ကျပ်(၁၁၇. ၉)သန်းကို (၂၅-၄-၂၀၁၄)ရက်နေ့တွင် ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနသို့ လုပ်ငန်းဆောင်ရွက်နိုင်ရန် ရန်ပုံငွေခွင့်ပြုပြီးဖြစ်ပါသည်။

၇။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့သည် (၂၅-၄-၂၀၁၄)ရက်နေ့တွင် လှည်းကူးမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ ဝါးယားကုန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေးပြီး ဖောင်ကြီး(အရှေ့)စံပြကျေးရွာတွင် ကျေးလက်ဆေးပေးခန်းအဆောက်အအုံရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းခြင်းအပေါ် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီး(အရှေ့)စံပြကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို (၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၈။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်အတွင်း ကွင်းဆင်းခဲ့သည့် ခရီးစဉ်တွင် ကျေးရွာပြည်သူလူထု၏ တင်ပြချက်အပေါ် မြောင်မြို့နယ်၊ မြစ်သာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ခွင့်ကို ကျန်းမာရေးဦးစီးဌာန၏ (၂၈-၂-၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ကမဘ/ဃ-၁၁၈၄/၄၀ ဖြင့် ခွင့်ပြုမိန့်ထုတ်ပြန်ပေးပြီးဖြစ်ပါသည်။

ဒေသန္တရလေ့လာရေးခရီးကြမ်းစက်ဘီးအဖွဲ့ ခရီးစဉ်အဆုံး ဘုရင့်နောင်အင်္ဂုသို့ရောက်

ဘုတ်ပြင်း ဇွန် ၂၀

အဖွဲ့ဝင်သုံးဦးပါ တနင်္သာရီတိုင်းဒေသကြီး ၁၀ မြို့နယ် ဒေသန္တရ လေ့လာရေးခရီးကြမ်းစက်ဘီးအဖွဲ့သည် ကော့သောင်းမြို့ ဘုရင့်နောင်အင်္ဂူ (ဝိတိုရိယအင်္ဂူ)သို့ ဇွန် ၁၈ ရက် ညနေ ၄နာရီ ၄၅ မိနစ်က ရောက်ရှိလာရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြပြီး အဆိုပါအဖွဲ့သည် ဇွန် ၁၀ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့မှ စတင်ထွက်ခွာခဲ့ကြပြီး ရေဖြူမြို့နယ်၊ လောင်းလုံမြို့နယ်၊ သရက်ချောင်းမြို့နယ်၊ ပုလောမြို့နယ်၊ မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်တို့မှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီးအတိုင်း စက်ဘီးကိုယ်စီဖြင့် ခရီးကြမ်းနှင်ကာ ခရီးစဉ်နောက်ဆုံးမြို့ဖြစ်သည့် ကော့သောင်းမြို့၏ ဘုရင့်နောင်အင်္ဂူ (ဝိတိုရိယအင်္ဂူ)သို့ ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါ ဒေသန္တရလေ့လာရေးခရီးကြမ်းစက်ဘီးစီးအဖွဲ့သည် ခရီးစဉ်အစ ထားဝယ်မြို့မှအဆုံးဖြစ်ရာ မြန်မာနိုင်ငံ တောင်ဘက်စွန်း ကော့သောင်းမြို့ ဘုရင့်နောင်အင်္ဂူ (ဝိတိုရိယအင်္ဂူ)အထိ ခရီးအရှည် မိုင်စုစုပေါင်း ၅၀၀ ကျော်ခန့်အား ဇွဲနပဲကြီးစွာ ကြံ့ခိုင်သည့်စိတ်ဓာတ်ဖြင့် တိုင်းဒေသကြီးအတွင်း ကဏ္ဍပေါင်းစုံမှ တိုးတက်ဖွံ့ဖြိုးလာနေပြီဖြစ်သည့် အခြေခံအဆောက်အအုံနှင့် အခြေအနေမှန်များ လေ့လာရန်နှင့် ဒေသခံတိုင်းရင်းသားတို့၏ ယဉ်ကျေးမှု လူနေမှုစရိုက်ဓလေ့ထုံးစံများအား အခြေခံကျစွာ သိရှိလေ့လာရန် ရည်ရွယ်ချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၁၀)မြို့နယ်အား ခရီးရှည် စက်ဘီးစီးနင်းခြင်းဖြစ်သည်။ ၎င်းတို့အဖွဲ့ဖြတ်သန်းရာ မြို့နယ်များမှ ဒေသတာဝန်ရှိသူများ၊ ပြည်သူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြရာ ချီးမြှင့်ပေးအပ်သည့် ဆုကြေးငွေများအား ပရဟိတ လုပ်ငန်းများသို့ ပြန်လည် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး**

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မန္တလေးမြို့

မဟာအောင်မြေမြို့နယ်တရားရုံးတော်၌

မန္တလေးခရိုင်တရားရုံးတော်၏ ၂၀၁၃ခုနှစ်၊

တရားမကြီးမှုအမှတ်-၂၁၈နှင့်ဆက်သွယ်သည့်

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆

ဒေါ်ငယ်(ခ)ဒေါ်အားမိန် **နှင့်** ဒေါ်မြသိန်း

ဒီကရီအနိုင်ရသူ **တရားရှုံး**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၉ လမ်း၊ ၈၀×၈၁ကြား၊ 'ငွေသဇင်' ကုန်စုံဆိုင်နေသူ (ပိုင်ရှင်)ဒေါ်မြသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

မန္တလေးခရိုင် တရားရုံးတော်၏ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၁၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်ငယ်(ခ)ဒေါ်အားမိန်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁၄ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန် ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သောင်းလွင်
မြို့နယ်တရားသူကြီး
မဟာအောင်မြေမြို့နယ်တရားရုံး

ကြေး/မြေ ၁၅၀ ဒုတိယအကြိမ်မြောက် မိတ်ဆုံစားပွဲ

ကြေး/မြေဌာနကြီးသို့ ၁၉၇၆ တွင် စတင်ဝင်ရောက်အမှုထမ်းခဲ့သည့် ၁၅၀ အသုတ် အရာရှိဟောင်းများ၏ ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံပွဲကို ၂-၈-၂၀၁၄ ရက် (စနေနေ့) နံနက် ၉း၃၀ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တော်လှန်ရေးပန်းခြံအရှေ့ဘက် M-3 Restaurant ၌ ကျင်းပပြုလုပ်ပါမည်။ တက်ရောက်မည့် ၁၅၀ များမှ စုံစမ်းသတင်းပို့ရန်နှင့် အလှူငွေထည့်ဝင်ရန် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်နိုင်ပါသည်။ နယ်မှ အလှူငွေထည့်ဝင်လိုသူများ သိမ်ဖြူလမ်း၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ၊ ငွေစုစာအုပ် Account No 002 0132 002016220 01 9 သို့ တိုက်ရိုက်ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ဦးစောလှိုင် ဖုန်း-၀၉-၅၁၄၀၇၁၃၊ ဦးဇော်မင်း ဖုန်း-၀၉-၅၃၅၂၄၁၈၊ ဦးသန်း ဖုန်း-၀၉-၄၃၂၀၀၉၀၄၊ ဦးခင်မောင်ဗိုလ် ဖုန်း-၀၉-၄၉၀၃၀၂၀၈၊ ဦးခင်မောင် ဖုန်း-၀၉-၂၅၄၃၄၅၃၈၄၊ ဦးအေးကြူ ဖုန်း-၀၉-၄၅၀၀၅၈၅၅၃၊ ဦးဖေသန်း ဖုန်း-၀၉-၅၀၄၆၂၇၄

၁၅၀ တွေ့ဆုံပွဲဖြစ်မြောက်ရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

အမရပူရမြို့နယ်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၈

ကိုချစ်ကို နှင့် ၁။ ဒေါ်ညွန့်ညွန့်သန်း
၂။ ဒေါ်တင်မြင့်

တရားလို **တရားပြိုင်များ**

အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ သရက်တန်းကျေးရွာ၊ ဒေါ်ညွန့်ညွန့်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုချစ်ကိုက ၂၀၁၃ခုနှစ် ဧပြီ(-) ရက်မပါ နှစ်ဦးသဘောတူ ဝိုင်းမြေအရောင်းအဝယ်ကတိစာချုပ်မှာ တရားမဝင် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၃၀ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၄ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငူလ်ခန့်ကပ်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
အမရပူရမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀၊ မြေကွက်အမှတ် ၁၇၄၊ မြေကွက်တည်နေရာအမှတ် ၁၇၄၊ ၇လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးအေးကြိုင်၊ ဦးမြသောင်း) အမည်ပေါက်နှစ်၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအေးကြိုင် ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်စန်း ၁၂/ဥကတ(နိုင်)၀၈၁၂၄၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြသောင်း ၁၂/ဥကတ(နိုင်)၀၁၆၀၀၉ နှင့်ပူးတွဲပြီး အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၆၀၇/ခ)၊ မြေကွက်တည်နေရာ အမှတ်၆၀၇၊အနော်မာ ၁၄လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအဒူကော်ရိမ်အမည်ပေါက် နှစ်၆၀ ဂရန်မြေ အား အမည်ပေါက် ဦးအဒူကော်ရိမ် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးနှင့်သားသမီးများဖြစ်သော (၁)ဒေါ်မိချို ၁၂/သကတ(နိုင်) ၁၃၉၀၅၀၊ (၂)ဒေါ်တင်တင်ဦး TKA-၀၉၂၂၂၀၊ (၃)ဦးကျော်ဇင်ထွန်း TKA-၀၉၂၂၁၉၊ (၄)ဒေါ်ခင်ချို TKA-၀၉၂၂၂၁၊ (၅)ဒေါ်ဇင်သန္တာခိုင် TKA-၀၉၂၂၂၂တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပခုက္ကူဒေသအခြေပြုပြေးဆွဲသည့် အဝေးပြေးယာဉ်များ သတ်မှတ်စည်းကမ်းနှင့် ညီညွတ်မှု ရှိ မရှိစစ်ဆေး

ပခုက္ကူ ဇွန် ၂၀

ခရီးသည်ပို့ဆောင်ရေးယာဉ်များ အန္တရာယ်လျော့နည်းကျဆင်းရေး၊ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းဝေး၍ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးမှူး ဦးအောင်သန်းဦးဆောင်လျက် မော်တော်ယာဉ်စစ်ဆေးရေး အင်ဂျင်နီယာဦးကျော်အောင်၊ ခရိုင်ပို့ဆောင်ဆက်သွယ်ရေး ဦးစီးမှူး ဦးသိန်းဖေမြင့်၊ အမှတ်(၂) တပ်ဖွဲ့စိတ်မှူးရုံးမှ ယာဉ်ထိန်းတပ်ကြပ်ကြီးကျော်ထွန်းနိုင်၊ တပ်ကြပ်ကြီး ငြိမ်းချမ်း၊ ပုဂ္ဂလိကပိုင် လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ စနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီဝင်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၈ ရက် ညနေ ၅ နာရီက ပခုက္ကူအဝေးပြေးကားကြီးကွင်း ဂိတ်အထွက်ပေါက်၌ ပခုက္ကူဒေသမှ အခြားဒေသသို့ ခရီးဝေးထွက်ခွာမည့် ခရီးသည်တင်ဆောင်ထားသည့် ယာဉ်များကို ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ပူးပေါင်းစစ်ဆေးရေး အဖွဲ့သည် ခရီးသည်တင်ကားများကိုစစ်ဆေးရာ ပခုက္ကူဒေသမှ အခြားဒေသသို့ ထွက်ခွာမည့်ခရီးသည်တင်ကားများတွင် လုပ်ငန်းလိုင်စင်၊ စည်းကမ်းနှင့်ညီညွတ်မှုရှိ မရှိ၊ အရေးပေါ်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်ပါရှိမှု၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်နောက်လိုက်လိုင်စင်၊ မီးသတ်ဆေးဘူးကောင်းမွန်ပြည့်စုံမှု၊ ရောင်ပြန်ပြားများ၊ ကားတာယာများ ကောင်း မကောင်း၊ ဘရိတ်ကောင်း မကောင်း၊ အချက်ပြမီးများကောင်း မကောင်း၊ အထူးအလေးထား စစ်ဆေးခဲ့ပြီး စည်းကမ်းနှင့် ပြည့်စုံကိုက်ညီမှုမရှိသောယာဉ်များကို သတိပေးခြင်း၊ ပညာပေးဟောပြောခြင်း၊ မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျွန်တော်တို့အနေနဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေး ခရီးသွားပြည်သူများ လုံခြုံစိတ်ချရရေးအတွက် ရက်သတ္တပတ်ကို အနည်းဆုံးသုံးကြိမ် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့တွေနဲ့ စုပေါင်းစစ်ဆေးနေတာဖြစ်ပါတယ်။ ပခုက္ကူဒေသကို ဗဟိုပြုပြေးဆွဲနေတဲ့ ခရီးသည်တင် ကားတွေမှာလည်း ယာဉ်မောင်းအချို့ဟာ မူးယစ်သောက်စား သုံးစွဲမှုရှိနေကြောင်း သတင်းကြားသိနေရပါတယ်။ ယခုအခါ အဝေးပြေးခရီးသည်တင်ကားတွေကို အခွင့်သင့်သလို စစ်ဆေးပေးဖို့လိုအပ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အောင်(မန်းတက္ကသိုလ်)

ရခိုင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေ(တတိယ)မူကြမ်း

ကျိုက်ဖြူ **ဇွန် ၂၀**

ကျိုက်ဖြူမြို့နယ်ခွဲ၌ ရခိုင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေ(တတိယ) မူကြမ်းအပေါ် ကျေးလက်လူထုသဘောထားကောက်ခံပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်က ရခိုင်ပြည်နယ် ကမ်းရိုးတန်းရေချိုလုပ်ငန်း ဥပဒေနောက်ခံသမိုင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ခွဲ ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်မင်းနိုင်က မြို့နယ်ခွဲ ငါးလုပ်ငန်းကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြင်းခြံမြို့နယ် စစ်မှုထမ်းဟောင်း ပညာသင်ထောက်ပံ့ကြေးပေးအပ်

မြင်းခြံ ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ၏ ၂၀၁၃-၂၀၁၄ နှစ်ပတ်လည်အခမ်းအနားနှင့် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၈ နာရီက မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအေးမြင့်(ငြိမ်း)၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးရဲမင်း(ငြိမ်း)တို့က သက်ကြီး စစ်မှုထမ်းဟောင်းများ ထောက်ပံ့ကြေး၊ ၂၀၁၄-၂၀၁၅ ပညာသင်ထောက်ပံ့ကြေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ထောက်ပံ့ကြေးနှင့် အရန်အဖွဲ့ဝင်ထောက်ပံ့ကြေးများကို ပေးအပ်ခဲ့ကြသည်။

နှစ်ပတ်လည်အခမ်းအနားတွင် မြင်းခြံမြို့နယ်အတွင်းရှိ သက်ကြီး စစ်မှုထမ်းဟောင်း ထောက်ပံ့ကြေး ငွေကျပ် ၂၀၀၀၀၀၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ကြေး ငွေကျပ် ၁၃၇၀၀၀၀နှင့် အရန်အဖွဲ့ဝင်ထောက်ပံ့ကြေးငွေကျပ် ၁၁၂၅၀၀၀၊ စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၈၀၀၀၀၀ စုစုပေါင်း ထောက်ပံ့ကြေး ငွေကျပ် ၄၄၉၅၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်စစ်မှုထမ်းဟောင်း**

စေတနာလှူမှုကူညီရေးအသင်းသို့ ကားတစ်စီးလှူဒါန်း

ငါးသိုင်းချောင်း ဇွန် ၂၀

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ခွဲ ဘုရားကြီးကျောင်းတိုက်တွင် ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့နေ ဒေါ်ခင်စန်းမြင့်(သား) ဦးထွန်းထွန်းအောင် ရွှေမဇာ စားသောက်ဆိုင်မိသားစုတို့က ဒေါ်ကျင်ရှိန်၊ ဒေါ်ကျင်ပို၊ ကိုမြင့်မိုရ်တို့အားရည်စူး၍တိုယိုတာ(ဂါယာ) ဆလွန်းအမျိုးအစား လူမှုကူညီရေးကြိုပို့ယာဉ်တစ်စီးကို ငါးသိုင်းချောင်းမြို့ စေတနာလှူမှုကူညီရေးအသင်းသို့ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌဦးမြင့်ခင်က လက်ခံယူခဲ့ကြောင်း သိရသည်။ **(မြို့နယ်ခွဲ ပြန်/ဆက်)**

ဖေဖဲမြို့၌ ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်

ဖဲ ဇွန် ၂၀

မကွေးတိုင်းဒေသကြီး ဖေဖဲမြို့၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့နယ်အဆင့်ဌာနဆိုင်ရာများအား ကဏ္ဍအလိုက် ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆန်းယုဝင်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး

သန်လျင်မြို့၊ ဖားအောက်တောရရိပ်သာ(ခွဲ)
ဝါဆိုသင်္ကန်းကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

မင်္ဂလာရှိမှန်းကို ရည်မှန်း၍ သန်လျင်မြို့၊ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ၏ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

ကျင်းပမည့်နေ့ရက်	-၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၁ရက်၊ ၂၇-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-နံနက် ၈း၀၀နာရီ
ကျင်းပမည့်နေရာ	-သီရိမေဓာဓမ္မသဘင်မဏ္ဍပ်တော်အပေါ်ထပ်ခန်းမ။

ဖုန်း-၀၉-၈၆၁၁၃၃၈၊ ၀၉-၇၃၂၅၀၄၈၀

ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့
အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာခွဲ၊ သန်လျင်မြို့၊
ရန်ကုန်တိုင်းဒေသကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်၊ ထားဝယ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်၊ ထားဝယ်မြို့တွင် အစည်းအဝေးခန်းမ ပေ(၉၀×၃၈×၁၄) RCC တစ်ထပ်အဆောက်အအုံ တည်ဆောက်ရန်အတွက် တိုင်းရင်းသား ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** -၂၃-၇-၂၀၁၄ ရက်
တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန် -၆-၈-၂၀၁၄ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်
ဖုန်း-၀၅၉-၂၃၆၆၈၊ ၂၃၆၆၉

စီးပွားရေးတက္ကသိုလ် ၁၉၆၄ ဘွဲ့ရ
ကျောင်းသားကျောင်းသူများအား အသိပေးခြင်း

၂၀၁၄ခုနှစ် ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာ ၂ရက်အထိ ကျင်းပမည့် စီးပွားရေးတက္ကသိုလ် နှစ် ၅၀ ပြည့် ရွှေရတုအခမ်းအနားတွင် ၁၉၆၄ ခုနှစ် ဘွဲ့ရ ကျောင်းသားကျောင်းသူများအားလုံး ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ကြားအပ်ပါသည်။ဆရာကန်တော့ပွဲနှင့်ရန်ပုံငွေများ ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။ ရေဝတီဘဏ် ငွေစာရင်းအမှတ် (၀၀၀၁၂၁၂၀၁၁၁၀၆၇၇၉၇)သို့ လည်းကောင်း အောက်ပါECများထံသို့လည်းကောင်း ပါဝင်လှူဒါန်းနိုင်ပါသည်။

(၁)	ဦးခင်မောင်တင့်	ဖုန်း-၀၉-၇၃၂၂၂၂၂
(၂)	ဦးအောင်မျိုးဆွေ	ဖုန်း-၀၉-၈၆၂၉၈၄၇
(၃)	ဦးဇော်ဝင်း	ဖုန်း-၀၉-၅၀၈၇၁၀၉
(၄)	ဦးအေးထွေး	ဖုန်း-၀၉-၄၃၀၈၁၆၇၃
(၅)	ဦးမျိုးမြင့်ကျော်	ဖုန်း-၀၉-၂၅၄၀၆၂၁၄၉
(၆)	ဒေါ်သီတာအုန်း	ဖုန်း-၀၉-၈၆၃၄၆၁၈
(၇)	ဒေါ်မြတ်မြတ်မိုး	ဖုန်း-၀၉-၅၀၃၆၃၇၁
(၈)	ဒေါ်နော်ချိုမာလင်း	ဖုန်း-၀၉-၂၅၀၈၁၂၂၄၅၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ်မြေတိုင်းရပ်ကွက်အမှတ် ၂ (မြောက်)၊ မြေကွက်အမှတ် ၆၀၄(ခ)၊ မြေကွက်တည်နေရာအမှတ် ၆၀၄(ခ)၊ သဒ္ဓါရုံလမ်းမကြီး၊ ၂ (မြောက်) ရပ်ကွက်၊ သာကေတမြို့နယ် (ဦးအုန်းတင်)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအုန်းတင်(ခ)ဦးအုန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဖြစ်သူ ဒေါ်သန်းရွှေ ၁၂/သဃတ (နိုင်) ၁၀၁၀၉၄က သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ နိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁၅၊ မြေကွက်အမှတ် ၆၀၅၊ မြေကွက်တည်နေရာအမှတ် ၆၀၅၊ သုမလလမ်း၊ (၂)ရပ်ကွက် ဦးကျော်စိန် အေအိုင်ချ်-၀၆၆၉၀၅အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးကျော်စိန် ကွယ်လွန်သဖြင့် ဒေါ်လင်ရှောက်း(ခ)ဒေါ်လီလီမြင့် ၁၂/၃ကမ(ပြ)၀၀၀၀၅၁က တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် ၃/ရန်ပြေ၊ မြေကွက်အမှတ်၇၅၊ မြေကွက်တည်နေရာအမှတ် (၇၅)၊ ရန်ပြေ (၇)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးအုန်းမြိုင်၊ (၂)ဦးကြည်ထွန်း၊ (၃) ဒေါ်ရင်မေအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦး ဖြစ်သူ ဦးအုန်းမြိုင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏အစားအတွက် ဇနီးဖြစ်သူ ဒေါ်စန်းစန်းဝင်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၈၅၁/၂၀၁၃)ရရှိသူ ဦးထွန်းဝင်း ၆/ထဝန (နိုင်)၀၄၁၂၅၆မှလည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကြည်ထွန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏အစားအတွက်ဇနီးဖြစ်သူ ဒေါ်စန်းရွှေ ၁၂/သဃက(နိုင်)၀၇၈၈၄၁ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၈၅၂/၂၀၁၃)ရရှိသူ ဒေါ်လှလှဝေ ၁၀/ပမန(နိုင်) ၀၉၁၁၉၅မှလည်းကောင်း၊ ကျန်အမည်ပေါက်ဒေါ်ရင်မေကိုယ်တိုင်က တော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ နိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂M၊ မြေကွက်အမှတ် ၆၁၊ မြေကွက်တည်နေရာ အမှတ်၆၁၊ လေးလွှာ၊ နယ်မြေလမ်း၊ စော/နော်ကုဏ်၊ အလုံမြို့နယ်၊ မောင်ဘိုးသစ်၊ မောင်သွင်နှင့် မကြည်ကြည်မာ အမည်ပေါက် နှစ်၉၀ မြေငှားဂရန်မြေအား အမည်ပေါက်မောင်ဘိုးသစ်၊ မောင်သွင်နှင့် မကြည်ကြည်မာတို့ သုံးဦးစလုံး ကွယ်လွန်သွားသဖြင့် ဖြစ်သူများ ဖြစ်ကြသော (၁)ဒေါ်တင်တင်ညို ၁၂/အလန(နိုင်)၀၁၃၁၈၇၊ (၂)ဒေါ်မြင့်မြင့်ဝင်း ၁၂/အလန(နိုင်)၀၁၃၁၈၄၊ (၃)ဒေါ်ခင်အေးသွေး ၁၂/၃ကမ(နိုင်) ၀၈၅၉၄၇၊ (၄)ဒေါ်ခင်စုမေ ၁၂/အလန(နိုင်)၀၁၃၁၁၁၊ (၅)ဒေါ်တင်တင်မူ ၁၂/အလန(နိုင်) ၀၁၃၁၈၀၊ (၆)ဒေါ်သန်းသန်းနွဲ့ ၁၂/အလန(နိုင်)၀၁၃၁၁၂ တို့က ဂရန်မျှကြောင်းဆက်ခံကြောင်း ရပ်ကွက်/မြို့နယ်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဖြောင့်ဆို ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ငါးနှစ်အောက်ကလေးများ ၆ ဒသမ ၉ သန်းခန့် နှစ်စဉ်သေဆုံးလျက်ရှိ သုံးပုံနှစ်ပုံသည် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် နမိုးနီးယားရောဂါများကြောင့်ဖြစ်

နေပြည်တော် ဇွန် ၂၀

ကျောင်းနေအရွယ် ကလေးများအတွင်း စနစ်တကျလက်ဆေးခြင်း အမူအကျင့်ကို လိုက်နာကျင့်သုံးတတ်စေရန်နှင့် ကလေးများမှတစ်ဆင့် မိဘများနှင့် မိသားစုဝင်များအထိ အမူအကျင့်ကောင်းများ ကျင့်သုံးတတ်လာစေရန် ရည်ရွယ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေးပညာပေးရာ၌ အသုံးပြုမည့် ပညာပေးအထောက်အကူပြုပစ္စည်းများ မိတ်ဆက်ခြင်းတို့ ပါဝင်ကြောင်း၊ လက်ဆေးခြင်းသည် ရိုးစင်းပြီးလွယ်ကူသည့် လုပ်ငန်းဟုထင်ရသော်လည်း အနာဂတ်ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းဖြစ်ကြောင်း ဇွန် ၁၈ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံတွင် စနစ်တကျလက်ဆေးခြင်း အလေ့အကျင့် ဆက်သွယ် ပညာပေးခြင်းဆိုင်ရာ လုပ်ငန်းစတင်ခြင်း အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငါးနှစ်အောက် ကလေးများ ၆ ဒသမ ၉သန်းခန့် နှစ်စဉ်သေဆုံးလျက်ရှိရာ သုံးပုံနှစ်ပုံသည် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အဆုတ်တွင်ဖြစ်ပွားသော နမိုးနီးယားရောဂါများကြောင့် ဖြစ်သည်ကိုတွေ့ရကြောင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ ခန့်မှန်းချက်အရ ဝမ်းပျက်ဝမ်းလျှော ရောဂါကြောင့် စက္ကန့် ၃၀တွင် ကလေးတစ်ဦး သေဆုံးနေကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် Global Hand Washing Day ကို နှစ်စဉ် အောက်တိုဘာ ၁၅ ရက်တွင် ကျောင်းနေရွယ်ကလေးများနှင့် ကျောင်းအခြေပြုလှုပ်ရှားမှုများ ပြုလုပ်ကြကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယခုကျင်းပသည့် အခမ်းအနားမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျောင်းတွင်း ကျောင်းပြင်ပရှိ ကလေးများအား စနစ်တကျလက်ဆေးခြင်းဆိုင်ရာလှုပ်ရှားမှုများ၊ ပညာပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုသို့ ဆက်သွယ်ပညာပေးရာတွင် ရေဒီယို၊ ရုပ်မြင်သံကြား Channels များ၊ Social Media များ၊ ဆိုင်းဘုတ်များ၊ ပညာပေးလက်ကမ်းစာစောင်များ၊ Transit Media များမှတစ်ဆင့် ဆက်သွယ်ပညာပေးခြင်းတို့အပြင် ပြည်သူလူထုအခြေပြု ပညာပေးခြင်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပညာပေးလှုံ့ဆော်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel က အမှာစကားပြောကြားပြီး နေပြည်တော် အထက (၁၄)ကျောင်းသား ကျောင်းသူများက အကောင်းဆုံးသူငယ်ချင်းသန့် ရှင်းပညာပေးတေးသရုပ်ဖော်ကို တင်ဆက်ကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ တက်ရောက်လာကြသော ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်ဆောင်ရွက်မည့် ကျောင်းအခြေပြုနှင့် ပြည်သူလူထုအခြေပြု စနစ်တကျလက်ဆေးခြင်း အလေ့အကျင့်လိုက်နာစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားမဝင်ရွှေသတ္တုလုပ်ကွက်များကို ရှာဖွေဖမ်းဆီး

ကသာ ဇွန် ၂၀

ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းခေါင်းဆောင်သော ခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဗန်းမောက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ ၅၀ သည် ဇွန် ၁၇ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ပန်းတောကျေးရွာမှ ဟဲချိန်ကျေးရွာအတွင်းရှိ တရားမဝင်ရွှေသတ္တုတူးဖော်နေမှုကို ရှောင်တခင်ရှာဖွေဖမ်းဆီးခဲ့ရာ ဘက်ဟိုးမြေကော်စက်ကိုးစီး၊ လေးလုံးထိုးအင်ဂျင်ခုနစ်လုံး၊ တစ်လုံးထိုးအင်ဂျင်ရှစ်လုံး စုစုပေါင်း ၁၅ လုံးတို့ကို သိမ်းဆည်းရမိသည်။

ဖမ်းဆီးရမိသော ပစ္စည်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်နှင့် ပိုင်ရှင်များအား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ငြိမ်းငြိမ်း(ကသာ)

ကျန်းမာရေး ပညာပေးစကားဝိုင်းကျင်းပ

ပျဉ်းမနား ဇွန် ၂၀

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာ၌ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သက်တူဆင့်တူ ကျန်းမာရေးပညာပေး စကားဝိုင်းကို ဇွန် ၁၄ ရက်က ကျင်းပခဲ့သည်။**(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်တို့တက်ရောက်ပြီး သက်ကြီးဘိုးဘွားများနှင့် ငါးနှစ်အောက် ကလေးမိခင်များကို အာဟာရအကြောင်းသိကောင်းစရာများ၊ ဆယ်ကျော်သက်အမျိုးသား အမျိုးသမီးများအား HIV နှင့် AIDS ရောဂါများအကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို စကားဝိုင်းအသွင်ဖြင့်ဆွေးနွေးဟောပြောကာ လိမ်းဆေး၊ ကွေကာအုပ်၊ ခေါက်ဆွဲခြောက်ထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်လှလှကြည် ပျဉ်းမနား ခုတင် ၂၀၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ပျဉ်းမနား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးတို့က တက်ရောက်လာသော ကျေးရွာနေပြည်သူ ၂၀၀ တို့ကို ကျန်းမာရေးစောင့်ရှောက်မှုအသိပညာများကို စကားဝိုင်းအသွင်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

ပြည်သူများ ဖုန်းလိုင်းများဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန် တာဝါတိုင်များတည်ဆောက်

စဉ့်ကူး ဇွန် ၂၀

စဉ့်ကူးမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)မှ တာဝါတိုင်နှစ်တိုင်နှင့် မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီ(MEC)မှ တာဝါတိုင်တစ်တိုင် စိုက်ထူအသုံးပြုလျက်ရှိရာ ပြည်သူများ ယခုထက်ပိုမိုလွယ်ကူချောမွေ့စွာ ပြောဆိုနိုင်ရန်အတွက် စဉ့်ကူးမြို့နယ်အတွင်း နွယ်ရုံကျေးရွာတွင် တာဝါတိုင်တစ်တိုင်နှင့် ညောင်ဝန်းကျေးရွာတွင် တာဝါတိုင်တစ်တိုင် တာဝါတိုင်နှစ်တိုင် တည်ဆောက်ပြီးစီးပြီဖြစ်၍ စက်တပ်ရုံသာကျန်တော့ကြောင်း စဉ့်ကူးမြို့ ဆက်သွယ်ရေးတာဝန်ခံ ဦးနိုင်ဝင်းက ပြောပြသည်။

စဉ့်ကူးမြို့နယ်တွင် ဖုန်းအသုံးပြုသူများ များပြားလာသည်နှင့်အမျှ ဖုန်းအလုံးရေလည်း များပြားလာနေပြီဖြစ်ရာ ဖုန်းခေါ်ယူပြောဆိုမှုများ ကျပ်လာသည့်အတွက် ယခုထက် တာဝါတိုင်များ တိုးချဲ့စိုက်ထူပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ **(၄၃၃)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သာကေတမြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၁

ဒေါ်တင်ဝင်း(ခ)ဒေါ်တင်တင်ဝင်း **တရားလို** **နှင့်** ဒေါ်စန္ဒာဝင်း(ခ)စန္ဒာကြီး ပါ (၁၀)ဦး **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင် အမှတ် -၉ မစုလတ်ဖြူ(ခ)အရီးမ အမှတ် (၁၁၅၄/ခ)၊ ခိုင်ရွှေဝါ (၁)လမ်း၊ (၁၀/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့နေ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်တရားရုံးတော်၏ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ၂၀၁၄ ခုနှစ် ဇူလိုင် ၁ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၅ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြလိုသောစာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ယုယုဆွေ
တွံ့ဖက်မြို့နယ်တရားသူကြီး၊ သာကေတမြို့နယ်တရားရုံး၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ တကောင်းလမ်းနှင့် တကောင်း ၄ လမ်းထောင့်၊ မြေကွက်အမှတ် ၅၀၉၊ အကျယ်အဝန်း (အလျားပေ ၆၀× အနံပေ ၄၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဒေါ်သန်းစိန် ၁၂/ဥကတ(နိုင်)၀၀၆၄၄၀ အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်သည်။ မူလအမည်ပေါက်ပိုင်ရှင်ထံမှ အဆင့်ဆင့်ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသူများဖြစ်ကြသော (၁)ဒေါ်မြင့်မြင့်သန်း ၁၂/ဥကတ(နိုင်) ၁၁၁၄၂၃၊ (၂)ဦးတင်ထွန်း ၁၂/ဥကတ(နိုင်)၀၄၁၃၁၂၊ (၃) ဒေါ်အေးအေးသိန်း ၁၂/ဥကတ(နိုင်)၀၄၁၃၁၇၊ (၄)ဦးသန်းထွန်း ၁၂/ဥကတ(နိုင်)၀၄၁၃၁၅၊ (၅)ဦးမြင့်မြင့်သောင်း ၁၂/ဥကတ(နိုင်)၀၄၁၂၅၇ တို့က မိမိတို့ငါးဦးသာ ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန် စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူ၍ ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ပြုလုပ်သော မြေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ(စဉ်-၁၀၀၂၂)
အမှတ် ၈၆၅၊ သရေခေတ္တရာ ၂၂ လမ်း၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ၂၅ လမ်းရှိ၊ တိုက် ၂၅/၂၇(လေးလွှာဘီ)အခန်းနှင့်ပတ်သက်၍ ဦးအောင်ဦးကျော်က ဦးကျော်ညီညီလွင်ထံမှ ၂၁-၄-၂၀၁၁ရက်တွင် ရောင်းဖိုးတန်ဖိုးငွေ အပြေအကျေပေးချေ၍ ဝယ်ယူခဲ့သော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ တိုက်ခန်းပိုင်ဆိုင်မှုပြဿနာများ ပေါ်ပေါက်လာခဲ့၍ ဦးအောင်ဦးကျော်မှ တရားလိုပြုလုပ်၍ ဒေါ်အေးအေးမင်းပါ-၃ ဦးတို့အပေါ် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၉၈/၂၀၁၄ အမှုကို စွဲဆိုထား၍ အမှုစစ်ဆေး ပြီးပြတ်မှုမရှိသေးပါ။ အမှုစစ်ဆေး ပြီးပြတ်မှုမရှိမီအတွင်း အဆိုပါတိုက် ၂၅/၂၇(လေးလွှာ-ဘီ) အခန်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် အကယ်၍ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်းပြုလုပ်လာပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ဦးကျော် ၁/မကန(နိုင်)၀၂၅၅၂၅
အမှတ် (၇)ဒီ-ပြည်လမ်း၊ ၆ မိုင်၊ လှိုင်မြို့နယ်

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် တာမွေမြို့နယ် ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်မြင့်မြင့်ဝင်းအစား ဒေါ်မြင့်မြင့်အေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ချောင်းဦးမြို့နယ်၊ ချောင်းမနားအုပ်စု၊ ကျွန်းသာယာကျေးရွာနေ ဦးစိုးလှိုင် ၅/ခဥတ(နိုင်) ၀၃၀၈၂၆၏ သမီး မနွေးနွေးလှိုင် ၅/ခဥတ(နိုင်) ၀၆၈၉၇၂ သည် မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူမည်မဟုတ်ကြောင်းကြေညာအပ်ပါသည်။

ဦးစိုးလှိုင်

အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အောင်မြေသာရပ်၊ ၆လမ်းနှင့် ပိတောက်လမ်းကြားရှိ (ဃ/၃၆)မြေနှင့် တိုက်တာအဆောက်အအုံသည် အဒေါ်ဖြစ်သူ ဒေါ်အေးအေးမြင့် ၉/ညဥန(နိုင်)၁၀၃၁၁၅ နှင့် အတူ တူအရင်းများဖြစ်ကြသော ဦးအောင်မျိုးဟိန်း ၅/ကလထ(နိုင်)၁၃၁၄၀၅၊ ဦးထွန်းထွန်း ၉/ညဥန(နိုင်)၁၄၉၉၉၆၊ ဦးဖြိုးထက်အောင် ၉/ညဥန(နိုင်)၁၄၉၉၉၇ ပိုင်ဆိုင်သော ဝင်းခြံ၊ တိုက်တာဖြစ်ပြီး၊ အဆိုပါဝင်းခြံနှင့် တိုက်တာအဆောက်အအုံများအား အထက်ဖော်ပြပါ အဒေါ်နှင့်တူများမသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ပေးကမ်းခြင်းစသော တစ်နည်းနည်းလွှဲပြောင်းခြင်းမပြုလုပ်ပါရန် လုံးဝ(လုံးဝ)တားမြစ်ကြောင်း ကြေညာအပ်ပါသည်။ အဆိုပါကိစ္စအား တစ်စုံတစ်ယောက်မှ ကြိုးစားအားထုတ်လုပ်ဆောင်မည်ဆိုပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေးမြင့်၊ ဦးအောင်မျိုးဟိန်း၊ ဦးထွန်းထွန်း၊ ဦးဖြိုးထက်အောင်
အမှတ်(၆)ရပ်ကွက်၊ အောင်မြေသာရပ်၊ ၆လမ်းနှင့် ပိတောက်လမ်းကြားရှိ (ဃ/၃၆)
အောင်မြေသာရပ်ကွက်၊ ညောင်ဦးမြို့

အင်္ဂလိပ်စာ/စကား

(၁၅ နှစ်မှ ၃၀ နှစ်)

၁။ အခြေခံမှစသင်မည်။
၂။ Grammar/ Essay/ Letter/ Vocab
၃။ လက်ရေးလှစေရန် အသံထွက်မှန်ရန်၊ စနစ်တကျ စာဖတ်တတ်စေရန်ပါ လေ့ကျင့်ပေးမည်။

ဖုန်း-၀၉-၄၀၁၅၄၈၄၆၀၊ ၃၈၈၃၀၇

အထက်မြန်မာပြည်သတင်းများ

အနာဂတ်မျိုးဆက်သစ်များ၏ အခန်းကဏ္ဍမြှင့်တင်ခြင်းဖြင့် နိုင်ငံ၏အနာဂတ်ပိုမိုကောင်းမွန်လာဟု ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြောကြား

မြစ်ကြီးနား ဇွန် ၂၀

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများ၊ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းတွင် စေတနာဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့် မြစ်ကြီးနားတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်နယ်ကိုယ်စားပြုထူးချွန်ကျောင်းသား ကျောင်းသူများ၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့တော်ခန်းမ၌ ဇွန် ၁၆ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက အနာဂတ်မျိုးဆက်သစ်များ၏ အခန်းကဏ္ဍမြှင့်တင်ခြင်းဖြင့် နိုင်ငံ၏ အနာဂတ်ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်အတွင်းရှိ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများကို ကျေးဇူးတင်ဂုဏ်ယူသည့်အပြင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးအစရှိသည့် ကဏ္ဍများအလိုက် စွမ်းဆောင်နိုင်သူများစွာ လိုအပ်နေသေးကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

"လူချွန် လူကောင်းတွေလည်း ပြည်နယ်အတွက် အများကြီးရရှိဖို့ လိုအပ်နေပါတယ်။ ကျောင်းသား ကျောင်းသူတွေ ထူးချွန်ဖို့အတွက် ဆရာ၊ ကျောင်းသား၊ မိဘ စုပေါင်းပြီး ပြည်သူတစ်ရပ်လုံးကလည်း အားပေးမြှင့်တင်ပေးရမှာဖြစ်ပါတယ်၊ ကလေးတွေ ထူးချွန်ထက်မြက်မှသာ အနာဂတ်တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက် အင်အားသစ်တွေဖြစ်လာမှာပါ" ဟု ပြည်နယ်ဝန်ကြီးချုပ်က မှာကြားသည်။

ထို့နောက် ကင်းထောက်လူငယ်နှင့် ထူးချွန်ကြက်ခြေနီလူငယ်များက တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ရာ နိုင်ငံတော်သမ္မတ၏ကျေးရွာအဆင့် အကောင်းဆုံးမွေးမြူထုတ်လုပ်မှုထူးချွန်ဆု (လူပုဂ္ဂိုလ်ဆု)ရ ပေါင်းစည်းလယ်ယာနှင့် နို့စားနွားမွေးမြူရေးခြံပိုင်ရှင် ဒေါ်ထုလိန်ကိုလည်းကောင်း၊ အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်ဆု (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု)ရ အရန်မီးသတ်တပ်ဖွဲ့ တပ်ကြပ်ဦးမြင့်ဝင်းကိုလည်းကောင်း၊ မွေးမြူထုတ်လုပ်မှုထူးချွန်ဆု (လူပုဂ္ဂိုလ်ဆု)ရ ဒေါက်တာမိုးစည်သူနှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆုရ ထူးဖောင်ဒေးရှင်းမှ ဦးပေါ်မြင့်ဦးကို လည်းကောင်း၊ ပြည်နယ်ကိုယ်စားပြုကင်းထောက်လူငယ်များနှင့် ဘက်စုံပညာထူးချွန်လူငယ်များအတွက် ပညာရေးမှူးများကိုလည်းကောင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအတွက် မြစ်ကြီးနားတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကိုယ်စား ဒုတိယပါမောက္ခချုပ်ကို လည်းကောင်း၊ ပြည်နယ်ကိုယ်စားပြု ထူးချွန်ကြက်ခြေနီလူငယ်များအတွက် ပြည်နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဦးစီးမှူးကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

စိုက်ပျိုးစရိတ်အတိုးနှုန်း လျှော့ချပေးခြင်းကြောင့် ပုလဲဒေသခံတောင်သူများ ဝမ်းမြောက်

ပုလဲ ဇွန် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၆ အုပ်စုရှိ တောင်သူများထံသို့ ငွေကျပ်သိန်းပေါင်း ၃၆၂၆၀ ဒသမ ၄၀ သိန်းကို မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအဖြစ် အတိုးနှုန်း ငါးရာခိုင်နှုန်းသတ်မှတ်ချက်ဖြင့် စတင်ထုတ်ချေးပေးနေပြီဖြစ်ကြောင်း သိရသည်။

ပုလဲမြို့ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်တွင် ဇွန်လအတွင်း မရိုးတုန်းကျေးရွာအုပ်စုမှ တောင်သူ ၁၅၀အတွက် စိုက်ပျိုးစရိတ် ချေးငွေကျပ် ၃၇၉၈၀၀၀၀ နှင့် တောင်ရွာသစ်ကျေးရွာအုပ်စုမှ တောင်သူ ၈၁ ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၈၉၂၀၀၀၀ကို မိုးစပါး စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများထံသို့ စတင်ပေးအပ်နေကြောင်း သိရသည်။

ပုလဲမြို့ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မန်နေဂျာ ဦးထိန်ဝင်းက "တောင်သူတွေကို မိုးစပါးစိုက်ပျိုးရာသီအမီ ငွေထုတ်ချေးပေးနိုင်ဖို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးမယ့်တောင်သူတွေ အတိုးနှုန်းသက်သာလာတဲ့အတွက် ယခင်နှစ်ကထက်များလာမယ်လို့ ကျေးရွာတွေဆီကနေ သိရှိရပါတယ်။ ငွေထုတ်ချေးပေးတဲ့နေရာမှာ မြေစာရင်းက ထုတ်ပေးထားတဲ့ ပုံစံ(၇)ကို အဓိကထားပြီး ထုတ်ချေးပေးသွားမှာပါ။ ပုံစံ(၇) မရသေးရင် မြေစာရင်းမှာ လျှောက်ထားနိုင်ပါတယ်။ မြေစာရင်းက မှန်ကန်ပါတယ်ဆိုတာကို ထောက်ခံပေးရင်လည်း အဲဒီတောင်သူကို ငွေထုတ်ချေးပေးသွားမှာပါ။ စိုက်ပျိုးစရိတ်ချေးငွေအတိုးနှုန်းလျှော့ချပေးလို့ တောင်သူတွေအတွက် အလွန်အဆင်ပြေမှာပါ။ အချိန်နဲ့တစ်ပြေးညီ ထွန်ရေးပြင်နိုင်ပြီဖြစ်ပါတယ်" ဟု ပြောကြားသည်။

မင်းခန့်စိုး(ဗေဒါမြေ)

အထက်တန်းပညာရေးသင်ယူခွင့်ရရှိလာသည့် ပွေးကျစ်ကျေးရွာ

ကျောက်ပန်းတောင်း ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်ကျေးရွာအုပ်စု ပွေးကျစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန်၁၇ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းယာယီမဏ္ဍပ်ရှေ့၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးမြင့်၊ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊

မြို့နယ်အုပ်ချုပ်ရေးမှူးဦးစောထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့်လက်ထောက်ပညာရေးမှူးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပွေးကျစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုနှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကျောင်းဖွင့်ပွဲအထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးပေးကြသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းသမိုင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ကျောင်းအဆင့်တိုးမြှင့်ခြင်းအမိန့်ကို တာဝန်ခံကျောင်းအုပ်ဆရာကြီးထံ ပေးအပ်သည်။ ယင်းနောက် တာဝန်ခံကျောင်းအုပ်ကြီးက တက်ရောက်လာသည့် ဧည့်သည်များကို ကျောင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ပြီး ကျေးရွာရပ်မိရပ်ဖဖြစ်သူ ဦးကြည်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့အတွက် ပွေးကျစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးပိုမိုအဆင်ပြေလာပြီဖြစ်သည်။

နေအောင်

မိုးရွာသွန်းကာ အပူချိန်ကျဆင်းလာသောကြောင့် မုံရွာစာသင်ကျောင်းများ ပုံမှန်အချိန်ပြန်ဖွင့်

မုံရွာ ဇွန် ၂၀

ဇွန်လဆန်းက အပူချိန်မြင့်မားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် အခြေခံပညာကျောင်းများ၏ ကျောင်းတက်ချိန်ကို နံနက် ၆ နာရီမှ ၁၁ နာရီအထိ ပြောင်းလဲသတ်မှတ်ရာမှ ယခုအခါ ပုံမှန်အချိန်ဖြစ်သော နံနက် ၉ နာရီမှ ညနေ ၃နာရီခွဲသို့ ပြောင်းလဲသတ်မှတ်လိုက်ကြောင်း သိရသည်။

"ကျောင်းချိန်ကို ဇွန် ၁၇ ရက်က ပြန်ပြောင်းလိုက်တာပါ။ အခုရက်ပိုင်းမှာ မိုးရွာလာပြီး အပူဒဏ်လည်း သက်သာလာလို့ ကျောင်းချိန်တွေကို အရင်အချိန်အတိုင်း တစ်နေ့လုံးအချိန် ပြောင်းလိုက်တာပါ။ အရင်ရက်တွေတုန်းကဆိုရင် အပူရှိန်အလွန်ပြင်းတော့ နံနက်ပိုင်းကျောင်းချိန်ပြောင်းပေးတာက ကလေးတွေအတွက် အလွန်ကောင်းပါတယ်"ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ယခင်ရက်များက စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့အများစု၌ အပူချိန် မြင့်မားနေသဖြင့် ကျောင်းအချို့က ကျောင်းချိန်များကို ပုံမှန်အချိန် နံနက် ၉ မှ ညနေ ၃ နာရီအစား နံနက် ၆ နာရီမှ ၁၁ နာရီအချိန်များသို့ ပြောင်းလဲခဲ့သည်။ ယခုရက်များတွင် နွားနောက်မုန်တိုင်းသက်ရောက်မှုကြောင့် အထက်အညာဒေသများတွင် မိုးရွာသွန်းခဲ့ရာ အပူချိန်များ လျော့ကျလာသဖြင့် ကျောင်းချိန်များကို မူလအချိန်များသို့ ပြန်လည်ပြောင်းလဲဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဖိုးချမ်း(မုံရွာ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ရသေ့တောင်မြို့၊ ကန်တော်ကြီး ရေကန်တာပေါင်၊ တာပုံစံကျ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း (အလျား ၁၅၀' × အနံ ၁၆'×၁၁၆'/၂ ×အမြင့် ၃၀') လုပ်ငန်းအတွက် မြန်မာနိုင်ငံသား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက် - ၂၀-၆-၂၀၁၄ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၇-၂၀၁၄ရက် (၁၆း၀၀)နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၄၃-၂၃၉၇၈၊ ၀၄၃-၂၁၂၆၉၊ ၀၄၃-၂၂၈၈၀ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၉ယ/၉၆၅၂၃၊ Follow Me Dream 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးအောင် ၁၃/ကလန(နိုင်)၀၅၇၂၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံးခွဲ (အောင်ပန်း)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၅ယ/၄၀၇၈၊ JLM ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်သီတာလွင် ၁၃/ဟပန(နိုင်)၀၁၁၄၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမြတ်ခိုင် ၁၂/မဘန(နိုင်)၀၁၀၉၁၃၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဆရာဝန်မှတ်ပုံတင်စာအုပ်၊ ဘဏ်ငွေစုစာအုပ်နှင့် အခြားအရေးကြီးကတ်ပြားများပါသည့် သားရေပိုက်ဆံအိတ်သည် ၁၃-၆-၂၀၁၄ရက် (သောကြာနေ့) ညနေပိုင်းတွင် မင်္ဂလာဒုံမြို့နယ်အတွင်း၌ ပျောက်ဆုံးခဲ့ပါသဖြင့် လက်ခံတွေ့ရှိထားသူများ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၅၀၅၃၄၇၈၊ ၀၉-၅၁၁၉၉၀၁၊ ၀၁-၆၈၄၁၁၂၊ ၀၁-၆၈၅၅၅၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ယာဉ်နှင့် ရုံးသုံးစက်ကိရိယာများဝယ်ယူရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနများအတွက် ယာဉ်နှင့်ရုံးသုံးစက်ကိရိယာများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

လူမှုဝန်ထမ်းဦးစီးဌာန

(က) Conference System ၁ စုံ

(ခ) Video Conferencing System ၁ စုံ

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

(က) Van (1.5,2000 Model) ၂ စီး

(ခ) Light Truck (2002 Model) (1 Ton) ၂ စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၃-၆-၂၀၁၄ ရက်မှ ၄-၇-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး စည်းကမ်းချက်၊ တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရုံးအမှတ် ၂၃၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၂၉၀၊ ၀၉-၄၂၀၇၃၆၆၅၇

(ခ) ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၀၄၇၊ ၀၆၇-၄၀၄၃၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

အမည်ပြောင်း

မောင်တောမြို့၊ ရပ်ကွက်(၄)နေ ဦးတင်ထွန်း၏သား အလက-၁၊ အဋ္ဌမတန်းအောင် မောင်ထက်နိုင်ထွန်း၏အား မောင်သိန်းထွန်းဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်သိန်းထွန်းဝင်း

ဖခင်အမည်မှန်

အေးသာယာမြို့၊ အထက(၁)၊ ဆဋ္ဌမတန်း(ဂ)မှ မောင်စထက်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးထိုက် ၁၃/တကန(နိုင်)၁၅၉၆၉၄ ဖြစ်ပါကြောင်း။

ဦးနေမျိုးထိုက်

ဖခင်အမည်မှန်

ကလောမြို့နယ် အောင်ပန်းမြို့၊ အထက(၅)၊တက္ကသိုလ်ဝင်တန်း(D)မှ မနှောင်းသွယ်သွယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်းဦး ၇/နတလ(နိုင်)၀၅၂၉၀၁ ဖြစ်ပါကြောင်း။

ဦးဝင်းသိန်းဦး

ပျောက်ဆုံးခြင်း

ကျွန်မ အေးအေးအောင်၏ နိုင်ငံကူးလက်မှတ် MA 270735 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၃၃၀၇၆၃

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၈၉၃၂ အမျိုးအမည် HAOBO-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစန္ဒီ၉/ပကခ(နိုင်)၀၂၂၄၄၈ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ နှင်းဆီလမ်း၊ မြေကွက်အမှတ် ၅၀၊ ဧရိယာ ၀ဒသမ၀၈၂ ဧက၊ မြေကွက်တည်နေရာအမှတ် ၅၀၊ နှင်းဆီလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့ရှိ ဒေါ်လင်းလင်းထိုက်(ဘ) ဦးရွှေ ၉/ပမန(နိုင်)၁၄၀၃၆၀ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ အမည်ပြောင်းလဲချထားပေးသောမြေကွက်ဖြစ်ပြီး မြေပေးမိန့်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် စသည့်အထောက်အထားများတင်ပြပြီး မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၄ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နိုင်ငံ့ဂုဏ်ဆောင်မသန်စွမ်းများအား ဂုဏ်ပြုခြင်းအခမ်းအနား မန္တလေးတွင်ကျင်းပ

မန္တလေး ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(မန္တလေး)တို့ပူးပေါင်းကျင်းပသည့် အလှူငွေပေးအပ်ပွဲ၊ မသန်စွမ်းဆုရအားကစားသမားများအားဂုဏ်ပြုချီးမြှင့်ပွဲနှင့် အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ဇွန် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းမှတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူအသင်းသားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှထည့်ဝင်လှူဒါန်းသည့် အလှူငွေကျပ် ၁၀ သိန်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ထည့်ဝင်လှူဒါန်းသည့် အလှူငွေကျပ် ၁၀သိန်းအပါအဝင် စုစုပေါင်း အလှူငွေကျပ် ၃၃သိန်းကျော်နှင့် ဘီးတပ်ကုလားထိုင် ၂၂စီးတို့ကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းသို့ လှူဒါန်းပေးအပ်ခဲ့သည်။

ယင်းနောက် (၇)ကြိမ်မြောက် အာဆီယံပါရာဂိမ်းမသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး မသန်စွမ်းကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများကို ပေးအပ်ခဲ့ကြသည်။

ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများကို Latter-Day Saint Charities (LDSC) နှင့် Community Development Association (CDA) တို့က လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မသန်စွမ်းလူငယ်သင်တန်းကျောင်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ထားပြီး အသက်ခြောက်နှစ်မှ ၁၈ နှစ်အတွင်းရှိ မသန်စွမ်းလူငယ်များကို ဉာဏ်ရည်နှင့် ၎င်းတို့၏ အနေအထားအရ ကိုယ့်အားကိုယ်ကိုးပြီး မိသားစုနှင့် ပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်ရေးနှင့် မူလတန်းပညာရေးတို့ကို သင်ကြားပေးလျက်ရှိကြောင်းနှင့် မန္တလေးမသန်စွမ်း လူငယ်သင်တန်းကျောင်းကို ဇွန် ၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မသန်စွမ်းကျောင်းသား ကျောင်းသူ ၇၀ ကို လူမှုဝန်ထမ်းဦးစီးဌာနမှ အထူးလေ့ကျင့်ပေးထားသော ဆရာဆရာမ ခြောက်ဦးတို့က သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အေးမြ(မန္တလေး)

ဂျပန်အစိုးရနှင့် ပြည်သူလူထုစုပေါင်းထည့်ဝင်ငွေ ကန်ဒေါ်လာ တစ်သိန်းလေးထောင်ကုန်ကျသည့် ကျောင်းဆောင်သစ် ပြီးစီးအောင်မြင်

ကလေး ဇွန် ၂၀

ကလေးမြို့နယ် နန်းဟံနွဲ့ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ပညာတံခွန်ကျောင်းဆောင်သစ်ကို ဂျပန်နိုင်ငံအစိုးရမှ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်နှင့် အများပြည်သူထည့်ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ တစ်သိန်းလေးထောင်ခန့်အကုန်အကျခံကာ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ပြီး အလှူရှင်များက ပညာရေးဝန်ကြီးဌာနထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားကို ဇွန် ၁၄ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး ကျောင်းဆောင်သစ်မှာ အလျားပေ ၈၀၊ အနံ ပေ ၃၀နှင့် အမြင့် ၁၂ ပေခန့်ရှိသော တစ်ထပ်အဆောက်အအုံဖြစ်ကာ စာသင်ခုံနှင့် ကျောက်သင်ပုန်းကြီးများ၊ စားပွဲ၊ ကုလားထိုင်များနှင့် ရေလောင်းအိမ်သာ ခုနစ်လုံးတို့အပြင် ဆီးခြံတစ်ခုကိုပါ အလှူရှင်များက လှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

ကျောင်းဆောင်သစ်နှင့် ဆက်စပ်လှူဒါန်းပေးခဲ့ခြင်းများကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တတိယအတွင်းဝန် မစ္စတာ ကိုတာဝါတာနာပယ်နှင့် ခရိုင်ပညာရေးမှူး ဦးထွန်းရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဂျပန်သံရုံး တတိယအတွင်းဝန်က ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ကလေးခရိုင်အတွင်း ပညာရေးကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသကျောင်းပေါင်း ၇၈ ကျောင်းခန့်ကို အဆင့်တိုးမြှင့်ပေးခဲ့ပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းအတွက် ကျောင်းပေါင်း ၂၂ ကျောင်း သတ်မှတ်ကာ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကလေးခရိုင် ပညာရေးကဏ္ဍအတွက် အဆိုပါဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ်သန်းပေါင်း ၇၀၈ သန်း ချမှတ်ကာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းပြည်ပအလှူရှင်များကလည်း အားဖြည့်လှူဒါန်းပေးလျက်ရှိကြောင်းသိရသည်။

ဂျူနိုင်း

ကျေးလက်နေပြည်သူများ ဗဟုသုတရရှိစေရေးနှင့် အတွေးအခေါ် မြင့်မားရေးကို ရည်ရွယ်ထားသည့် နယ်လှည့်စာကြည့်တိုက်အား မကွေးတိုင်းဒေသကြီး ကန်ပြားကျေးရွာတွင် ဇွန် ၁၈ ရက်က ဖွင့်လှစ်ထားရှိသဖြင့် ကျေးရွာနေကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ ပျော်ရွှင်စွာ စာပေဖတ်ရှုလေ့လာခွင့်ရကြပြီဖြစ်သည်။ သတင်းမြင်ကွင်း- ခင်မာလာ(မကွေး)

သာပေါင်းမြို့နယ်ရှိ ကလေးငယ်များအား နွားနို့တိုက်ကျွေး

ကလေး ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် နွားနို့တိုက်ကျွေးရေးအစီအစဉ်ကို အမက ကျွန်းကလေးကျောင်းတိုက်၌ ဇွန် ၁၈ ရက်က ကျင်းပခဲ့သည်။ မြို့နယ်ပညာရေးမှူး ဒေါ်ဆန်းငွေးက ကလေးငယ်များအား နွားနို့တိုက် ကျွေးခြင်းဖြင့်ရရှိစေမည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်မှ နွားနို့တိုက်ကျွေးခြင်း ဖြင့်ကိုယ်ကာယကျန်းမာ ကြံ့ခိုင်စေပြီး ဉာဏ်ပညာများထက်မြက်ကာ မှတ်ဉာဏ်ကို အထူးကောင်းမွန်စေကြောင်း ပြောကြားပြီး ကလေးငယ်များအား နွားနို့အာဟာရတိုက်ကျွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သတင်းတိုများ

ရေကြည်တွင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနေ

ရေကြည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ဇွန် ၁၇ ရက်က တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးရာ ပြီးခဲ့သည့်နှစ်က ချေးငွေအစောဆုံးပြန်လည်ပေးအပ်ခဲ့သော သက္ကယ်ပြင်၊ ဆီဆုံကုန်း၊ ပန်းပုကွင်း၊ ကိုင်းချောင်း၊ ၄ က်သိုက်ကျေးရွာအုပ်စုရှိ တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာဦးအေးကိုက တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ချေးငွေများကိုထုတ်ချေးပေးခဲ့သဖြင့် တောင်သူဦးကြီးများက ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်တိုက်ဖျက်ရေးနေ့ အကြိုဟောပြော

တာချီလိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက်က အခြေခံပညာအထက်တန်းကျောင်း(တာချီလိတ်)၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးလှဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကျော်ကျော်လင်း၊ မြို့နယ်စာရေးဆရာစိုင်းမောင်(တောင်ကြီး)၊ မြို့နယ်ကျန်းမာရေးမှူး ဦးအောင်ဝင်းကြည်၊ တာချီလိတ်ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းနှင့် တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ခေတ္တမူးယစ်တပ်ဖွဲ့စုမှူး ရဲအုပ်မြင့်နိုင်ဦးတို့က မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးဟောပြောဆွေးနွေးခဲ့ကြသည်။

မြင့်မိုရ်(တာချီလိတ်)

ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြော်ငြာ

၁။ မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် လေလံအဆင့်ရောက်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချရမည့်ရက်စွဲ** - ၂၇-၆-၂၀၁၄ရက်

(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀နာရီ

(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ မော်လမြိုင်မြို့

၂။ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မော်လမြိုင် မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဖုန်း-၀၅၇-၂၇၁၆၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ပျောက်ဆုံး

ကျွန်မ မသန္တာအောင်၏ ပတ်စ်ပို့ PP အမှတ် (M 513171)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၂၀၁၄၄၆၂၇**

ဖခင်အမည်မှန်

မန္တလေးမြို့၊ အထက(၁၁) ပဉ္စမတန်း(က)မှ မောင်ကျော်ဇင်နိုင်၏ ဖခင်အမည်မှန်မှာ ဦးရန်မျိုးနိုင် ၉/မနတ(နိုင်)၁၀၁၄၈၁ ဖြစ်ပါကြောင်း။

ဦးရန်မျိုးနိုင်

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ငါန်းမြာကြီး အခြေခံပညာအထက်တန်းကျောင်း အဌမတန်းမှ မသင်းသင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းငွေး ဖြစ်ပါကြောင်း။ **ဦးဝင်းငွေး**

အမည်ပြောင်း

ဦးထိန်ဝင်း ၁၂/မရက(နိုင်) ၀၆၀၇၀၂ ၏သား ပုသိမ်မြို့ PEC ကိုယ်ပိုင်မူလတန်းကျောင်း GRADE II မှ မောင်ခွန်အားကို ယနေ့မှစ၍ မောင်ခန့်မင်းညီဟု ခေါ်ဆိုပါရန်။ **မောင်ခန့်မင်းညီ**

အမည်ပြောင်း

ရန်ကုန်မြို့ အမက(၂) တာမွေ တတိယတန်း(A)မှ ဦးနောင်လတ်၏သား မောင်မိုးသုတအား မောင်သုတအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်သုတအောင်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၂၆၀၃ Toyota Townace KM 50 P/U(4x2) (R) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်း ၁၂/မဂတ(နိုင်)၀၂၃၆၉၁ က (ကမ-၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (စစ်ကိုင်း)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၈၈၇၈ AMS SUPERVISOR AMS-T-002 L/T (4x2) (R) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းဦး ၅/စကန(နိုင်)၀၀၅၁၇၇ က (ကမ-၃)ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (စစ်ကိုင်း)**

မန္တလေးတိုင်းဒေသကြီးအစိုးရ
လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးဌာနပိုင် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ မန္တလေး-မိုးကုတ်လမ်း မြေကွက်အမှတ် ၁၅၂ ရှိ မြေ ၀.၁၁၆၅၆ ဧကအား သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်သောလုပ်ငန်းများ ဖက်စပ်ဆောင်ရွက်ရန် ပြည်တွင်းလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်/အချိန်** - ၂၁-၇-၂၀၁၄ ရက် (တနင်္လာနေ့)၊ နံနက် ၉နာရီမှ ၁၂ နာရီအထိ

တင်ဒါစိစစ်မည့်နေရာ - ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၊ မန္တလေး၊ တမ္ပဝတီရပ်၊ ချမ်းမြသာစည်မြို့နယ်။

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂၁-၇-၂၀၁၄ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီ

၃။ လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-ဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၊ မန္တလေးတွင် ၂၄-၆-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ (ပြန်ကြားရေးဝန်ကြီးဌာန- Web-Portal တွင်လည်း ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရေးအဖွဲ့
ဖုန်း-၀၂-၅၉၀၂၆/၂၇/၂၈၊ ၀၂-၇၀၁၉၄၊ ၀၉-၆၅၂၀၉၅၅၊ ၀၉-၄၉၃၃၉၄၉၅

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 3G/5915 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၁ဃ/၁၁၇၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 8B/8755၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 4A/8365၊ (၄က/၈၃၆၅)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကျေးဇူးအထူးတင်ရှိခြင်း

ဖေဖေ ဦးမျိုးကိုကိုဦး ၇/ပခန(နိုင်)၃၇၁၄၁၈၊ ဖိုးခွားဖုန်းဆိုင်(ပဲခူး)- မေမေ ဒေါ်ကျော်ခိုင်မာ PGU 324862 ကမ္ဘောဇဘဏ်(ပဲခူး)တို့မှ ၂၀-၅-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၆း၃၂နာရီတွင် သမီးဦး ရတနာလေးအား ဖွားမြင်ခဲ့ပါသည်။ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဂျိုးသိန်းဆေးခန်း(ပဲခူး)မှ ဒေါက်တာ ဒေါ်မိမိချို (OG)၊ သူနာပြုနှင့် ဝန်ထမ်းများ၊ သူငယ်ချင်းမိတ်ဆွေအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ဖေဖေ-ဦးမျိုးကိုကိုဦး-မေမေ-ဒေါ်ကျော်ခိုင်မာ

အမည်ပြောင်း

သဃ်န်းကျွန်းမြို့နယ်၊ ပညာနန်းတော် တက္ကသိုလ်ဝင်တန်း(ပိတောက်)မှ ဦးကျော်ကျော်၏သား မောင်တိုတယ်အား မောင်လပြည့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လပြည့်အောင်

အိမ်ရောင်းမည်

သံသုမာလမ်းမပေါ်
မျက်နှာစာ ၄၆' × ၃၈'(ထောင့်ကွက်)
တောင်ဥက္ကလာပ၊ ၃၁ ဂိတ်အနီး
(ကျပ်သိန်း ၉ထောင်)

ဖုန်း-၀၉-၅၁၅၂၇၅၉၊ ၅၆၉၄၈၅

ငှားမည်

၇ မိုင်-ဦးလွန်းမောင်လမ်း
RL နှစ်ထပ်လုံးချင်း ၄၁'×၇၅'
2 MBR - 2BR- 3AC လိုင်းဖုန်း

ဖုန်း-၀၁-၂၂၀၇၃၆၊ ၀၉-၅၁၇၈၇၉၁

ရောင်းရန်

စက်ရုံ၊ အလုပ်ရုံ၊ စားသောက်ဆိုင် ဆီဆိုင်ဖွင့်ရန်အထူးသင့်လျော်သည်။

ဒဂုန်-မန်းလမ်းဟောင်း၊ မိုင်တိုင် ၇၉၊ ဆန်စက်ဟောင်း (200' ×300')၊ 3B ကျပြီးခြံ၊ RC (၂)ထပ်တိုက်၊ (30' ×80') ပါ၊ 100 KBA(ကိုယ်ပိုင်ထရန်စဖော်မာ)၊ လယ်မြေ (၆)ဧက (တစ်ဆက်တည်း)၊ ၁၃၀၀ L ညှိနှိုင်း

ဖုန်း-၀၉-၅၀၇၇၁၃၄၊ ၀၉-၃၃၄၈၄၇၄၇
ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းသည်။
ဈေးအလွန်တန်သည်။

အမြန်အလိုရှိသည်

၁။ လက်သည်း၊
ခြေသည်း ကျွမ်းကျင် ၁ ဦး
၂။ ခေါင်းလျှော်၊
နှိပ်၊ ကျွမ်းကျင် ၁ ဦး

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၀၁၈၀၀

ဒေါ်မေပုလဲ ဂရန်အမည်ပေါက်ပိုင်ဆိုင်သော အမှတ် ၇၄၊ မနော်ဟရီလမ်း၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေတိုင်း (၄၆/A) မြေကွက်အမှတ် (၉၅/၁)၊ ဧရိယာ (၀ဒသမ၁၄၇)ဧကရှိ မြေပိုင်/မြေကွက်ကို ပိုင်ဆိုင်မှု စာချုပ်စာတမ်းအရပ်ရပ်အားလုံးနှင့်တကွ ရောင်းဝယ်ရန် (၂-၁-၂၀၁၄)ရက်တွင် စရန်ငွေပေးကတိစာချုပ် ချုပ်ဆိုထားပြီးဖြစ်ကြောင်း ဒေါ်မေပုလဲနှင့်

အများသိစေရန် သတိပေးကြေညာချက်

ဦးဇင်မင်းလတ် ၁၄/ဘကလ(နိုင်)၁၆၉၅၈၆၊ အမှတ် (၇၅)၊ လမ်းမတော် ၆လမ်း၊ (အလယ်)၊ လေးလွှာ၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မေပုလဲနှင့် အများသိစေရန် အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ဒေါ်မေပုလဲ ၁၂/ဒဂန(နိုင်)၀၀၈၂၃၀၊ အမှတ် ၃၇/က၊ ခုနစ်လွှာ၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သည် မိမိအမည်ပေါက်ပိုင်ဆိုင်သော အထက်ဖော်ပြပါ အမှတ် ၇၄၊ မနော်ဟရီလမ်း၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေတိုင်း (၄၆/A) မြေကွက်အမှတ် (၉၅/၁)၊ ဧရိယာ (၀ဒသမ၁၄၇)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်နှင့် သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်မှု စာချုပ်စာတမ်းအရပ်ရပ်အားလုံးနှင့်တကွ တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀ (ကျပ်သိန်းသုံးသောင်းတိတိ)ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်လက်ရောက်လွှဲပြောင်းပေးအပ်ရောင်းချရန် ဦးဇင်မင်းလတ်နှင့်(၂-၁-၂၀၁၄)ရက်တွင် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စရန်ငွေ ပေးကတိစာချုပ်ချုပ်ဆို၍ ယင်းမြေကွက်၏ မြေပုံ၊ မြေရာဇဝင်နှင့် ဒေါ်မေပုလဲမှ ဦးဇင်မင်းလတ်သို့လွှဲအပ်သည့် အထွေထွေကိုယ်စားလှယ်လွှဲစာနှင့်တကွ လွှဲအပ်ပေးပြီး ဦးဇင်မင်းလတ်ထံမှ စရန်ငွေကျပ် ၆၀၀၀၀၀၀၀(ကျပ်သိန်းခြောက်ရာတိတိကို)လက်ခံရယူပြီးဖြစ်ပါသည်။

ယင်းစရန်ငွေပေးကတိစာချုပ်နှင့်အညီ ဦးဇင်မင်းလတ်မှ ပထမအရစ်ပေးချေရန်အတွက် ငွေကျပ် ၄၀၀၀၀၀၀၀ (ကျပ်သိန်းလေးရာတိတိ)ကို ပေးချေရန်အသင့်ဖြစ်ကြောင်း ၂၆-၅-၂၀၁၄ရက်စွဲပါ အကြောင်းကြားစာဖြင့် ရှေ့နေမှတစ်ဆင့် ပေးပို့အကြောင်းကြားခဲ့သော်လည်း ဒေါ်မေပုလဲသည် လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ကတိပျက်ကွက်လျက်ရှိပါသည်။

ဒေါ်မေပုလဲသည် ကမ္ဘောဇဘဏ်တွင် ငွေချေးယူခဲ့ရာတွင် အပေါင်ပစ္စည်းအဖြစ် အာမခံထားသည့် အထက်ပါရောင်းဝယ်ရန် ကတိပြုထားသည့် မြေကွက်၏ဂရန်ကို ရွေးယူ၍ ဦးဇင်မင်းလတ်၏သဘောတူခွင့်ပြုချက်မရှိဘဲ ဥပဒေနှင့်မညီ အခြားသူတစ်ဦးဦးနှင့် အရောင်းအဝယ်ပြုလုပ်ရန်စီစဉ်နေကြောင်း ကြားသိရပါသည်။

သို့ဖြစ်ပါ၍ ဦးဇင်မင်းလတ်၏ အတိအလင်း သဘောတူခွင့်ပြုချက်မရရှိဘဲ ဒေါ်မေပုလဲ အပါအဝင် မည်သူကမျှ အထက်ဖော်ပြပါအတိုင်း ဒေါ်မေပုလဲနှင့် ဦးဇင်မင်းလတ်တို့ နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ် (၂-၁-၂၀၁၄) ချုပ်ဆို၍ ရောင်းဝယ်ရန် ကတိပြုထားပြီးဖြစ်သည့် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်နှင့် သက်ဆိုင်သော ဂရန်ကို အခြားသူတစ်ဦးဦးအား ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ အမွေခွဲဝေပေးခြင်း၊ အာမခံထားခြင်း၊ ခွဲစိတ်ခြင်း၊ ခွဲဝေခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းစသည်တို့ကိုမပြုလုပ်ကြရန် ဒေါ်မေပုလဲနှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

(လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဖြစ်ပေါ်လာမည့် ဆိုးကျိုးများအတွက် ပြုလုပ်သူများကသာလျှင် တာဝန်ယူရမည်ဖြစ်ပါသည်။)

ဦးဇင်မင်းလတ်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဉာဏ်လင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၀၈)
အမှတ် (၆၆)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၄၉၃၄၆၊ ၀၁-၆၁၁၈၈၅

တိုက်ခန်း(ကွန်ဒို) ငှားရန်ရှိသည်

မြိုင်ဟေဝန်ကွန်ဒို၊ Junction (8) Tower B၊ နှစ်လွှာ၊ ခြောက်လွှာ အခန်းများငှားရန်ရှိသည်။ နေထိုင်ရန်အသင့်ပြင်ဆင်ပြီး Sq-1350.ft

စုံစမ်းရန် ဖုန်း-၀၁-၅၆၆၁၆၉၊ ၀၉-၅၁၀၆၂၆၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ ၄၀ါမြိုင်လမ်း၊ မြေကွက်အမှတ် ၆၄၇၊ အကျယ်အဝန်းပေ (၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဒေါ်ဦးခိုင်စံ အိုင်အက်စ်အန်-၅၃၁၃၂၆ အမည်ဖြင့် မှတ်သားတည်ရှိပြီး ၄င်းထံမှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နွယ်နီအေး LL.B
အထက်တန်းရှေ့နေ
အမှတ် ၃/၂၀၆၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၁၈၈၀၇၂

မသက်ဆိုင်တော့ပါကြောင်း

အထက်ပါ အမှတ်စဉ် အားလုံးသည် [illegible] တွင် အလုပ်ဆင်းနိုင်သူဖြစ်ရမည်။ လုပ်သက်အတွေ့အကြုံ အနည်းဆုံး (၃) နှစ်ရှိရမည်။ ၎င်းအပြင် အမှတ်စဉ် (၁)မှ (၃)အထိ နေထိုင်စားသောက်စရိတ်ငြိမ်းပြီး [illegible] နေထိုင်ရမည်။ လျှောက်ထားလိုသူများသည် မိမိနေထိုင်သည့် ရပ်ကွက်၊ ရဲစခန်း ထောက်ခံစာ CV Form နှင့်အတူ ကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း အခန်း (၅၀၈) MGW တိုက်ခန်း၊ [illegible] ဗိုလ်တစ်ထောင်မြို့နယ်သို့ လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန် - မခင်ခင်မြင့်၊ ဖုန်း - ၀၉ [illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးဖိုးမှန်လမ်း၊ အမှတ် ၃၃ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၂၀-ခ၊ မြေကွက်အမှတ် ၄၂-က၊ အကျယ်အဝန်း ဧရိယာ ဝဒသမ ၁၅၅ဧကရှိ ဒေါ်မြစိန် ၁၂/ဥကတ(နိုင်)၀၅၀၈၇၁ အမည်ပေါက် မြေပိုင်မြေအမျိုးအစားကို အရောင်းအဝယ်ပြုလုပ်ရန်ရှိပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြစိန်
အမှတ် ၂၃၊ ဝေဇယန္တာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၁-၅၇၇၈၂၆၊ ၀၉-၅၀၁၅၆၁၉၊ ၀၉-၄၂၀၀၅၄၇၅၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ လူနေရပ်ကွက်အမှတ် တ/၁၅၊ ဗိုလ်တိုက်ချွန်းလမ်း၊ မြေကွက်အမှတ် ၇၈၈ ဟုခေါ်တွင်သော အကျယ်ပေ (၄၀×၆၀)ရှိ ဦးစံလှ အမည်ပေါက်မြေချပါမစ်ထွက်ရှိ ထားသည့်မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ခဲ့သူ ဦးမြသွင်၏သား ဦးမောင်မောင်နိုင် ၁၂/လမန(နိုင်)၀၂၉၄၀၂ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို မြေကွက်ပိုင်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလွင် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ [illegible] (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၆)၊ လူနေရပ်ကွက်အမှတ်(၃၆)၊ [illegible]

Hein Htet San Law Firm

[illegible]

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် ၈၃ နေ ဦးစောအောင်နိုင်လွင်(ခ) William ၁၂/ဆကခ(နိုင်)၀၀၉၆၇၅ သည် မိသားစုနှင့်သားသမီးများအပေါ် ငဲ့ညှာမှုမရှိဘဲ သစ္စာမဲ့စွာဖြင့် ၁၂-၅-၂၀၁၄ ရက်မှစ၍ နေအိမ်မှထွက်သွားပါသဖြင့် ခင်ပွန်းအဖြစ်မသက်ဆိုင်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို ကျွန်မ မချယ်ရီမြင့်က တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မချယ်ရီမြင့်
၁၂/ဆကခ(နိုင်)၀၀၉၈၅၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၆ ရပ်ကွက်၊ မိုးကောင်းလမ်းနှင့် စွန်းလွန်းဂူကျောင်းလမ်းထိပ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ လူနေရပ်ကွက်(ကံဘဲ့)၊ မြေဧရိယာ ၀ ဒသမ ၄၁၈ မြေကွက်ပေါ်ရှိမခွဲစိတ်ရသေးသော အလျား ၅၈ ပေ× အနံ ၃၂ ပေရှိ အမှတ်(၃-အေ)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်ဟု ခေါ်တွင်သော ဟောင်ကောင်ပုံတိုက် မြေညီထပ်နှင့် ပထမထပ် (ခေါင်းရင်းခန်း)အား လက်ဝယ်ပိုင်ဆိုင်သူ ဦးသန်းစိန် ၁၂/ရကန(နိုင်)၀၅၅၉၁၉ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်က စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဗိုလ်ဗိုလ်
ဖုန်း-၀၉-၇၃၀၃၉၇၉၃

ဒေါ်အုံးရီ ၁၂/တမန(နိုင်)၀၃၇၁၇၅
ဒေါ်သောင်းနွဲ့ ၁၂/သကတ(နိုင်)၀၀၇၂၅၀
ဦးခင်မောင်မြင့် ၁၂/သကတ(နိုင်)၀၁၀၆၀၃ သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ လူနေရပ်ကွက် အမှတ် ၅၊ မြေကွက်အမှတ် ၂၀၂၊ ပေ(၄၀×၆၀) နှစ် ၆၀ ဂရန်မြေကွက်အနက်မှ ပေ(၂၀×၆၀) ရှိသော ယာဘက်ခြမ်း မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကွယ်လွန်သူ ဦးကျော်မြ၏ အမွေစားအမွေခံသားသမီးများဖြစ်သော ဒေါ်အုံးရီ၊ ဒေါ်သောင်းနွဲ့၊ ဦးခင်မောင်မြင့်တို့ထံမှ ဒေါ်ခန့်ခန့်ချောက ဝယ်ယူလက်ရောက်ရရှိအကျိုးခံစားခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏ မိတ်ဆွေသည် ယင်းမြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အရောင်းအဝယ်တရားဝင် အထမြောက်စေရန် မှတ်ပုံတင်စာချုပ်ချုပ်ဆိုလိုသည့်အတွက် ကတိပဋိညာဉ်အတိုင်း ကျန်ငွေလက်ခံပြီး မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ဒေါ်အုံးရီ၊ ဒေါ်သောင်းနွဲ့၊ ဦးခင်မောင်မြင့်တို့အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်နှင့်ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန္ဒာဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၇၄)
အမှတ် ၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၉၄၂၈၅

ဒေါ်မြင့်မြင့်အေး(၁၂/သဃက(နိုင်)[illegible])နှင့် အများသိစေရန်

[illegible] မြန်မာ့အလင်းသတင်းစာ [illegible] "ကန့်ကွက်ကြောင်း [illegible] (၁၂/သဃက(နိုင်)[illegible])နှင့် အများသိစေရန်" [illegible]

[illegible]

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဖေဖေ စိုင်းသီဟအောင်-မေမေ ဒေါက်တာချောချောစိန်တို့၏သားကြီး၊ စိုင်းညီ(ခ) မောင်ဖွဲ့ရာဇာ Grade(X) TTC ကမာရွတ်၏အစ်ကို စိုင်းဟပ်(ခ)မောင်ဘုန်းပြည့်ကျော်သည် ၂၀၁၃-၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို TTC ကမာရွတ်ကျောင်းမှ ခုံအမှတ်-ဆကရ(၁၁)ဖြင့် ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးဖြင့် ထူးထူးချွန်ချွန် ထိုက်ထိုက်တန်တန် အောင်မြင်ဆွတ်ခူးရရှိခဲ့သည့်အတွက် ဘိုးဘိုးနှင့်ရာရာ မိသားစုအားလုံးက အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဘိုးဘိုး - ဦးစန်းတင့်အောင်
ရာရာ - ဒေါ်နန်းမြအေး(ခ)မာရီအောင်
ဖေဖေ - စိုင်းသီဟအောင်
မေမေ - ဒေါက်တာချောချောစိန်
ညီလေး - မောင်ဖွဲ့ရာဇာ

[illegible]

ဆရာဦးဇော်လင်း (B.A, Korean, YUFL)
ကိုရီးယားဘာသာသီးသန့် သင်တန်းကျောင်း

ကိုရီးယားဘာသာစကားကို အခြေခံမှစ၍ အဆင့်မြင့်သည်အထိ EPS-TOPIK မေးခွန်းများနှင့် စကားပြောများကို (4Skills) သင်ကြားပေးပြီး၊ အလုပ်လုပ်ဆောင်ရာအသုံးကိုပါ ကိုရီးယားရှိ စက်ရုံများစွာနှင့် လေ့ကျင့်ရေးများတွင် အတွေ့အကြုံ ရှိသော ဆရာမှ အပြည့်အစုံ လမ်းညွှန်ဆောင်ရွက် သင်ကြားပေးနေပါသည်။

သင်တန်းဖွင့်ရက် ➤ (၁-၇-၂၀၁၄) (တနင်္လာမှ ကြာသပတေးအထိ)
➤ လစဉ်တန်းခွဲသစ်များလည်း ရှိပါသည်။

သင်တန်းနေရာ ➤ လှည်းတန်းလမ်းဆုံ၊ ဦးထွန်းလင်းခြံလမ်း၊ လှဆန်းယဉ်တိုက်(5)လွှာ/6-C၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ Ph: 09-400475420, 09-47113848

Facebook: www.facebook.com/zaw.lin.3950

Mobile Hardware Repair Course

Mobile Phone ၏ Hardware ပစ္စည်းများ ပြုပြင်ရေးနည်းလမ်းများ

ထိုမင်းအောင် (Ray Electronic)

Mobile Phone ပြုပြင်ရာတွင် အသုံးပြုရမည့် ပစ္စည်းကိရိယာများ၊ သိရှိထားသင့်သည့် Electronic နှင့် Electricity အခြေခံ သဘောတရားများ၊ Mobile Phone အတွင်းမှ Candlevel part များ အဓိကအစိတ်အပိုင်းများ၊ ပြုပြင်ရာတွင် စမ်းသပ်ရမည့် နည်းလမ်းများနှင့် ပြစ်ချက်ရှာဖွေခြင်း၊ Key Pad နှင့် Touch screen ပြဿနာများဖြေရှင်းခြင်း စသည်ဖြင့် Mobile ပြုပြင်သူများ လက်မလွှတ်တမ်း ဆောင်ထားသင့်သည့်စာအုပ်ကောင်း။

မျက်ပွင့်စာပေ - ဖုန်း-၀၉-၇၃၀၀ ၂၉၆၅၊ ၀၉ ၇၃၀၀ ၄၈၈၂

ကန့်ကွက်နိုင်ကြောင်းကြေငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြေငြာ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရှမ်းစုကျေးရွာ၊ စေတနာလမ်း၊ အမှတ်-၃၄ (ယခင်စိန်ပန်းလမ်း)၊ အမှတ်-၁၆ဟုခေါ်တွင်သော အလျား ၁၅၀ပေ၊ အနံ ၉၅ပေရှိ ဥယျာဉ်ခြံမြေကွက်တစ်ကွက်နှင့် အရပ်ရပ်ပိုင်ဆိုင်အကျိုးခံစားခွင့်များကို ဒေါ်ကျင်ရွှေ၊ ဦးကျော်လင်းဦး၊ ဦးစိုးတင့်၊ ဦးနော်လေး၊ ဒေါ်တင်တင်နု၊ ဦးညီမင်းထွန်းတို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေများပေးချေထားပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးအောင်ခိုင် LL.B ,Advocateship (စဉ်-၂၄၆၄/၁၉၈၃)
ဒေါ်မြင့်မြင့်အေး B.A.(Law),LL.B (စဉ်-၂၄၀၃/၁၉၈၃)
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၈၃/၁၁)၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၅၀၆၇၁၆၆၉၊ ၀၉-၃၁၂၈၅၉၉၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း ၂၃ ရပ်ကွက်၊ ကျန်စစ်သားလမ်းမ၊ အမှတ် ၁၉၄၄ ရှိ မြေအကျယ်ပေ (၂၀×၆၀) မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် ရေ၊ မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်သူ ဦးတင်ဦး HLG -၀၃၉၇၄၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးစိုးမော် စဉ်-၂၃၆၉၈
ဒေါ်နှင်းဝေအောင် စဉ်-၂၈၈၀၄
အထက်တန်းရှေ့နေများ
အမှတ် ၁၉၅၊ နတ်သျှင်နောင်လမ်း၊ ၃ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊
ဖုန်း-၀၉-၅၄၀၇၈၃၀၊ ၀၉-၇၃၀၈၃၅၇၃

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်း၊ အမှတ် ၁၁၉နေ ဦးထွန်းသိန်း ၁၂/ဗဟန(နိုင်)၀၀၇၇၃၃ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဝက်ပါလမ်း၊ တိုက် ၄၊ အခန်း E(2)(ပထမထပ်)တိုက်ခန်းအား ဝယ်ယူသူ ဒေါ်စန်းစန်းမြင့် ၁၀/မလမ(နိုင်)၀၆၉၆၂၅က အရောင်းအဝယ်စာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဝယ်ယူမည်ဖြစ်ပါသောကြောင့် ၎င်းအခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းမြင့် ၁၀/မလမ(နိုင်)၀၆၉၆၂၅
အမှတ် ၉၉၊ အုတ်လမ်း၊ အနောက်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၄၃၇၃၃၊ ၀၉-၅၀၁၁၅၃၂

ဦးစိန်မြင့်(ခ)ဟိုစီဉာဏ် ၁၂/စခန(နိုင်)၀၀၅၂၅၉၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ် ၁၅၀ (ယခုလိပ်စာမသိ)သိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသိန်းသန်း ၁၂/စခန(နိုင်)၀၀၅၃၃၂၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ လူကြီးမင်းသည် အနုပညာပန်းပုရုပ်မျိုးစုံ ထည့်ထားသည့်အိတ် ၂၆ အိတ်ကို အာမခံအဖြစ်ထား၍ ကျွန်ုပ်မိတ်ဆွေထံမှငွေကျပ် ၂၀၀၀၀၀၀၀(ကျပ်သိန်းနှစ်ရာတိတိ)ကို ရယူသွားခဲ့ကြောင်းနှင့် ယင်းပစ္စည်းများမှာ ကျပ်သိန်း၂၀၀ကျော်တန်ဖိုးရှိကြောင်းပြောဆိုသည်ကို ယုံကြည်၍ လက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့ ငွေများရယူပြီးနောက် ယနေ့အထိ လာရောက်တွေ့ဆုံခြင်း၊ ဆက်သွယ်ခြင်းမရှိတော့ဘဲ ရှောင်တိမ်းနေပါကြောင်းနှင့် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း လာရောက်ဆက်သွယ်ပါရန်၊ ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်၍ ယင်းပစ္စည်းများကို ထုခွဲရောင်းချတော့မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးတိုးမောင်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၃၅၀၀)
B.A(English Language& Literature)H.G.P,R.L
အမှတ်(၅၅/၁၅-အေ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉-၅၃၄၂၄၉၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၈/၁၃ ရပ်ကွက်၊ မြေကွက်အမှတ် ၁၉၆၊ ဗိုလ်မှူးဝင်းမြင့် (ကိုယ်ပိုင်နံပါတ် ကြည်း-၁၆၃၀၃)၊ ပါမစ်အမည်ပေါက်သည့် မြေကွက်ဧရိယာအကျယ်ပေ(၆၀×၆၀)ရှိ မြေအကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်အရောင်းအဝယ် ကတိစာချုပ်များအရ ဦးလှဌေး ၁၂/သကတ(နိုင်)၀၅၃၈၁၅ က လက်ရှိပိုင်ဆိုင်သူဖြစ်၍ ၎င်းထံမှ ယင်းခြံမြေကိုဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ဦးလှဌေးထံသို့ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
စိန်ပေါလ်ခင်မောင်ဆန်း (LL.B)
အတိုင်ပင်ခံအမှုလိုက်ရှေ့နေ
အမှတ် ၆၄၊ သီရိသပြေညိုလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၄၄၈၀၄၆၆၉၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၃၅၄ဟုခေါ်တွင်သော အလျား×အနံပေ(၄၀×၆၀)ရှိ မြေနှင့်တကွ မြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်သူ ဒေါ်စန်းစန်းမြင့် ၇/ရတန(နိုင်)၀၀၀၅၅၇ထံမှ ကျွန်ုပ် ဒေါ်တင်တင်ဦး ၁၂/သဃက(နိုင်)၁၁၅၇၉၂က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်ဦး ၁၂/သဃက(နိုင်)၁၁၅၇၉၂
အမှတ် ၃၀၃/၆၊ သံသုမာလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၀၄၃၉၇

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၂	LEE HWEE KYU(a)[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ကြော်ငြာကဏ္ဍ

ကျိုက္ကလော့

အမေ့မေတ္တာ စာမူပြိုင်ပွဲ

၁၀ နှစ်မြောက် စာမူများဖိတ်ခေါ်ခြင်း

ကျိုက္ကလော့ "မေတ္တာဒီပါမိသားစု"က နှစ်စဉ်ကျင်းပမြဲဖြစ်သော "အမေ့မေတ္တာ" စာမူပြိုင်ပွဲအတွက် ကဗျာရှည်၊ ဝတ္ထုတို ဆောင်းပါးများအား ဇော်သလင်းလကွယ် စက်တင်ဘာလ ၂၃ ရက်နေ့ နောက်ဆုံးထား၍ မေတ္တာပါ လိပ်စာသို့ ပေးပို့ပါရန် အကြောင်းကြား အပ်ပါသည်။

ကျိုက္ကလော့ "အမေ့မေတ္တာ" စာမူပြိုင်ပွဲ ၁၀ နှစ်ပြည့် အထူးအထိမ်းအမှတ်အဖြစ် (၄ တန်းမှ ၈ တန်း) ကျောင်းသား ကျောင်းသူများအတွက် ငါးပါးသီလကို အခြေခံသော ကဗျာဆို ဆိုနိုင်မည် ဖြစ်ပါသဖြင့် ရင်ချိုင်ပွဲဝင်ကဗျာများလည်း ပေးပို့နိုင်ပါသည်။

စာမူပေးပို့ရန် လိပ်စာ

"မေတ္တာဒီပါ မိသားစု"၊ ကျိုက္ကလော့ သီလရှင် စာသင်တိုက်နှင့် သီလရှင် ပညာရေးကျောင်း ကျိုက္ကလော့စေတီတော်မြတ်ကြီး အနီး မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉-၅၁၀၅၆၆၅၊

ခင်ကိုင်းတိုင်း၊ ခန်းမောက်မြို့၊ ကျူးဆီပ်၊ သရက်ကုန်းရွာနေ

ဦးခေါင်နိုင် (၅/ဝသန(နိုင်)၀၅၅၅၅၂)

မြိတ်နယ်သား (ရွှေနှင့် စက်ပစ္စည်းရောင်းဝယ်ရေးဆိုင်)နှင့်

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း လှိုင်သာယာမြို့ ဒိုက်အောင်ကျော်လမ်း ရန်ကုန်-ပုသိမ် အဝေးပြေးလမ်း အမှတ်(၅၈၃)ရှိ Win Strategic Pte., Ltd ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးခေါင်နိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခေါင်နိုင်သည် ... (၀၁-၅-၂၀၁၃)ရက်စွဲပါ Hs-279/2013 ဖြင့် Brand New Hitachi Excavator ZX210LCHG-5G (1)Unit ဝယ်ယူ၍ ... [illegible] ... မြန်မာငွေကျပ် ... /- ... (၁၄)ရက် အတွင်း ... ဦးခေါင်နိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်မြွှာဝင်းသူယ်	ဦးတင်အေး (ရှေ့ကရှုဝါ)
တရားလွှတ်တော်ရှေ့နေ (...)	တရားလွှတ်တော်ရှေ့နေ (...)
[LL.B., DBL, D.M.L, DLP-WIPO(Switzerland)]	(H.GP.LL.B., DBL)

ရုံး - အမှတ်(၅၈၃) ဒိုက်အောင်ကျော်လမ်း ရန်ကုန်-ပုသိမ်လမ်းမကြီး ... [illegible]

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

[illegible]

Ph: [illegible]

ထိမ်းမြားမင်္ဂလာညည်းခံပွဲ

ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးစစ်တာရွှေ M.Min (Phi) (သိက္ခာတော်ရဆရာ-ငြိမ်း)+ ဒေါ်မိုးသီတာတို့၏ သားလတ်

မင်းစင်ရွှေ

BBA (Management), MUAS

Executive Director of KKK Group of Trading Co.,Ltd.

နှင့်

ရန်ကုန်မြို့နေ ဦးကျော်မြတ်မိုး (အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း)

(MD, KKK Group of Trading Co.,Ltd) + ဒေါ်ဝင်းရွှေအေး (ခိုင်ခိုင်ကျော် မြန်မာ့အဆင်းဆိုင်) တို့၏ သမီးကြီး

မချစ်ဆုကျော်

B.A(Philo), Adv. Dip: Strategic Management and Leadership, Univeristy of Northampton, UK

Director of KKK Group of Trading Co., Ltd

တို့၏ ၁၃၇၆ ခုနှစ် နယုန်လပြည့်နေ့ ၊ ၁၂၊၆၊၂၀၁၄ (ကြာသပတေးနေ့)တွင် Judson Church ၌ မင်္ဂလာဆောင်နှင်းပေးပါသော Rev.Dr. ဦးသာဝင်းအား လည်းကောင်း၊ ၁၅၊၆၊၂၀၁၄ (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပခဲ့သော မင်္ဂလာညည်းခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စပယ်ပန်းကုံးများကို ဆင်မြန်းချီးမြှင့်ပေးပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နှင့် ဇနီးဒေါ်မြင့်မြင့်သိန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် (ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန) နှင့် ဇနီးဒေါ်ရွှေ တို့အားလည်းကောင်း၊ မင်္ဂလာညည်းခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော သိရိပ္ပိုဦးတိုလေး (ဝန်ကြီး-ငြိမ်း) နှင့် ဇနီးဒေါ်ခင်ခင် ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း Yuzana Plaza စေါ်ကဲသီးချိုက်အသင်း စားသောက်ဆိုင်ပိုင်ရှင်ကြီးများအားလည်းကောင်း၊ မင်္ဂလာလက်ဆောင်မွန်များပေး၍ ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမြှေတ်လမင်းသား မလင်းလှဲ့အိ မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် မင်္ဂလာ လက်စွပ်ခံနီး ကိုင်ဆောင်ပေးကြသော မောင်သက်စေအေး မသက်ထားသူဇာ သတို့သားအရံ မောင်ဝင်းသူအောင် နှင့် မောင်ဇင်သီဟရွှေ သတို့သမီးအရံ မမေသူရွှေအောင် နှင့် မဓိရာရွှေ မင်္ဂလာအခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ပေးကြသော ဦးကျော်စိုးဦး နှင့် မမေသက်ထွန်း တို့အား လည်းကောင်း၊ မေတ္တာဖြင့် စိန်ရတနာများ ဆင်မြန်းပေးပါသော မြမြရတနာ Jewellery နှင့် မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော K Collection နှင့် Marvelous တို့အားလည်းကောင်း၊ မိတ်ကပ် ဆံပင်အလှဆင် ဖန်တီးပေးပါသော ဒီဇင်ဘာနှင်း နှင့်အဖွဲ့ ၊ ၁၂၊၆၊၂၀၁၄တွင် ပန်းအလှဆင်ပေးပါသော ဆရာမဆောင်းစေဝေ၊ ဆရာမဇင်မိန်းကျော်နှင့်အဖွဲ့ ၁၅၊၆၊၂၀၁၄ တွင် ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့အားလည်းကောင်း၊ ဓါတ်ပုံနှင့် ဗွီဒီယို မှတ်တမ်းတင်ပေးပါသော ဇေတ္တာဦးနှင့်အဖွဲ့ ဒုံးမိတ်စားတိုက်၏ Wedding Planner အဖြစ် ဆောင်ရွက်ပေးသော Marvelous (မမိုး) တို့အားလည်းကောင်း၊ မင်္ဂလာပွဲနှင့် မင်္ဂလာညည်းခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် မင်္ဂလာအခမ်းအနားတစ်ရပ်လုံး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်

မင်းစင်ရွှေ- မချစ်ဆုကျော်

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ... မြို့နယ် ... [illegible] ... RC ... [illegible] ... အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအေးမြွှာခင်

တရားလွှတ်တော်ရှေ့နေ

[illegible]

LRE Law Firm

E-mail: [illegible]

ကန့်ကွက်နိုင်ပါသည်

[illegible] ... ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

[illegible] (LL.B)

အထူးလွှတ်တော်ရှေ့နေ (စဉ်-...)

ဦးခိုင်လင်းထွန်း (LL.B) ... ဒေါ်သူသူလွင် (LL.B)

အထက်တန်းရှေ့နေ (စဉ်-...) ... အထက်တန်းရှေ့နေ (စဉ်-...)

အမှတ်-...၊ ... [illegible]

... ရန်ကုန်မြို့၊ Ph : [illegible]

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်နုနုရီ ၁၄/ပသရ(နိုင်)၀၇၃၇၅၈၏သား မောင်စည်သူတင်မြ(ခ)နဇီး ၁၄/ပသန(နိုင်)၂၃၈၉၀၈သည် မိဘအား စိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၎င်းအားအမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်နုနုရီ ၁၄/ပသရ(နိုင်)၀၇၃၇၅၈၊ ပုသိမ်မြို့**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရိပ်သာ ၁၀ လမ်း၊ အမှတ် ၁၄ နေ ကျွန်မ ဒေါ်တင်တင်မြ ၉/ပဘမ(နိုင်)၁၂၁၃၃၇၏သမီး မဉမ္မာကျော် ၁၂/ကမတ(နိုင်)၀၈၁၉၇၂သည် မိဘစကားနားမထောင်ဘဲ ၎င်း၏ဆန္ဒအတိုင်းပြုမူသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်တင်တင်မြ

မြန်မာ့အလင်း

ကမ္ဘာ့ဖလားအထူးကဏ္ဍ

၂၀၁၄ ခုနှစ်၊ ဇွန် ၂၁ ရက်၊ စနေနေ့။

AIR KBZ

အာဂျင်တီးနား အနိုင်ရဖို့ သေချာနေပြီး ဂျာမနီအသင်း ရုန်းကန်ရနိုင်တယ်

မူလာ

အာဂျင်တီးနားအသင်းဟာ အခုပွဲမှာ အီရန်နဲ့သာရင်ဆိုင်ရမှာဖြစ်လို့ နောက်တစ်ဆင့်တက်ရောက်နိုင်ရေး မျှော်လင့်ချက်အတွက် အထူးအားစိုက်လာမှာဖြစ်ပြီး အီရန်ကို အနိုင်ကစားနိုင်ဖို့ သေချာနေတယ်။ ဂျာမနီအသင်းက ရုန်းအားကောင်းမွန်တဲ့ ဂါနာနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ အမှတ်ပြည့်ရရှိဖို့ ရုန်းကန်ရနိုင်တာကို သတိပြုရမယ်။

အာဂျင်တီးနား Vs အီရန်

ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၁-၆-၂၀၁၄၊ ည ၁၀း၃၀ Estadio Mineirao
နောက်ဆုံးဆုံတွေ့မှုရလဒ်	အီရန် ၁-၁ အာဂျင်တီးနား (၂၀-၃-၁၉၇၇)

အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အသင်းငယ်တွေရဲ့ ခံကစားအားကောင်းမွန်နေပြီး အသင်းကြီးအချို့ရဲ့ ခြေစွမ်းပိုင်း မတည်မငြိမ်ဖြစ်နေတာတွေရှိပေမယ့် အာဂျင်တီးနားအနေနဲ့ အီရန်ကို ဖိအားပေးကစားနိုင်ဖို့ သေချာနေတယ်။ အာဂျင်တီးနားဟာ ဘော့စနီးယားကို အနိုင်ရခဲ့တဲ့ပွဲမှာ အသုံးပြုခဲ့တဲ့ ပွဲထွက်ကစားသမားအများစုကို အသုံးပြုလာနိုင်ပေမယ့် အခုပွဲမှာ တိုက်စစ်မှူးသုံးဦးထားကစားတဲ့ နည်းဗျူဟာကို အသုံးပြုလာနိုင်တာကြောင့် အီရန်ခံစစ်ကို အခက်တွေ့စေနိုင်တယ်။ အာဂျင်တီးနားရဲ့ခံစစ်ပိုင်း အနည်းငယ် အားနည်းနေတာမှန်ပေမယ့် အီရန်တိုက်စစ်ကလည်း ကစားပုံသာမန်သာရှိတာကြောင့် အာဂျင်တီးနားခံစစ်ကို ဖိအားပေးနိုင်ဖို့ခက်တယ်။ အီရန်ဟာ အဖွင့်ပွဲမှာ နိုင်ဂျီးရီးယားကို သရေကစားနိုင်ခဲ့ပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်း အားနည်းလွန်းနေတာကြောင့် အခုပွဲမှာတော့ အာဂျင်တီးနားကို ခြေရည်တူကစားနိုင်ဖို့ခက်တယ်။ အီရန်ဟာ ကွင်းလယ်ပိုင်းမှာလည်း အာဂျင်တီးနားကစားသမားတွေကို ယှဉ်နိုင်စွမ်းမရှိလို့ အာဂျင်တီးနားအသင်းရဲ့ စိုးမိုးကစားမှုကိုခံရဖို့ အလားအလာများနေတယ်။ အီရန်အသင်းရဲ့ ရုန်းအားကို သတိပြုရမှာဖြစ်ပေမယ့် အာဂျင်တီးနားအသင်းကသာ ခြေစွမ်းအသာနဲ့ကစားပြီး နှစ်ဂိုးအသာနဲ့ အနိုင်ရရှိသွားလိမ့်မယ်လို့ မြင်မိတယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၂-၀

ဂျာမနီ Vs ဂါနာ

ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၂-၆-၂၀၁၄၊ နံနက် ၁း၃၀ Estadio Castelao
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဂါနာ ၀-၁ ဂျာမနီ (၂၄-၆-၂၀၁၀)

ဂျာမနီအသင်းရဲ့ အသင်းလိုက် ခြေစွမ်းပိုင်းကောင်းမွန်မှုရှိပြီး တိုက်စစ်ကစားပုံလည်း ကောင်းမွန်မှုရှိနေတယ်။ ဂျာမနီအသင်းဟာ အုပ်စုပထမနေရာသေချာစေဖို့အတွက် အခုပွဲမှာ နိုင်ပွဲရရှိရေးအတွက်သာမက ဂိုးပြတ်ဖို့လည်း အားစိုက်ကစားလာနိုင်တာကို သတိပြုရမယ်။ အိုဇေးလ်၊ ဟမ်မဲလ်၊ ခီဒီရာ၊ တိုနီကရုစ်၊ ဂေါ့ဇီတို့ရဲ့ ဂျာမနီကွင်းလယ်ဟာ တောင့်တင်းမှုရှိတာမို့ ဂါနာအသင်းကို ဖိအားပေးနိုင်မှာပါ။ ဂါနာက အုပ်စုအဖွင့်ပွဲအဖြစ် အမေရိကန်နဲ့ကစားခဲ့တဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့ရပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တယ်။ အဆာမိုဂျန်၊ အန်ဒရီအာယော၊ မွန်တာရီတို့လို ကစားသမားကောင်းတွေ ပါဝင်နေတဲ့ ဂါနာဟာ အခုပွဲမှာ ကွင်းလယ်နဲ့ ခံစစ်ကို အဓိကအားပြုပြီး တန်ပြန်တိုက်စစ်နဲ့ ဂျာမနီအသင်းကို ရင်ဆိုင်လာနိုင်တာမို့ ဂျာမနီအသင်းအနေနဲ့ ဂိုးရရှိရေးအတွက် ရုန်းကန်ရနိုင်တာကိုတော့ သတိပြုရမယ်။ ဒါပေမယ့် ဂါနာအသင်းရဲ့တိုက်စစ်ပိုင်းဟာ အားနည်းမှုတွေရှိနေတာမို့ ဂျာမနီအသင်းခံစစ်ကို ထိထိရောက်ရောက်ဖိအားပေးနိုင်မယ့် အလားအလာတော့နည်းတယ်။ ဂါနာဟာ ဂျာမနီအသင်းနဲ့ရင်ဆိုင်ရတဲ့ပွဲတွေမှာ ရုန်းကန်ရတတ်တဲ့ အစဉ်အလာရှိပြီး အခုပွဲမှာလည်း ဂျာမနီရဲ့ ဖိအားပေးမှုကိုခံရနိုင်ပေမယ့် ဂျာမနီအသင်း ဂိုးပြတ်နိုင်ပွဲရဖို့တော့ အလားအလာနည်းတယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၂-၁

နိုင်ဂျီးရီးယား Vs ဘော့စနီးယား

ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၂-၆-၂၀၁၄၊ နံနက် ၄း၃၀ Arena Pantanal
နောက်ဆုံးဆုံတွေ့မှုရလဒ်	မရှိ

နိုင်ဂျီးရီးယားအသင်းဟာ အုပ်စုအဖွင့်ပွဲမှာ အာရှအသင်း အီရန်နဲ့ ရင်ဆိုင်ခဲ့ရပြီး ခြေစွမ်းအသာစီးနဲ့ ကစားနိုင်ခဲ့တယ်။ နိုင်ဂျီးရီးယားမှာ အိုနာဇီ၊ ဗစ်တာမော့ဆက်၊ မီခေးလ်၊ မူဆာတို့လို ကစားသမားကောင်းတွေရှိနေပေမယ့် အီရန်ကို ဂိုးသွင်းယူနိုင်မှုမရှိခဲ့တဲ့ နိုင်ဂျီးရီးယားရဲ့ တိုက်စစ်ထက်မြက်မှုကို သတိပြုရမယ်။ ဘော့စနီးယားအသင်းက အုပ်စုတက်ရေးမျှော်လင့်ချက်အတွက် အခုပွဲမှာ အထူးအားစိုက်ကစားလာမှာပါ။ ဘော့စနီးယားက အာဂျင်တီးနားနဲ့ပွဲမှာ ဇက်ကို တစ်ဦးတည်းကို တိုက်စစ်မှာထားပြီး ကွင်းလယ်နဲ့ ခံစစ်ကိုအားပြုကစားခဲ့ပေမယ့် အနိုင်ရရှိဖို့လိုအပ်နေတဲ့ အခုပွဲမှာတော့ ဇက်ကိုနဲ့ အိုင်ဘီဆီဗစ်တို့နှစ်ဦးကို တိုက်စစ်မှာ တွဲဖက်အသုံးပြုလာနိုင်တာမို့ ဘော့စနီးယားတိုက်စစ်ပိုင်း ပိုမိုထက်မြက်လာနိုင်တယ်။ ဒါ့အပြင် ဘော့စနီးယားဟာ အသင်းလိုက်ခြေစွမ်းပိုင်းမာကျောမှုရှိတဲ့အသင်းမို့ နိုင်ဂျီးရီးယားကို အကောင်းဆုံးရင်ဆိုင်နိုင်စွမ်းရှိတယ်။ နိုင်ဂျီးရီးယားရဲ့ ခံစစ်ပိုင်းကောင်းမွန်မှုကြောင့် ဘော့စနီးယားတိုက်စစ် ရုန်းကန်ရနိုင်ပေမယ့် ဘော့စနီးယားကသာ တစ်ဂိုးအသာနဲ့ အနိုင်ရရှိသွားနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၀-၁

ဂျာမနီအသင်းကို အနိုင်ကစားသွားမယ်လို့ဆိုတဲ့ ဂါနာကွင်းလယ်ကစားသမား ပရင့်ဘိုတန်

ဂါနာအသင်းကွင်းလယ်ကစားသမား ပရင့်ဘိုတန်ကတော့ ဂါနာအသင်းအနေနဲ့ အဖွင့်ပွဲစဉ်မှာ အမေရိကန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ဂျာမနီ အသင်းနဲ့ကစားရမယ့် ဒုတိယမြောက် ပွဲစဉ်မှာတော့ အနိုင်ကစားဖို့ကို လိုအပ်နေကြောင်း ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ဂါနာအသင်းဟာ အမေရိကန်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ အမေရိကန်အသင်းရဲ့ ပွဲချိန်တစ်မိနစ်လောက်မှာ သွင်းယူခဲ့တဲ့ ဒမ်ဆေးရဲ့သွင်းဂိုးကို ဂါနာကစားသမား အာယောက ၈၂ မိနစ်တွင် ချေပဂိုးသွင်းယူပေးနိုင်ခဲ့ပေမယ့် ၈၆မိနစ်မှာ အမေရိကန်ကစားသမား ဂျွန်ဘရွတ်က အနိုင်ဂိုးသွင်းယူခဲ့တာကြောင့် ဂါနာအသင်းဟာ ပွဲအပြီးမှာတော့ အမေရိကန်အသင်းကို ၂-၁နဲ့ရှုံးနိမ့်ခဲ့တာလည်း ဖြစ်ပါတယ်။

ဂါနာအသင်းဟာ ဒုတိယပွဲစဉ်အနေနဲ့ ဂျာမနီအသင်းနဲ့ကစားရန်ရှိနေသလို တတိယပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းနဲ့လည်း ကစားရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂါနာအသင်းအနေနဲ့ အုပ်စုအဆင့်ကနေ ဖြတ်ကျော်နိုင်ဖို့ဆိုရင် အဆိုပါအသင်းတို့ကို အနိုင်ကစားရမှာလည်းဖြစ်ပါတယ်။

အဲဒါတွေနဲ့ပတ်သက်ပြီးလည်း ဂါနာအသင်းရဲ့ဝက်ဘ်ဆိုက်မှာကွင်းလယ်ကစားသမား ပရင့်ဘိုတန်က “ဂျာမနီနဲ့ကစားရမယ့်ပွဲဟာ ကျွန်တော်တို့အသင်းအနေနဲ့ အနိုင်ကစားရမယ့်ပွဲဆိုတာကို သိပါတယ်။ ဒါပေမယ့် ဂျာမနီအသင်းကို အနိုင်ကစားဖို့က အပြောလွယ်သလောက် လုပ်နိုင်ဖို့ကတော့ ခက်ပါတယ်။ ကျွန်တော်တို့အသင်းကတော့ အင်အားရှိသမျှ အကောင်းဆုံးကစားသွားဖို့အတွက် ကြိုးစားပြင်ဆင်နေကြပါတယ်။ ပထမဦးဆုံးပွဲကတော့ အမြတ်မ်း ခက်ခဲမှုရှိတာကတော့ အမှန်ပါ။ ဒါပေမယ့် အဲဒီပွဲမှာ ရှုံးနိမ့်ခဲ့တာကြောင့် အခုအချိန်မှာတော့ ကျွန်တော်တို့အသင်းအနေနဲ့ ခေါင်းအေးအေးထားလို့ မရတော့ပါဘူး”လို့လည်းပြောဆိုခဲ့ပါတယ်။

ကွင်းလယ်ကစားသမား ပရင့်ဘိုတန်ဟာ ဂါနာအသင်းနဲ့အတူ ၁၂ ပွဲပါဝင်ကစားပြီး နှစ်ဂိုးသွင်းယူပေးခဲ့သူပါ။ သူဟာ ၂၀၁၁ခုနှစ်မှာ နိုင်ငံကစားသမား ဘဝကနေအနားယူခဲ့ပေမယ့် ၂၀၁၃ခုနှစ်မှာတော့ အသင်းမှာ ပြန်လည်ပါဝင်ကစားခဲ့ပါတယ်။ ဒါပေမယ့် သူဟာအမေရိကန်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲမှာတော့ ၅၉မိနစ်မှသာ လူစားလဲပါဝင်နိုင်ခဲ့ပါတယ်။

အဆိုပါပွဲမှာ ပွဲထွက်ကစားခွင့်မရရှိခဲ့ခြင်းနဲ့ ပတ်သက်ပြီးလည်း ပရင့်ဘိုတန်က “ကျွန်တော့်အနေနဲ့ အသင်းရဲ့ ပထမဦးဆုံးပွဲမှာ ပွဲထွက်ကစားသမားအဖြစ် ကစားခွင့်မရခဲ့တာကိုလည်း အံ့ဩမိပါတယ်။ ဒါပေမယ့် နည်းပြကတော့ သူ့ရဲ့အကြောင်းပြချက်နဲ့သူရှိမှာပါ။ ကျွန်တော်တို့အသင်းအနေနဲ့ အုပ်စုအဆင့် ဖြတ်ကျော်နိုင်ဖို့အတွက် နောက်ဆုံး လက်ကျန်နှစ်ပွဲကိုတော့ အကောင်းဆုံး အနိုင်ရရှိအောင် ကစားသွားမှာပါ”လို့လည်း ပြောဆိုခဲ့ပါတယ်။

■ အောင်က

အင်္ဂလန်တို့ အိမ်အပြန်

ပွဲချိန် ၈၅ မိနစ်မှာ ဥရုဂွေး တိုက်စစ်မှူး ဆွာရက်ဇ် ဒုတိယဂိုးသွင်းယူလိုက်တာဟာ အင်္ဂလန်အသင်းရဲ့ အိမ်ပြန်ဖို့အချက်ပေးသံဖြစ်ခဲ့ရပါတယ်။ အင်္ဂလန်ပရိသတ်တွေရဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမျှော်လင့်ချက်တွေလည်း ပျက်သုဉ်းခဲ့ရပါတယ်။

အုပ်စု(D)မှာ အီတလီကို ပထမပွဲစဉ်မှာ ရှုံးပြီး အခုဒုတိယပွဲစဉ်မှာ ဥရုဂွေးကိုလည်း ရှုံးခဲ့တာမို့ အင်္ဂလန်ရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် အုပ်စုပွဲနှစ်ပွဲစလုံး ရှုံးပြီး ပြိုင်ပွဲက ထွက်ခဲ့ရတာဟာ ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ပါတယ်။

ဒါ့အပြင် အင်္ဂလန်အသင်းဟာ ၁၉၈၂ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ အုပ်စုအဆင့်က ထွက်ခဲ့ရတာ ပထမဆုံးအကြိမ်ဖြစ်ပြီး ကမ္ဘာ့ဖလားသမိုင်းမှာတော့ အင်္ဂလန်အသင်းအုပ်စုအဆင့်က ထွက်ခဲ့ရတဲ့ လေးကြိမ်မြောက်လည်းဖြစ်ခဲ့ရပါတယ်။ အင်္ဂလန်အသင်းဟာ ၁၉၅၀၊ ၁၉၅၈၊ ၁၉၈၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ အုပ်စုအဆင့်ကနေ ထွက်ခွာခဲ့ရတာမို့ အခုဆိုရင် စတုတ္ထအကြိမ် ဖြစ်ခဲ့ပါတယ်။

အင်္ဂလန်အသင်းဟာ ကစားသမားကောင်းတွေရှိပေမယ့် စုဖွဲ့မှု၊ နေရာချမှု၊ နည်းဗျူဟာစတဲ့ အပိုင်းတွေမှာ အားနည်းချက်ရှိလို့ အခုလို အိမ်ပြန်ရကိန်းဆိုက်တာပါလို့ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ဝေဖန်နေပေမယ့် အင်္ဂလန်နည်းပြ ရွိုင်ဟော့ဆန်ကတော့ အင်္ဂလန်အသင်းနည်းပြအဖြစ်က နုတ်ထွက်မှာမဟုတ်ဘူးလို့ ဆိုပါတယ်။ ရွိုင်ဟော့ဆန်က ၂၀၁၂ ခုနှစ်ကတည်းက အင်္ဂလန်အသင်းကို ကိုင်တွယ်ခဲ့ပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာ ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပေမယ့် ဘရာဇီးမြေပေါ်မှာတော့ အခုတစ်ပွဲမှ အနိုင်မရဘဲဖြစ်နေပါတယ်။

အင်္ဂလန်တိုက်စစ်မှူး ရွန်းနေကတော့ ကမ္ဘာ့ဖလားပွဲမှာ ဂိုးဈေးဦးပေါက်ခဲ့ပေမယ့် အရာမထင်ဘဲ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် အင်္ဂလန်အသင်းအတွက် သွင်းဂိုး ၄၀ သွင်းယူပေးထားတဲ့ တိုက်စစ်မှူးမိုက်ကယ်အိုဝင်နဲ့ သွင်းဂိုးအရေအတွက် တူသွားခဲ့ပါတယ်။ ရွန်းနေအပါအဝင် အင်္ဂလန်ကစားသမားတွေကတော့ ရှုံးပွဲတွေအတွက် စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ကြပေမယ့် ရှုံးနိမ့်မှုကို စောဒကမတက်ခဲ့ကြပါဘူး။

အင်္ဂလန်ပရိသတ်တွေကတော့ လန်ဒန်မြို့၊ လီဗာပူးမြို့တို့ရဲ့ စားသောက်ဆိုင်အချို့မှာ အော်ဟစ်ဆူညံမှုတွေရှိခဲ့ပြီး ရမ်းကားမှုတွေရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အင်္ဂလန်နည်းပြ ရွိုင်ဟော့ဆန်နုတ်ထွက်ပေးဖို့လည်း အော်ဟစ်တောင်းဆိုခဲ့ကြတယ်လို့ ဆိုတာမို့ အင်္ဂလန်ဟာ ပွဲစဉ်တစ်ပွဲကစားပြီးရင် ပြန်ရမယ့် အခြေအနေကို လက်ခံရမယ်လို့ ဂျရတ်ကတော့ ပြောသွားပါတယ်။

ကိုဝ

ဂါနာနှင့်ပွဲတွင် အနိုင်ရရေးအတွက် ပေါ်တူဂီနှင့်ပွဲကို ပြန်သုံးသပ်ရမည်

ဂျာမနီအသင်း တိုက်စစ်မှူး ဂေါ့ဇီက ကမ္ဘာ့ဖလားအုပ်စု ဒုတိယပွဲစဉ်ဖြစ်သည့် ဂါနာနှင့်ပွဲတွင် ဂိုးသွင်းယူလိုသည်ဟု ပြောဆိုသွားသည်။ ဘိုင်ယန်မြူးနစ်အသင်း ကစားသမားဂေါ့ဇီသည် ဂျာမနီက ပေါ်တူဂီကို ၄-၀ ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင် ဂိုးသွင်းခွင့်တစ်ကြိမ်ရရှိခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲခဲ့ပေ။

အဖွင့်ပွဲစဉ်တွင် အမေရိကန်အသင်းကို ၂-၁ ဖြင့် ရှုံးနိမ့်ခဲ့သည့် ဂါနာအသင်းကို ကစားရခက်ခဲနိုင်သော်လည်း ဂေါ့ဇီအနေဖြင့် အဆိုပါဂါနာနှင့်ပွဲတွင် ဂိုးသွင်းယူလိုနေသည်။ ဂေါ့ဇီက “ပေါ်တူဂီနဲ့ပွဲမှာ ကျွန်တော်ဂိုးသွင်းခွင့် တစ်ကြိမ်ရခဲ့ပါတယ်။ ဒါပေမယ့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပါဘူး။ ခုချိန်မှာတော့ ဂါနာနဲ့ပွဲမှာ ဂိုးသွင်းယူချင်ပါတယ်။ ပထမပွဲမှာ ရှုံးနိမ့်ခဲ့တဲ့အတွက် အနိုင်ရရမယ်ဆိုတဲ့ ဖိအားတွေရှိနေတဲ့ ဂါနာနဲ့အသင်းကို ဂိုးသွင်းယူဖို့ကတော့ မလွယ်နိုင်ပါဘူး။ သူတို့အနေနဲ့ ဒီပွဲဟာ ရှုံးထွက်လိုဖြစ်နေသလို ကျွန်တော်တို့ကလည်း သုံးမှတ်အပြည့် ရယူသွားချင်ပါတယ်”ဟု ပြောသွားသည်။

ထို့အပြင် ဂျာမနီဂိုးသမား နူအာကလည်း ဂျာမနီအသင်းအနေဖြင့် ဂါနာနှင့်ပွဲအတွက် ပေါ်တူဂီကို ၄-၀ ဖြင့် အနိုင်ရခဲ့သည့် ပွဲအခြေအနေများကို ပြန်လည်သုံးသပ်သွားရမည်ဟု ပြောဆိုသွားခဲ့သလို အဆိုပါပွဲတွင် ဂျာမနီအသင်း ကံကောင်းနိုင်သည်ဟု ပြောသွားသည်။ ဂျာမနီအသင်းသည် ၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စုအဖွင့်ပွဲတွင် ဩစတြေးလျကို ၄-၀ ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲတွင် ဆာဗီးယားကို ၁-၀ ဖြင့် ရှုံးနိမ့်ခဲ့ပြီး နောက်ဆုံးပွဲစဉ်တွင် ဂါနာကို ၁ ဂိုးစီသရေရလဒ်ဖြင့်သာ ကစားနိုင်ခဲ့သည်။

ဖြိုးဒေါ်လာ

ကမ္ဘာ့ဖလားပွဲစဉ်များ

၂၂-၆-၂၀၁၄	၁း၃၀(နံနက်)	ဂျာမနီ - ဂါနာ
၂၂-၆-၂၀၁၄	၄း၃၀(နံနက်)	နိုင်ဂျီးရီးယား - ဘော့စနီးယား
၂၂-၆-၂၀၁၄	၁၀း၃၀(ည)	ဘယ်လ်ဂျီယံ - ရုရှား

တိုင်းတာမှုပေတံအောက်ကမှ

အထူးသဖြင့် သူတို့ပါဝင်တဲ့ အုပ်စုဟာ မချောင်ဘူးလို့ မပြောနိုင်ရင်တောင် မကျပ်ဘူးလို့ပြောရင်ရတယ်။ သဘောက သာမန်အုပ်စုမျိုး၊ အနည်းငယ်အားစိုက်လိုက်ရုံနဲ့ အုပ်စုက လွတ်နိုင်မယ့် အဝန်းအဝိုင်းမျိုး၊ အာဂျင်တီးနား၊ နိုင်ဂျီးရီးယား၊ အီရန်တို့နဲ့အတူ ကျရောက်နေမှုအရ သူတို့အတွက် သတိပြုယှဉ်ရမှာဆိုလို့ အာဂျင်တီးနားတစ်သင်းသာရှိတယ်လို့ တွက်ကြတယ်။ သူတို့မှာ ဇက်ကိုရှိတယ်။ အိုင်ဘီဆီဗစ်ရှိတယ်။ မီဆီမိုက်ရှိတယ်။ ပီဂျာနစ်ရှိတယ်။ ဘီဂိုဗစ်ရှိတယ်။ အဲဒီအစုအဖွဲ့အနေနဲ့ အာဂျင်တီးနားရဲ့ အစုအဖွဲ့ကို မယှဉ်နိုင်၊ မမီနိုင်ရင်တောင် နိုင်ဂျီးရီးယား၊ အီရန်တို့ထက်မနိမ့်ဘူးဆိုတာ ထက်တောင်ပိုပြောလို့ရတဲ့ အဆင့်ရှိတယ်လို့ တွက်ကြတယ်။ မြင်ကြတယ်။

ပြောရရင် သူတို့ဟာ အဖွင့်ပွဲစဉ်မှာ အုပ်စုတွင်း အဓိကပြိုင်ဘက်နဲ့ ရင်ဆိုင်ပြီးခဲ့ပြီ။ အဲဒီမှာ သူတို့ဟာ အာဂျင်တီးနားကို ခြေရည်တူဆိုတာ ထက်မက တုံ့ပြန်နိုင်ခဲ့တာ တွေ့ခဲ့ကြရပြီးပြီ။ ဒီလိုအား၊ ဒီလိုအရည်အသွေးအရ နောက်နှစ်ပွဲဖြစ်တဲ့ နိုင်ဂျီးရီးယား၊ အီရန်တို့ကို သူတို့ကျော်ဖြတ်နိုင်မယ်လို့ ယူဆကြသလို အဲဒီလိုယူဆမှုတွေရဲ့ နောက်ကွယ်မှာ ထင်သလို ဖြစ်လာပါ့မလားဆိုတဲ့ စောင့်ကြည့်မှုနဲ့ သံသယစိတ်တွေရှိတယ်။ အထူးသဖြင့် စောင့်ကြည့်ကြတယ်။ ဒါဟာ ဖိအားတစ်မျိုးလို့ ဆို ရင်လည်း မမှားဘူး။ စောင့်ကြည့်မှုများခြင်းဟာ စောင့်ကြည့်ခံရသူအတွက် ဖိအားပြင်းစေသလို လုပ်ရကိုင်ရလည်း ခက်စေတယ်ဆိုတော့။

သေချာတယ်။ ဒါကိုတွန်းလှန်နိုင်ပြီး သူတို့ရဲ့ဂုဏ်ကို သူတို့ ဘယ်အတိုင်းအတာအထိ ဆွဲမြှင့်နိုင်မလဲဆိုတာကို ဒုတိယပွဲဖြစ်တဲ့ နိုင်ဂျီးရီးယားနဲ့ပွဲမှာ သူတို့ကို စောင့်ကြည့်ရတော့မယ်။ ။

နိုင်ဂျီးရီးယားနှင့်ပွဲတွင် စပါဟစ်ပါဝင်နိုင်မည်

ဘော့စနီးယားအသင်း ခေါင်းဆောင် စပါဟစ်သည် နိုင်ဂျီးရီးယားနှင့်ကစားရမည့် အုပ်စုဒုတိယပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်ဖြစ်သည်ဟု လက်ထောက်နည်းပြ ဆရီဒိုဂျီဗစ်က ပြောသွားသည်။

စပါဟစ်သည် ကြာသပတေးနေ့တွင်ပြုလုပ်ခဲ့သည့် လေ့ကျင့်မှု အစီအစဉ်များတွင် ဘယ်ဘက်ဒူးဒဏ်ရာပြဿနာကြောင့် လေ့ကျင့်ရေးပြုလုပ်ခြင်းကို ရပ်နားခဲ့ရသည်။

သို့သော် ဘော့စနီးယားအသင်းလက်ထောက်နည်းပြ ဖြစ်သူ ဆရီဒိုဂျီဗစ်က “ကျွန်တော်တို့တွေဟာ စပါဟစ်ရဲ့ လုပ်နိုင်စွမ်းနဲ့အသင်းအတွက် အရေးပါမှုတွေကို သိရှိထားတာကြောင့် နိုင်ဂျီးရီးယားနဲ့ပွဲမှာ ပါဝင်နိုင်လိမ့်မယ်လို့ ယုံကြည်နေတာပါ”ဟု ပြောသွားသည်။

ထို့အပြင် အာဂျင်တီးနားအသင်းကို ၂-၁ ဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲတွင်လည်း ကြွက်သား ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့သည့်ဆာလီဟိုဗစ်မှာလည်း ကြံ့ခိုင်မှုပြည့်ဝခြင်း မရှိသေးသည့်အတွက် နိုင်ဂျီးရီးယားနှင့် ပွဲကိုလည်း ထပ်မံလွဲချော်မည် ဖြစ်သည်။

ထို့အပြင် ဘော့စနီးယားအသင်း၏ အဓိက ကွင်းလယ်ကစားသမားဖြစ်သည့် ပီဂျာနစ်ကလည်း နိုင်ဂျီးရီးယားပွဲနှင့်ပတ်သက်ပြီး “ကျွန်တော်တို့အသင်း အပေါ်ကို ယုံကြည်မှုရှိပါတယ်။ နိုင်ဂျီးရီးယားအသင်းအပေါ်ကို လေးစားမှုရှိတယ်ဆိုပေမယ့် ကျွန်တော်တို့အသင်းက သူတို့ထက်ပိုကောင်းတဲ့အသင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီပွဲကို အနိုင်ရသွားမှာပါ”ဟု ပြောသွားသည်။

နိုင်ဂျီးရီးယားနှင့် ဘော့စနီးယားတို့ကစားမည့် အဆိုပါပွဲစဉ်ကို နယူးဇီလန်လူမျိုး ကွင်းလယ်ဒိုင် ပီတာအိုလရီက တာဝန်ယူသွားမည် ဖြစ်သည်။

စပါဟစ်

ဖြိုးဒေါ်လာ

ကမ္ဘာ့ဖလားပြီးရင် အသင်းကနေထွက်ခွာမယ်လို့ ဆိုလိုက်တဲ့ အီရန်နည်းပြ ကားလို့စ်ကွီယာရော့စ်

အောင်က

အီရန်အသင်းရဲ့ နည်းပြကားလို့စ်ကွီယာရော့ဇ်ကတော့ ကမ္ဘာ့ဖလားပြီးနောက် အသင်းကနေထွက်ခွာဖို့အတွက် ရည်ရွယ်ထားတယ်လို့ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ နည်းပြ ကွီယာရော့ဇ်ဟာ အီရန်အသင်းနဲ့ လက်ရှိစာချုပ်သက်တမ်းကလည်း ယခုကမ္ဘာ့ဖလားအကုန်အထိပဲ ဖြစ်ပါတယ်။

ကွီယာရော့ဇ်ဟာ အီရန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် သူ့အား အသင်းကို ဆက်လက်ကိုင်တွယ်ဖို့အတွက် ကမ်းလှမ်းမှုတွေပြုလုပ်ခဲ့ပေမယ့် သူ့အနေနဲ့ အီရန်အသင်းအား ဆက်လက်ကိုင်တွယ်ရန် ဆန္ဒမရှိတော့တာကြောင့် အသင်းမှ ထွက်ခွာရန် စဉ်းစားခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ပြောဆိုခဲ့ပါတယ်။

ကွီယာရော့ဇ်သည် အီရန်အသင်းကို ၂၀၁၁ခုနှစ်ကစတင် ကိုင်တွယ်ခဲ့တာဖြစ်ပြီးအသင်းကို ကမ္ဘာ့ဖလားဝင်ခွင့်ရရှိဖို့အတွက် အကောင်းဆုံး ကိုင်တွယ်ပေးနိုင်ခဲ့တဲ့ ဝါရင့်နည်းပြတစ်ဦးလည်း ဖြစ်ပါတယ်။

အီရန်အသင်း နည်းပြကွီယာရော့ဇ်က “ကမ္ဘာ့ဖလားပြီးရင်တော့ ကျွန်တော်နဲ့ အီရန်အသင်းရဲ့ဆက်ဆံရေးဟာ ပြီးဆုံးသွားပြီလို့ဆိုနိုင်ပါတယ်။ အသင်းအနေနဲ့ ကျွန်တော့်ကို ဆက်လက်ရှိနေစေဖို့အတွက်တော့ ဆန္ဒရှိနေပါတယ်။ ဒါပေမယ့် အီရန်အသင်းကို အစိုးရကလည်းကောင်းမွန်စွာ အားပေးထောက်ခံမှုတွေတော့ မပေးထားပါဘူး။ ဒါ့အပြင် အီရန်အသင်းရဲ့ဘဏ္ဍာရေးအခြေအနေကလည်းမကောင်းပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ နောက်ထပ်ကောင်းမွန်တဲ့ အသင်းတစ်သင်းကို ကိုင်တွယ်သွားဖို့ ဆန္ဒရှိနေပါတယ်။ ကျွန်တော်ပြောချင်တာတွေကတော့ ဒါအကုန်ပါပဲ။ အခုလို အသင်းကနေထွက်ခွာဖို့ကိုလည်း အစောကြီးကတည်းက ဆုံးဖြတ်ထားခဲ့တာပါ” လို့လည်း ပြောဆိုခဲ့ပါတယ်။

အီရန်အသင်းဟာ နိုင်ဂျီးရီးယားအသင်းနဲ့ စတင်ကစားခဲ့တဲ့ ပထမဦးဆုံးပွဲမှာတော့ သရေကျခဲ့တာကြောင့် အုပ်စုအဆင့်ကို ဖြတ်ကျော်နိုင်ဖို့အတွက် မျှော်လင့်ချက်ရှိနေပေမယ့် ဒုတိယပွဲအနေနဲ့ ဗိုလ်စွဲနိုင်ဖို့အတွက် ရေပန်းစားနေတဲ့ တိုက်စစ်မှူး မက်ဆီတို့ရဲ့ အာဂျင်တီးနားအသင်းနဲ့ တွေ့ဆုံရမှာလည်း ဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းနဲ့ ကစားရမယ့်ပွဲအခြေအနေနဲ့ပတ်သက်ပြီး အီရန် နည်းပြကွီယာရော့ဇ်က “အာဂျင်တီးနားအသင်းဟာ ကမ္ဘာ့အကောင်းဆုံး ထိပ်တန်းအသင်းကြီးငါးသင်းထဲကတစ်သင်းလို့ ဆိုရမှာပါ။ ဒါကြောင့် အာဂျင်တီးနားလို အသင်းတစ်သင်းကိုယှဉ်ပြိုင်နိုင်ဖို့ကတော့ အလွန်ကို ခက်ခဲတယ်လို့ ပြောရမှာပါ။ ဒါပေမယ့် အခုအချိန်မှာတော့ အသင်းရဲ့ကစားသမားတွေကို ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ အကောင်းဆုံးပြင်ဆင်မှုတွေ ပြုလုပ်ပေးထားပါတယ်” လို့လည်း ပြောဆိုခဲ့ပါတယ်။

ကားလို့စ်ကွီယာရော့ဇ်

တိုင်းတာမှုပေတံအောက်က ဘော့စနီးယား

ဝေမိုးဆက်

ဘော့စနီးယား။ အမည်နာမအရတော့ ပရိသတ်နည်းနည်းစိမ်းမယ်။ ဒါပေမယ့် သူတို့မှာကလည်း စိတ်ဝင်စားဖို့ကောင်းတဲ့ အခြေခံအကြောင်းအချက်တချို့ရှိတယ်။ အထူးသဖြင့် ဘော့စနီးယားဟာ ဒီနှစ်မှာ ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဝင်ခွင့်ရလာတဲ့အသင်း။ အဲဒီအတွက် သူတို့မှာ ဖိအားမရှိဘူး။ ရှုံးမှာ၊ အမှတ်ရမှာ ပူစရာမလိုဘူးလို့တော့ မထင်လိုက်နဲ့။ သူတို့ဟာ အယ်ဂျီးရီးယားနဲ့ မတူဘူး။ ကော်စတာရီကာလိုမဟုတ်ဘူး။ ပြောရရင် သူတို့မှာ တိုင်းတာမှုပေတံရှိတယ်။ သူတို့မှာ မျက်ဝန်းများစွာနဲ့ စောင့်ကြည့်မှုရှိတယ်။ အဲဒီအတွက် သူတို့မှာ လုပ်ပြနိုင်တာထက်ပိုအောင် လုပ်ပြဖို့လိုတယ်။

တကယ်တော့သူတို့ဟာ ယူဂိုဆလားဗီးယားပြည်ထောင်စုကနေ ခွဲထွက်လာတဲ့အသင်း။ သူတို့အရင် သီးခြားရပ်တည်ခဲ့တဲ့သူတွေရှိသလို သူတို့နောက်မှ သီးခြားရပ်တည်ခဲ့သူတွေလည်းရှိပေမယ့် အဲဒီလို ခွဲထွက်လာသူအချင်းချင်းကြားမှာတောင် သူတို့က အောင်မြင်မှုအရနောက်ကျတယ်။ သူတို့ဟာ ဝင်ဆံ့မှုအရာမှာ နိမ့်ပါတယ်။ အဲဒီအတွက် သူတို့ကို အဓိကထား စောင့်ကြည့်မှုတွေရှိသလို သူတို့ကို တိုင်းတာမယ့်ပေတံတွေရှိတယ်။

အထူးသဖြင့် သူတို့လိုပဲ ယူဂိုဆလားဗီးယားကနေ ခွဲထွက်လာကြတဲ့အထဲမှာ ခရိုအေးရှားပါတယ်။ ဆာဗီးယားပါတယ်။ စလိုဗေးနီးယားပါတယ်။ အဲဒီအထဲမှာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရမှုမှာ သူတို့နောက်အကျဆုံး။ အခုအချိန်အထိ ခြေစစ်ပွဲမအောင်သေးတဲ့ မွန်တီနီဂရိုးကို လက်ညှိုးထိုးပြစရာရှိပေမယ့် တန်းတူရည်တူ အဝန်းအဝိုင်းအတွင်းမှာဆိုရင် သူတို့ဟာ အားလုံးထက် ခြေတစ်လှမ်းလောက်တော့ အနိမ့်ဆုံး နောက်ကျနေတယ်လို့ပြောရင် လွန်မလား။ ခရိုအေးရှားဆိုရင် ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲကတည်းက ခြေစစ်ပွဲအောင်တာ။ အဲဒီတုန်းကဆိုရင် ခရိုအေးရှားဟာ ခြေစစ်ပွဲအောင်ရုံတင်မဟုတ်ဘူး။ တတိယဆုပါ တက်ယူပြခဲ့သေးတယ်။ စလိုဗေးနီးယားဆိုရင်လည်း ၂၀၀၂ ကမ္ဘာ့ဖလားနဲ့ ၂၀၁၀ ကမ္ဘာ့ဖလားတို့မှာ ခြေစစ်ပွဲအောင်တယ်။ ပြောရရင် အဲဒီခရိုအေးရှားနဲ့ စလိုဗေးနီးယားတို့က သူတို့ထက်စောတယ်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဝင်နိုင်ငံဖြစ်ခဲ့တာကိုက ၁၉၉၁ ခုနှစ်ကတည်းက။ သူတို့ကျတော့ ၁၉၉၆ ခုနှစ်ကျမှ ဖီဖာအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့တာ။ အဲဒါကြောင့် သူတို့ ထက်စောတဲ့ ခရိုအေးရှားနဲ့ စလိုဗေးနီးယားတို့ အနေနဲ့ သူတို့ထက်အရင် ကမ္ဘာ့ဘောလုံးလောကမှာ ဝင်ဆံ့နိုင်ခြင်းဟာ အပြစ်တစ်ခုလို့ မပြောနိုင်ပေမယ့် ဆာဗီးယားကျတော့ ဖီဖာအဖွဲ့ဝင် နိုင်ငံဖြစ်တာကိုက သူတို့ထက် နောက်ကျပေမယ့် ကမ္ဘာ့ဖလားအထိ ထိုးဖောက်ဝင်ရောက်နိုင်အားမှာကျတော့ ဆာဗီးယားက သူတို့ထက်စောတယ်။ ဆာဗီးယားက ပြီးခဲ့တဲ့ ၂၀၁၀ တုန်းက ခြေစစ်ပွဲအောင်ခဲ့တာဖြစ်ပြီး သူတို့က အခုမှ ပထမဆုံးအကြိမ် ဝင်ခွင့်ရတာ။

ဒါကြောင့် အဲဒီအတွက် သူတို့အပေါ်မှာတိုင်းတာမှုပေတံကြီးကြီး ရှိကိုရှိတယ်။ သူတို့ ဘယ်လောက်လုပ်ပြနိုင်မလဲ။ သူတို့အနေနဲ့ နောက်ကျခဲ့တဲ့ခြေလှမ်းနဲ့ ထိုက်တန်အောင် ဘယ်အတိုင်းအတာအထိ လုပ်ပြနိုင်မလဲဆိုတာကိုပါ စောင့်ကြည့်မှုတွေရှိတယ်။ ထူးထူးထွေထွေပြောရရင် အဲဒီ ယူဂိုဆလားဗီးယားကနေ ပွဲထွက်လာတဲ့အသင်းတွေအနက် ကမ္ဘာ့အဆင့်အထိ ထိုးဝင်နိုင်သူတွေရှိတာ မှန်ပေမယ့် ထိရောက်တဲ့ အောင်ပွဲယူနိုင်တာဆိုလို့ ခရိုအေးရှားတစ်သင်းပဲရှိတယ်။ ဒါတောင် ခရိုအေးရှားက စတင်ပြိုင်ပွဲဝင်ခွင့်ရတဲ့ ၁၉၉၈ မှာပဲ အောင်မြင်တာ။ အဲဒီနှစ်မှာ တတိယရခဲ့တဲ့အထိ ခြေစွမ်းပြနိုင်ပေမယ့် နောက်အကြိမ်တွေမှာကျတော့ အုပ်စုကို မကျော်နိုင်တော့ဘူး။ အဲဒီလိုပဲ ၂၀၀၂ နဲ့ ၂၀၁၀ တို့မှာ ခြေစစ်ပွဲအောင်တဲ့ စလိုဗေးနီးယားဟာလည်း အဲဒီနှစ်ကြိမ်စလုံးမှာ အုပ်စုကထွက်ရတယ်။ ၂၀၁၀ မှာ ခြေစစ်ပွဲအောင်တဲ့ ဆာဗီးယားဟာလည်း အဲဒီနှစ်မှာ အုပ်စုကိုမကျော်နိုင်ဘူး။ ဒီတော့ ဒီတစ်ကြိမ်မှာ အားလုံးထက် နောက်ကျခဲ့တဲ့ သူတို့အနေနဲ့ ခရိုအေးရှားကို မမီရင်တောင် စလိုဗေးနီးယားနဲ့ ဆာဗီးယားတို့ထက်သာအောင် ဆောင်ရွက်နိုင်ပါ့မလား။ စောင့်ကြည့်ကြတယ်။ ဒီလိုဆောင်ရွက်နိုင်ပါမှလည်း သူတို့အတွက် သိက္ခာရှိမယ်လို့ မြင်ကြတယ်။

စာမျက်နှာ ၃ သို့

စုစုအေးအောင်
ဝမ်းမှန် အကြောင်ပြေဆေး
Ph: 01 667093 Ph: 09 421014909 TMR +011758 (1215)